# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၇၈ ခုနှစ် နတ်တော်လဆန်း ၉ ရက်၊ ကြာသပတေးနေ့။ Thursday, 8 December 2016 (၈၇၆၉)

**လောကကိုထွန်းလင်းတောက်ပ**

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှ လွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

## ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်မည်

စာမျက်နှာ - ၃

## ပဲခူးမြစ်ကူးတံတား (သန်လျင်တံတားအမှတ်-၃) စီမံကိန်းဆောင်ရွက်ရန် ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ ချေးငွေချေးယူရေးကိစ္စနှင့် စပ်လျဉ်း၍ ဆွေးနွေး

စာမျက်နှာ - ၅

## စကားလုံးတိုင်းကို တုံ့ပြန်ဖို့မလို၊ ငုံ့ခံဖို့လည်း မလို

စာမျက်နှာ - ၆

## လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးလျက်ရှိသည့် နိုင်ငံတကာအဖွဲ့ အစည်းများ နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခများ လျော့နည်းစေရန် ဆောင်ရွက်ပေးကြရန်လို

စာမျက်နှာ - ၈

# မြန်မာနိုင်ငံကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ



**နိုင်ငံတော်သမ္မတ ဦးထင်ကျော် မြန်မာနိုင်ငံကြက်ခြေနီအသင်းအား အလှူငွေ ပေးအပ်လှူဒါန်းစဉ်။** (ဓာတ်ပုံ - နိုင်ငံတော်သမ္မတရုံး)

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံကြက်ခြေနီအသင်းနာယက နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခဒေါက်တာမြသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ အသင်း၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး နိုင်ငံတော်သမ္မတက လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ်ဝင်ရောက်ပြီး အလှူငွေကျပ် တစ်သိန်း ပေးအပ်လှူဒါန်းသည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေး တက်ရောက်သည်။

၂၀၁၅ ခုနှစ် မြန်မာနိုင်ငံကြက်ခြေနီအသင်း ဥပဒေ ပုဒ်မ ၄ အရ နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏နာယကဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

KBZ BANK
STRENGTH OF MYANMAR
သဒ္ဒါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

ကြေးမုံ

# သူတို့၏ အသက်အန္တရာယ်ကို ကာကွယ်ပေးမည်ဆိုသော ကျားများ

အာဆီယံအဖွဲ့သည် မူဝါဒတစ်ရပ်ချမှတ်ရာ၌ အပြန်အလှန် အကြေအလည် ညှိနှိုင်းပြီးမှသာ ချမှတ်လေ့ရှိပါသည်။ သို့ဖြစ်ပါ၍ အာဆီယံအဖွဲ့သည် မူဝါဒတစ်ရပ်ချမှတ်ရန် အချိန်ယူရလေ့ရှိသော်လည်း ချမှတ်ပြီးသောမူဝါဒနှင့် ပတ်သက်၍မူ တစ်စုံတစ်ရာအငြင်းပွားရန် အကြောင်းမရှိပါ။ ဤအာဆီယံ၏ ထုံးတမ်းစဉ်လာ မူဝါဒကိုဆန့်ကျင်၍ မြန်မာနိုင်ငံအရေးအပေါ် မလေးရှား ဝန်ကြီးချုပ် နာဂျစ်ရာဇတ်သည် သံတမန်နည်းအရ ဖြေရှင်းဆောင်ရွက်ရမည့်အစား ကိုယ်တိုင်ဆန္ဒပြသည့် နည်းလမ်းကို ရွေးချယ်ခဲ့ပါသည်။ မလေးရှားနိုင်ငံ၏ အစဉ်အလာကြီးမားသော ခေါင်းဆောင်ဖြစ်သည့် ဝန်ကြီးချုပ်ဟောင်း ဒေါက်တာ မဟာသီမိုဟာမက်က မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆန္ဒပြသည့်နည်းလမ်းကို အဘယ်ကြောင့်သုံးသနည်းဟု မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်အပေါ် မေးခွန်းထုတ်ခဲ့ခြင်းက မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်၏ လုပ်ဆောင်ချက်များ နည်းမှန်လမ်းမှန် မဟုတ်သည်ကို ထင်ရှားစွာဖော်ပြနေပါသည်။ ဤနည်းမှန်လမ်းမှန်မဟုတ်သော နည်းလမ်းကို မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ဘာကြောင့်အသုံးပြုသည်ဆိုသည်ကို တစ်ကမ္ဘာလုံးက သိရှိပြီးဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် မိမိနိုင်ငံအတွင်းသို့ နိုင်ငံခြားသားတရားမဝင် ဝင်ရောက်လာသည်ကို လက်ခံကြိုဆိုသော နိုင်ငံဟူ၍ မရှိနိုင်ပါ။ မိမိနိုင်ငံအတွင်းသို့ နိုင်ငံခြားသားများ တရားဝင်ဝင်ရောက်မှုကိုပင် အဆမတန်များပြားသည်ဟု ယူဆသောကြောင့် ဗြိတိန်လူထုက ဥရောပသမဂ္ဂမှ ဗြိတိန်ခွဲထွက်ရေးကို လူထုဆန္ဒခံယူပွဲ၌ ရွေးချယ်ခဲ့ခြင်းဖြစ်ပါသည်။ အမေရိကန်သမ္မတသစ်အဖြစ် ရွေးချယ်တင်မြှောက်ထားခံရသော ဒေါ်နယ်ထရန့်က အမေရိကန်နိုင်ငံထဲ တရားမဝင်ရောက်ရှိပြီးဖြစ်သော သန်းနှင့်ချီသည့် မက္ကဆီကို လူမျိုးများကို ဖမ်းဆီးနှင်ထုတ်မည်ဟု ပြောဆိုစီစဉ်ဆောင်ရွက်နေပါသည်။ ဒေါ်နယ်ထရန့်၏ ဤလုပ်ဆောင်ချက်အပေါ် ရခိုင်ပြည်နယ်ပြဿနာကဲ့သို့ မည်သည့်ကမ္ဘာ့နိုင်ငံသားကမှ လူ့အခွင့်အရေးချိုးဖောက်နေသည်ဟု ရေးကြီးခွင်ကျယ် ပြောဆိုကန့်ကွက် ရှုတ်ချခြင်းမရှိပါ။ မြန်မာနိုင်ငံ၏ အစိုးရအဆက်ဆက်သည် နိုင်ငံခြားနွယ်ဖွား ဖြစ်စေကာမူ တိုင်းပြည်အတွင်း၌ နှစ်ပေါင်းများစွာ အခြေစိုက်နေထိုင်ခဲ့ပါက ဥပဒေနှင့်အညီ နိုင်ငံသားဖြစ်ခွင့်ပေးမည်ဟု မူဝါဒချမှတ်ထားသကဲ့သို့ လက်တွေ့လည်း စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။ မြန်မာနိုင်ငံ၏ လူထုအစိုးရသစ်သည်လည်း သမိုင်းအစဉ်အဆက် ကျင့်သုံးခဲ့သောအဆိုပါမူဝါဒကိုပင် ကျင့်သုံးနေခြင်းဖြစ်၍ တစ်စုံတစ်ရာ မှားယွင်းနေသည်ဟု ပြောဆိုရန်အကြောင်းမရှိပါ။

မြန်မာနိုင်ငံသည် ရှေးမြန်မာဘုရင်များလက်ထက်ကပင် နိုင်ငံအတွင်း အခြေချနေထိုင်သူများကို လွတ်လပ်စွာယုံကြည်ကိုးကွယ်ခွင့်ပြုခဲ့သော နိုင်ငံဖြစ်ပါသည်။ ထူးခြားသော သမိုင်းဖြစ်စဉ်များအရ တချို့သောအင်အားစုတို့၏ သွေးထိုးလှုံ့ဆော်မှုများကြောင့်သာ ကိုးကွယ်ယုံကြည်ရာ ဘာသာမတူညီသော နိုင်ငံသူနိုင်ငံသားတို့ကြား ပဋိပက္ခဖြစ်ပွားခဲ့သည်မှလွဲ၍ ပုံမှန်အားဖြင့် ကိုးကွယ်ယုံကြည်ရာဘာသာမတူညီသော မြန်မာနိုင်ငံသူ နိုင်ငံသားတို့ကြား၌ သမိုင်းအစဉ်အဆက် ငြိမ်းငြိမ်းချမ်းချမ်း အတူယှဉ်တွဲ နေထိုင်ခဲ့သည်သာဖြစ်သည်။ ပစ္စုပ္ပန်ကာလ၌ ရခိုင်ပြည်နယ်မှလွဲ၍ ဘာသာလူမျိုးမတူကွဲပြားသော နိုင်ငံသူနိုင်ငံသားများကြား၌ ငြိမ်းငြိမ်းချမ်းချမ်းယှဉ်တွဲနေထိုင်၍ ပုံမှန်အတိုင်း လှုပ်ရှားသွားလာလုပ်ကိုင်နေကြသည်မှာ အထင်အရှားမြင်တွေ့နေရသော အချက်ဖြစ်ပါသည်။ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဤကဲ့သို့သော တည်ငြိမ်မှုကို မြင်တွေ့ရပါလျက် ကသောင်းကနင်းဖြစ်နေပါသည်ဟု ပြောဆိုမှုများသည် မရိုးသားသော နိုင်ငံရေးသွေးထိုးလှုံ့ဆော်မှုများသာ ဖြစ်ပါသည်။ ရခိုင်ပြည်နယ်၌ ပြဿနာရှိနေခြင်းသည်ပင် ပုံမှန်လှုပ်ရှားလုပ်ကိုင်နေကြသော နိုင်ငံသူနိုင်ငံသားတို့ကြား၌ ဖြစ်ပွားခြင်းမျိုး မဟုတ်ပါ။ သွေးထိုးလှုံ့ဆော်မှုများကြောင့်သာ ပြဿနာရှိနေသယောင် ဖြစ်ပွားနေခြင်းဖြစ်ပါသည်။

ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ကိုယ်တိုင် ဥက္ကဋ္ဌအဖြစ် ဦးစီးဆောင်ရွက်လျက်ရှိသော အကြံပေးကော်မရှင်၏ အစီရင်ခံစာ ထုတ်ဖော်သည်အထိ မည်ကဲ့သို့သောအကြောင်းတရားကြောင့် မစောင့်ဆိုင်းနိုင်ရပါသနည်း။ သမိုင်းနှင့်ချီ၍ အမြစ်တွယ်လာသော ပြဿနာတစ်ရပ်ကို ချက်ချင်းလက်ငင်းဖြေရှင်းနိုင်သော နိုင်ငံဟူ၍ မရှိနိုင်သည်ကိုသိပါလျက် အဘယ်ကြောင့် မြန်မာနိုင်ငံအား ချက်ချင်းလက်ငင်းဖြေရှင်းပေးပါရန် တောင်းဆိုနေရပါသနည်း။ ရခိုင်ပြည်နယ်ကိစ္စ၌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း မစ္စတာကိုဖီအာနန်ကိုယ်တိုင် ပါဝင်နေခြင်းသည်ပင် လူထုအစိုးရသစ်က နိုင်ငံတကာအား တရားမျှတမှု ရှိစေရပါမည်ဟု အာမခံကတိပေးထားခြင်းဖြစ်ပါသည်။ လူထုအစိုးရသစ်က ဤမျှလုပ်သင့်လုပ်ထိုက်သော ကိစ္စရပ်များဆောင်ရွက်ထားပါလျက် နိုင်ငံရေးအရ ဝေဖန်တိုက်ခိုက်နေသူများသည် သူတို့၏ အသက်အန္တရာယ်ကို ကာကွယ်စောင့်ရှောက်ပေးမည်ဟု လေလုံးထွားနေသော ကျားများသာ ဖြစ်ပါသည်။ ။

# မြန်မာ့အကောင်းဆုံး မွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာ ကုန်စည်ပြပွဲကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၏ ပံ့ပိုးကူညီမှုနှင့် မြန်မာ့အကောင်းဆုံးမွေးမြူရေးလုပ်ငန်း၊ တိရစ္ဆာန်အစာ၊ ဆေးဝါးနှင့် စိုက်ပျိုးရေးလုပ်ငန်းများဆိုင်ရာ နိုင်ငံတကာကုန်စည်ပြပွဲဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ပြီး ဖွင့်လှစ်ပေးခဲ့သည်။

ယင်းနိုင်ငံတကာ ကုန်စည်ပြပွဲတွင် အမေရိကန်၊ ပြင်သစ်၊ အီတလီ၊ ဂျာမနီ၊ နယ်သာလန်၊ အိန္ဒိယ၊ တရုတ်၊ ဗီယက်နမ်၊ ကိုရီးယားနှင့် အခြားသော နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကုမ္ပဏီပေါင်း ၂၀၀ ကျော်က မွေးမြူရေးလုပ်ငန်းသုံးပစ္စည်းများ၊ တိရစ္ဆာန်အစာနှင့် အစေ့အဆန် အခြောက်ခံစက်များ၊ သိုလှောင်စက်များ၊ တိရစ္ဆာန်ဆေးဝါးနှင့် အစာကြိတ်စက်များ၊ အစာထုတ်လုပ်ရာတွင် လိုအပ်သည့် ပစ္စည်းများနှင့် အခြားသော ထုတ်ကုန်မျိုးစုံတို့ကို ပါဝင်ပြသသွားမည်ဖြစ်သည်။



အဆိုပါနိုင်ငံတကာကုန်စည်ပြပွဲကို AMB Tarsus Events Group က စီစဉ်ကျင်းပခြင်းဖြစ်ပြီး ဒီဇင်ဘာ ၇ ရက်မှ ၉ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ဖွင့်လှစ်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**(ခင်မောင်ချို)**



# မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်း နည်းပညာအသုံးချသင်တန်းဖွင့်

**ပျော်ဘွယ် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စူးစမ်းလေ့လာရေးဌာနခွဲ၏ မြေပြင်တိုင်းတာခြင်းနှင့်မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းအမှတ်(၁) ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့် မြေတိုင်းပညာရပ်လေ့ကျင့်ရေး သင်တန်းကျောင်း၌ ဖွင့်လှစ်သည်။

ရှေးဦးစွာ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(အထက်မြန်မာပြည်) ဦးစိုးမြင့်ထွန်းက ယနေ့ကျင်းပသည့် သင်တန်းသည် မိမိတို့သက်ဆိုင်ရာဘာသာရပ်များကို ပိုမိုကျွမ်းကျင်မှုရှိစေရန်ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ကြောင်း၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ခေတ်မီမြေတိုင်းတာစက်များ အသုံးပြုပြီး ကျွမ်းကျင်သူများနှင့်ပူးပေါင်းကာ ပို့ချပေးမည်ဖြစ်ကြောင်း၊ ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကိုအသုံးချပြီး မိမိဌာနအကျိုး၊ တိုင်းပြည်အကျိုးရှိစေရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

အဆိုပါသင်တန်းအား ရက်သတ္တသုံးပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဒုတိယလက်ထောက်ဦးစီးမှူး(မြို့ပြ)၊ လက်ထောက်ဦးစီးမှူး(မြို့ပြ)၊ ဒုတိယဦးစီးမှူး(မြို့ပြ) တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း ၃၀ အား ခေတ်မီမြေတိုင်းကိရိယာများဖြစ်သော Auto Level, Nikon Total Station များအသုံးပြု၍ Suntac ကုမ္ပဏီမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဌာနမှအတွေ့အကြုံရှိသည့် တိုင်းတာရေးဝန်ထမ်းများက စာတွေ့လက်တွေ့ပို့ချကာ ကွန်တိုမြေပုံတစ်ခု လက်တွေ့တိုင်းတာထုတ်လုပ်နိုင်သည်အထိ သင်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

၀၀

# တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချခြင်းမရှိစေရေး ကွင်းဆင်းစစ်ဆေး

**ပလောက် ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ပလောက်မြို့တွင် တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချခြင်း မရှိစေရေးအတွက် ပလောက်မြို့ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနမှ အုပ်ချုပ်ရေးမှူး ဦးမျိုးဝေ၊ ပလောက်မြို့ စည်ပင်သာယာရေးအဖွဲ့ တာဝန်ခံ ဦးမျိုးဝင်းလှိုင်၊ မီးသတ်ဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးသန်းဇော်ထွန်း၊ ရဲတပ်ဖွဲ့ဝင်များနှင့်အဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းက ပလောက်မြို့ပေါ်၌ ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါစစ်ဆေးရာတွင် တာဝန်ရှိသူများက ရောင်းချသူများအနေဖြင့် တရားမဝင်စက်သုံးဆီများ ဆက်လက်သိုလှောင်ရောင်းချခြင်းမပြုရန်အတွက် အသိပညာပေးခြင်း၊ စက်သုံးဆီများ သိုလှောင်ရောင်းချရာတွင် မလိုလားအပ်သော မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် အသိပညာပေးရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဇင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ Mirror
၁၉၅၇ ခုနှစ် ဘီ တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

# ဂျပန်ယန်း သန်း ၃၀၀ နှင့်ညီမျှသော အမေရိကန်ဒေါ်လာ ၂ ဒသမ ၉ သန်း ကူညီထောက်ပံ့ပေးမှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ ဂျပန်နိုင်ငံအစိုးရမှ ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သို့ မြန်မာနိုင်ငံ၏ Food Assistance Programme အနေဖြင့် ကူညီထောက်ပံ့ပေးမှုဆိုင်ရာ သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲအား ယနေ့နံနက် ၁၁ နာရီတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။




ရှေးဦးစွာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂုချီက ကူညီထောက်ပံ့ပေးမှုနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂုချီနှင့် ကုလသမဂ္ဂ ကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် WFP ၏ ဒုတိယဌာနေကိုယ်စားလှယ်တို့က ကူညီထောက်ပံ့ပေးမှုဆိုင်ရာ သဘောတူစာချုပ်၌ လက်မှတ်ရေးထိုး၍ အပြန်အလှန် လဲလှယ်ခဲ့ကြပြီး WFP ၏ ဒုတိယဌာနေ ကိုယ်စားလှယ်က စီမံကိန်းလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်က ကျေးဇူးတင်စကား ပြောကြားရာတွင် ဂျပန်နိုင်ငံအစိုးရအနေဖြင့် ကချင်ပြည်နယ်၊ မွန်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့၌ ကျောင်းနေအရွယ်ကလေးငယ်များ၊ HIV/TB ဝေဒနာရှင်များ၊ ပြည်သူလူထုအတွက် တတ်စွမ်းသရွေ့ ကူညီဆောင်ရွက်ပေးနေသူများ၊ စားနပ်ရိက္ခာနှင့် အာဟာရလိုအပ်လျက်ရှိသော ဒေသခံပြည်သူလူထုများ၊ ပညာရေးနှင့် ကျန်းမာရေးဆိုင်ရာနယ်ပယ်များတွင် အကျိုးပြုလုပ်ငန်း ဆောင်ရွက်ပေးနေသူများအတွက် စားနပ်ရိက္ခာနှင့် အာဟာရထောက်ပံ့ခြင်းလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) သို့ ဂျပန်ယန်း ၃၀၀၀၀၀၀၀၀ နှင့် ညီမျှသော အမေရိကန် ဒေါ်လာ ၂ ဒသမ ၉ သန်းအား ဂျပန်နိုင်ငံမှ ထောက်ပံ့ကူညီပေးသည့်အတွက် အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP) မှ ဒုတိယဌာနေကိုယ်စားလှယ် Ms. Naoe YAKIYA နှင့်တွေ့ဆုံ၍ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် WFP တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် စီမံကိန်းဆိုင်ရာကိစ္စရပ်များ၊ ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

## မြန်မာနိုင်ငံ ပြန်တမ်း

**ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါပုဂ္ဂိုလ်များကို ယင်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့် ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးခင်လတ်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>ပြည်ထောင်စုဝန်ကြီးရုံး<br>နိုင်ငံတော်သမ္မတရုံး |
| (၂) | ဦးကျော်ကျော်ဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးနှင့်လုံခြုံရေးဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |
| (၃) | ဦးဗရတ်ဆင်း<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံတော်သမ္မတရုံး | ညွှန်ကြားရေးမှူးချုပ်<br>စီးပွားရေးရာဌာနကြီး<br>နိုင်ငံတော်သမ္မတရုံး |

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား UNESCO အဖွဲ့ လာရောက်တွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်အား UNESCO - မြန်မာ၏ ဌာနေကိုယ်စားလှယ် Ms. Min Jeong Kim နှင့် အဖွဲ့သည် ယနေ့နံနက် ၁၀ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဝန်ကြီးဌာနအသီးသီးမှ သတင်းထုတ်ပြန်ရေးအရာရှိများနှင့်သက်ဆိုင်သော သင်တန်းများဖွင့်လှစ်ပို့ချရေး၊ သတင်းမီဒီယာဥပဒေနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်နိုင်ရေးနှင့် စာနယ်ဇင်းသမားများ၏ အရည်အသွေးတိုးတက်မြင့်မားရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများ ကျင်းပနိုင်ရေးတို့အပါအဝင် မြန်မာ့မီဒီယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်မည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**(သတင်းစဉ်)**

# ရန်ကုန်မြို့၏ ယာဉ်ကြောပိတ်ဆို့မှုပြဿနာ နည်းလမ်းပေါင်းစုံဖြင့် ဖြေရှင်းဆောင်ရွက်မည်

ရန်ကုန်မြို့တွင် ဖြစ်ပေါ်နေသည့် ယာဉ်ကြောပိတ်ဆို့ကျပ်တည်းမှုပြဿနာများကို နည်းလမ်းအမျိုးမျိုးဖြင့် ဖြေရှင်းဆောင်ရွက်မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့ထံမှ သိရသည်။

ရန်ကုန်မြို့တွင်း နေရာအနှံ့တွင် ဖြစ်ပေါ်နေသော ယာဉ်ကြောပိတ်ဆို့နေမှုများကို နည်းလမ်းအမျိုးမျိုးဖြင့် တစ်ပြိုင်တည်း ဖြေရှင်းဆောင်ရွက်နိုင်ရန် အရေးကြီးပြီး ပထမဆုံးအဆင့်အနေဖြင့် ဘတ်စ်ကားပြေးဆွဲမှုစနစ် ပြုပြင်ပြောင်းလဲရေးကို ဆောင်ရွက်နေပြီဖြစ်ကြောင်း သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့ထံမှ သိရသည်။ ဘတ်စ်ကားပြုပြင်ပြောင်းလဲရေးအတွက် အများပိုင်ယာဉ်လိုင်းများဖြင့် ပြေးဆွဲစေမည်ဖြစ်ပြီး ယာဉ်အိုယာဉ်ဟောင်းအပ်နှံလဲလှယ်ရေး အစီအစဉ်ကိုလည်း ဆောင်ရွက်ပေးနေသည်ဟု သိရသည်။ ဆက်လက်၍ မီးပွိုင့်စနစ်များကို ထိန်းချုပ်စနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပြီး စီစီတီဗွီကင်မရာများဖြင့် ထိန်းချုပ်ဆောင်ရွက်မှုကိုလည်း မကြာမီစတင်နိုင်မည်ဟု သိရသည်။

ယင်းအပြင် ယာဉ်ကြောကျပ်တည်းပိတ်ဆို့မှုကို ဖြေရှင်းသည့်အနေဖြင့် အများပြည်သူ သယ်ယူပို့ဆောင်ရေးစနစ်တွင် ရေလမ်းအသုံးပြု ဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်မြို့ရှိ မြစ်ချောင်းများအတွင်း ပြေးဆွဲမည့် water bus အစီအစဉ် စတင်နိုင်ရန်အတွက် တင်ဒါခေါ်ယူထားကြောင်း သိရသည်။ ယာဉ်ကြောပိတ်ဆို့စေမှုများတွင် အကြောင်းရင်းတစ်ခုအနေဖြင့် ပါဝင်နေသော စီးတီးတက္ကစီများ၏ အခန်းကဏ္ဍကို ဖြေရှင်းဆောင်ရွက်နိုင်ရန်အတွက် တက္ကစီရပ်နားစခန်းများ ဖော်ထုတ်ဆောက်လုပ်ကာ စနစ်တကျ ထိန်းချုပ်ဖြေရှင်းဆောင်ရွက်သွားမည်ဟု သယ်ယူပို့ဆောင်ရေးအာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

"အခုဆိုရင် ရန်ကုန်မြို့ရဲ့ လမ်းဘေးဈေးသည်ပြဿနာကို တဖြည်းဖြည်းချင်း ဖြေရှင်းနေတာ ရှိပါတယ်။ မြို့တော်စည်ပင်ရဲ့ အစီအစဉ်နဲ့ မြို့တွင်း၊ မြို့နယ်အတွင်းက လမ်းဘေးဈေးသည်တွေ ဈေးရောင်းချမှု စနစ်တကျဖြစ်စေဖို့ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ လမ်းပိတ်ဆို့မှုတွေမှာ လမ်းဘေးဈေးသည်တွေရဲ့ လမ်းပေါ်ရောင်းချမှုတွေကြောင့်လည်း ပါဝင်နေတာကို တွေ့ရမှာပါ။ ဒါကြောင့် အေးချမ်းစွာ ရောင်းချနိုင်တဲ့ နေရာတွေ ဖန်တီးပေးရင်း ယာဉ်ကြောရှင်းလင်းရေးကိုလည်း အထောက်အကူပြုအောင် ဆောင်ရွက်နေတာပါ။ အလားတူ အခြားမြို့နယ်တွေမှာလည်း တဖြည်းဖြည်း ဆောင်ရွက်သွားမှာပါ။ ဒါ့အပြင် အခုဆိုရင် water bus အတွက် တင်ဒါ ခေါ်ယူထားပါတယ်။ ရေလမ်းပို့ဆောင်ရေးအတွက်လည်း အကြိမ်ကြိမ် လေ့လာသုံးသပ်မှုတွေ လုပ်ထားပါတယ်။ အလားတူပဲ အများပိုင်ယာဉ်လိုင်းတွေ ဆောင်ရွက်ဖို့ကိစ္စကိုလည်း ဆောင်ရွက်နေပါတယ်။ ရန်ကုန်မှာ လူဦးရေ နှစ်သန်းခွဲကျော် သုံးသန်းနီးပါးက ဘတ်စ်ကားတွေကို အားထားစီးနင်းနေရတာပါ။ ဒီစနစ်ကို အများပြည်သူ ဗဟိုပြုတဲ့စနစ်ပြောင်းလဲဆောင်ရွက်နိုင်မယ်ဆိုရင် ယာဉ်ကြောပိတ်ဆို့မှုတွေ အထိုက်အလျောက် လျော့နည်းသွားမှာပါ။ နည်းလမ်းတစ်ခုတည်းနဲ့ ဖြေရှင်းသွားလို့မရဘဲ ဖြေရှင်းနိုင်မယ့် နည်းလမ်းပေါင်းစုံကို တစ်ပြိုင်တည်းဆောင်ရွက်သွားရမှာပါ။ အခုဆိုရင် မီးပွိုင့်စနစ်တွေလည်း ပြုပြင်ဆောင်ရွက်နေပါတယ်"ဟု ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးက သုံးသပ်ပြောကြားသည်။

ရန်ကုန်မြို့တော်၏ ယာဉ်ကြောကျပ်တည်းမှုပြဿနာကို ဖြေရှင်းဆောင်ရွက်ရန် နည်းလမ်း ရှစ်ခုဖြင့် ဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေးကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ဥက္ကဋ္ဌ ဒေါ်နီလာကျော်က ဒီဇင်ဘာ ၆ ရက်က ကျင်းပခဲ့သည့် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အများပြည်သူ သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှုအာဏာပိုင်အဖွဲ့အနေဖြင့် သယ်ယူပို့ဆောင်ရေးကဏ္ဍ ပြုပြင်ပြောင်းလဲဆောင်ရွက်မှုများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး အာဏာပိုင်အဖွဲ့ဥပဒေကို ရေးဆွဲပြဋ္ဌာန်းကာ မြို့ပြသယ်ယူပို့ဆောင်ရေးလုပ်ငန်းများကို ကွပ်ကဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ဝဝ၁)**

# ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေ ဂျပန်နိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဒီဇင်ဘာ ၇**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းဆွေသည် မြန်မာနိုင်ငံဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီး မစ္စတာ တာတရှိ ဟီဂုချီအား ယနေ့ နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ဂျပန်နိုင်ငံ၌ အလုပ်သင် အလုပ်သမားဥပဒေအသစ်ပြဋ္ဌာန်းပြီး၍ ဂျပန်နိုင်ငံသို့ မြန်မာအလုပ်သမားများ သင်တန်းသား အလုပ်သမားအဖြစ် သွားရောက်အလုပ်လုပ်ကိုင်နိုင်မှုအခြေအနေ၊ မြန်မာနိုင်ငံနှင့် ဂျပန်နိုင်ငံတို့အကြား အလုပ်သင် အလုပ်သမားစေလွှတ်မှု ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာ (Memorandum of Cooperation) လက်မှတ်ရေးထိုးရေးကိစ္စနှင့် ဥပဒေအရ မြန်မာအလုပ်သမားများအား ကာကွယ်စောင့်ရှောက်ပေးရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# စည်ပင်သာယာဥပဒေအားလုံး အသစ်ပြန်လည်ရေးဆွဲမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

YCDCနှင့် ပတ်သက်သည့် ၁၉၉၂ စည်ပင်သာယာဥပဒေအားလုံးကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က အသစ်ပြန်လည်ရေးဆွဲသွားမည်ဖြစ်ကြောင်း ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ရှိ တော်ဝင်ဂါးဒင်းဟိုတယ်၌ ပြုလုပ်သော တာဝန်သိခရီးသွားလုပ်ငန်း စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်တွင် ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားရေးလူမျိုးရာဝန်ကြီး ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

အဆိုပါပြန်လည်ရေးဆွဲမည့်အစီအစဉ်ကို နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က ဒီဇင်ဘာ ၁ ရက်တွင် စင်ကာပူနိုင်ငံသို့သွားသည့် ခရီးစဉ်အပြန်တွင် ဖြစ်လာသော ညွှန်ကြားချက်ဖြစ်ကြောင်း သိရသည်။

"မကြာခင် YCDC ရှိပြီးသား ဥပဒေ၊ နည်းဥပဒေအကုန်လုံးကို Reforms ပြန်လုပ်မှာလို့ စည်ပင်သာယာကော်မတီက အဖွဲ့စည်းထားတဲ့ department ၂၃ ခုကိုလည်း စနစ်တကျ Reforms ပြုလုပ်သွားမှာပါ။ ဒါက ကျွန်မတို့ရဲ့ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်ရဲ့ လမ်းညွှန်ချက်ဖြစ်ပါတယ်" ဟု ဒေါ်နော်ပန်းသဇ္ဇာမျိုးက ပြောသည်။

အဆိုပါပြုပြင်ရေးဆွဲမှုများ ပြုလုပ်ရန် စင်ကာပူအစိုးရ၏ ကူညီမှုဖြင့် ပညာရှင်အဖွဲ့များ ၂၀၁၇ ခုနှစ် ဇန်နဝါရီလပိုင်းတွင် ရောက်ရှိမည်ဖြစ်ပြီး ဖေဖော်ဝါရီလကုန်ပိုင်းတွင် လုပ်ဆောင်သွားရန် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့က စီစဉ်ထားကြောင်း သိရသည်။

YCDC ကိုပြုပြင်ပြောင်းလဲမှုများ လုပ်ခြင်းအားဖြင့် ဟိုတယ်ခရီးနှင့်ပတ်သက်သည့် ကဏ္ဍများ၊ ယာဉ်ကြောကျပ်တည်းမှုများ အစရှိသည့် အစစအရာရာကဏ္ဍပေါင်းစုံ ပြောင်းလဲမှုများ တွေ့မြင်ရမည်ဖြစ်ပြီး အသစ်ဖြစ်ပေါ်လာမည့် ဥပဒေအသစ်နှင့် ဖွဲ့စည်းပုံအသစ်အရ ၂၀၁၇ ခုနှစ်တွင် ပြောင်းလဲမှုများ ဖြစ်ပေါ်လာနိုင်ကြောင်း ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပန်သဇ္ဇာမျိုးက ပြောကြားသည်။ **(ဇာနည်မောင်)**

ဥပဒေဘောင်တွင်း
နေထိုင်ခြင်း
ဘေးကင်းရန်ကွာ
လွန်ချမ်းသာ

# အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်း အာချေးပြည်နယ်၌ အင်အားပြင်းငလျင်လှုပ်၊ လူ ၇၀ ထက် မနည်းသေဆုံး

**ဂျကာတာ ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ အနောက်ပိုင်း အာချေးပြည်နယ်တွင် ဒီဇင်ဘာ ၇ ရက်က ရစ်ချ်တာစကေး ၆ ဒသမ ၅ ရှိအင်အားပြင်းထန်သည့်မြေငလျင်လှုပ်ခဲ့ရာ လူ ၇၀ ထက်မနည်းသေဆုံးပြီး ၁၉၀ ခန့်ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ မြေငလျင်ကြောင့်ထိခိုက်ပျက်စီးမှု ကြီးမားစွာဖြစ်ပေါ်ရကြောင်း သဘာဝဘေး အန္တရာယ်ဆိုင်ရာ အေဂျင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြေအောက်ပိုင်းတိမ်သောနေရာမှ အင်အားပြင်းစွာမြေလှုပ်ရှားမှုကြောင့် ရာပေါင်းများစွာသော လူနေအိမ်များ၊ အဆောက်အအုံများ၊ လမ်းတံတားများကဲ့သို့သော အခြေခံအဆောက်အအုံများ ပျက်စီးခဲ့ရသည်ဟု ပြည်နယ်သဘာဝဘေးအန္တရာယ်အေဂျင်စီမှ ပြန်ကြားရေးအရာရှိ ဟီနီနာမိုင်နီက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ငလျင်ဘေးသင့်ရောက်မှုနှင့် ထိခိုက်ပျက်စီးမှုအများဆုံးဖြစ်ပွားသည့်ဒေသမှာ ပီနိုင်းဂျာယာခရိုင်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ငလျင်ဘေးသင့်ဒုက္ခသည်များအား ရှာဖွေရေးနှင့်ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ဆောင်နေပြီဖြစ်သည်။

ပီနိုင်းဂျာယာဒေသတွင်းရှိ အဆောက်အအုံနှင့်ဈေးများ၏အပြိုအပျက်များအောက်တွင် လူဒါဇင်များစွာ ပိတ်မိနေသည်ဟု ခရိုင်သဘာဝဘေးအေဂျင်စီ၏အကြီးအကဲက ဆင်ဟွာသို့ ပြောကြားသည်။

**ဆင်ဟွာ။**






# အမေရိကန်နှင့်ဂျပန်ကာကွယ်ရေးဝန်ကြီးနှစ်ဦးတို့ နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ တွေ့ဆုံဆွေးနွေး

**တိုကျိုတို ဒီဇင်ဘာ ၇**

အမေရိကန်သမ္မတလောင်း ဒေါ်နယ်ထရန့် သမ္မတရာထူးတာဝန်များကို စတင်မထမ်းဆောင်မီ ဂျပန်နှင့်အမေရိကန်ကာကွယ်ရေးဝန်ကြီးများက နှစ်နိုင်ငံလုံခြုံရေး မဟာမိတ်ဖက် ပူးပေါင်းဆောင်ရွက်မှု၏ အရေးပါမှုများကို ထပ်လောင်းသဘောတူညီခဲ့ကြသည်။

ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီ အီနန်ဒါနှင့် အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာတို့သည် ဂျပန်နိုင်ငံ တိုကျိုမြို့တွင် ဒီဇင်ဘာ ၇ ရက်က တွေ့ဆုံကာ အထက်ပါအကြောင်းကိစ္စများကို ဆွေးနွေးခဲ့ကြသည်။

ဂျပန်-အမေရိကန်မဟာမိတ်ဆက်ဆံရေးသည် အချိန်ကာလကြာလာသည်နှင့်အမျှ ပိုမိုခိုင်မာလျက်ရှိပြီး ဝန်ကြီးအက်ရှ်ကာတာ၏ခေါင်းဆောင်မှုသည်လည်း ပိုမိုအရေးပါလာသည့်အတွက် ဂျပန်နိုင်ငံအား ကူညီထောက်ပံ့မှုများ ဆက်လက်ပေးသွားရန် ဂျပန်ကာကွယ်ရေးဝန်ကြီး တိုမိုမီအီနန်ဒါက အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာအား တောင်းဆိုခဲ့သည်။

နှစ်နိုင်ငံမဟာမိတ်ဖွဲ့ခြင်းသည် အာရှ-ပစိဖိတ်ဒေသတည်ငြိမ်မှု၏ အခြေခံအုတ်မြစ် ဖြစ်သည်။ ဒေသတစ်ဝန်းတည်ငြိမ်အေးချမ်းမှုရလဒ်ကောင်းများ ထွက်ပေါ်စေရန် နှစ်နိုင်ငံမဟာမိတ်ဖွဲ့စည်းမှုကို ပိုမိုခိုင်မာမှုရှိရန် လိုအပ်ကြောင်း အမေရိကန်ကာကွယ်ရေးဝန်ကြီး အက်ရှ်ကာတာကပြောကြားခဲ့သည်။

ဒီဇင်ဘာ ၂၂ ရက်တွင် အိုကီနာဝါခရိုင်အတွင်းရှိ အမေရိကန်စစ်ရေးလေ့ကျင့်ရေးဒေသ၏ နယ်မြေတစ်ဝက်ခန့်ကို ဂျပန်နိုင်ငံအား ပြန်လည် ထိန်းချုပ်ခွင့်ပေးမည့်အရေးကို ဝန်ကြီးနှစ်ဦးက အတည်ပြုခဲ့သည်။

နှစ်နိုင်ငံလုံခြုံရေးဆိုင်ရာ သဘောတူစာချုပ်တွင် အိုကီနာဝါခရိုင်ရှိ စင်ကာကူကျွန်းများကိုလည်း လုံခြုံရေးဆောင်ရွက်ရန်ပါဝင်ကြောင်း ဝန်ကြီးနှစ်ဦးက ထပ်လောင်းအတည်ပြုခဲ့ကြသည်။

ယင်းကျွန်းများသည် ဂျပန်ရှေးအမွေအနှစ်နယ်မြေများဖြစ်သည်ဟု ဂျပန်အစိုးရက အခိုင်အမာဆိုသည်။ တရုတ်နှင့်တရုတ်(တိုင်ပေ)တို့ကလည်း ယင်းကျွန်းများကို ၎င်းတို့ ပိုင်ဆိုင်သည်ဟု ဆိုကြပြန်သည်။

**အင်န်အိတ်ချ်ကေ။**

# အိန္ဒိယသမ္မတ၏လေယာဉ် ဝေဟင်အတွင်း ကိုယ်ထည်စုတ်ပြဲမှုဖြစ်ပွား

**နယူးဒေလီ ဒီဇင်ဘာ ၇**

အိန္ဒိယသမ္မတ စီးနင်းလိုက်ပါသောလေယာဉ်သည်ဒီဇင်ဘာ ၆ ရက်က မြို့တော်နယူးဒေလီမှ နိုင်ငံတောင်ပိုင်း တမီနာဒူးလ်ပြည်နယ် ချန်နိုင်းမြို့သို့ ပျံသန်းစဉ်အတွင်း ဝေဟင်၌ ကိုယ်ထည်စုတ်ပြဲမှုဖြစ်ပွားခဲ့ကြောင်း၊ အိန္ဒိယသမ္မတသည် လေယာဉ်ပေါ်တွင်မုတ်ဆိတ်ရိတ်သန့်စင်နေချိန်တွင် ယင်းဖြစ်ရပ်ဖြစ်ပွားခြင်းဖြစ်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

တောင်ပိုင်းတမီနာဒူးလ်ပြည်နယ်မှ ကွယ်လွန်သွားသည့် ပြည်နယ်ဝန်ကြီးချုပ်အား ဂါရဝပြုနိုင်ရန် ခရီးသွားလာသည့်အိန္ဒိယသမ္မတအား အိန္ဒိယလေတပ်မှ လေယာဉ်တစ်စင်းဖြင့် တင်ဆောင်ကာ ပျံသန်းစဉ်အတွင်း ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ကိုယ်ထည်စုတ်ပြဲမှုဖြစ်ပေါ်သည့် လေယာဉ်သည် လမ်းတစ်ဝက်မှနေ၍ နယူးဒေလီသို့လှည့်ပြန်ကာ သမ္မတသည်အခြားမျိုးတူ လေယာဉ်တစ်စင်းဖြင့် ခရီးဆက်ခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။

ကွယ်လွန်သူတမီနာဒူးလ်ပြည်နယ်ဝန်ကြီးချုပ် ဂျေဂျဟာလာလီသာသည် အိန္ဒိယနိုင်ငံတွင် လူသိထင်ရှားမှုအရှိဆုံးနှင့် လေးစားခံရမှု အများဆုံး နိုင်ငံရေးသမားတစ်ဦးဖြစ်သည်။

၎င်းသည် ပြည်နယ်မြို့တော် ချန်နိုင်းရှိ ပုဂ္ဂလိကဆေးရုံတစ်ရုံတွင် ဒီဇင်ဘာ ၅ ရက် ည နှောင်းပိုင်း၌ ကွယ်လွန်သွားခဲ့သည်။ ကွယ်လွန်ချိန်တွင် အသက် (၆၈) နှစ်ရှိပြီဖြစ်သည်။

**ဆင်ဟွာ။**



# ရေလေး ၁၁ တန်ကို ပြည်ပသို့အီရန်တင်ပို့ဟု အိုင်အေအီးအေ သံတမန်တစ်ဦး အတည်ပြုပြောကြား

**ဗီယင်နာ ဒီဇင်ဘာ ၇**

အီရန်နိုင်ငံသည် ရေလေး ၁၁ တန်ကို ပြည်ပသို့တင်ပို့ခဲ့ကြောင်း၊ ယင်းတင်ပို့သည့်ပမာဏမှာ ယင်းနိုင်ငံနှင့် ကမ္ဘာ့အင်အားကြီးနိုင်ငံများအကြား ရရှိခဲ့သော သမိုင်းဝင်သဘောတူညီချက်ပါသတ်မှတ်ချက်ထက် ကျော်လွန်နေသောပမာဏဖြစ်ကြောင်း ကုလသမဂ္ဂနျူကလီးယားလေ့လာစောင့်ကြည့်ရေး အဖွဲ့အစည်းတစ်ရပ်၏ အစီရင်ခံစာကို ကိုးကားလျက် သံတမန်တစ်ဦးက ဒီဇင်ဘာ ၆ ရက်တွင် ပြောကြားသည်။

အီရန်နိုင်ငံ သိုလှောင်ထားနိုင်သော ရေလေး ပမာဏသတ်မှတ်ချက်ထက်ကျော်လွန်နေသဖြင့် ပြည်ပသို့ လွှဲပြောင်းတင်ပို့ခြင်း ဖြစ်ကြောင်း နိုင်ငံတကာအဏုမြူစွမ်းအင်အေဂျင်စီ(အိုင်အေအီးအေ)၏လျှို့ဝှက်အစီရင်ခံစာတစ်ရပ်ကို ကိုးကားလျက် သံတမန်တစ်ဦးက ပြောကြားသည်။

နျူကလီးယား ဓာတ်ပေါင်းဖိုတွင် အသုံးပြုသောရေလေးပမာဏ တန်ချိန် ၁၃၀ ထက်ကျော်လွန်ခြင်းမရှိရန် လွန်ခဲ့သည့်နှစ်က ရရှိခဲ့သောနျူကလီးယားသဘောတူညီချက်တွင် ဖော်ပြထားသည်။

ကန့်သတ်ချက်နှင့်အညီ ရေလေး ၁၁ တန်ကို အိုမန်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ဟု သတင်းများပေါ်ထွက်ခဲ့သည်။ သို့ရာတွင် မည်သည့်နိုင်ငံသို့ လွှဲပြောင်းပေးအပ်ခဲ့သည်ကို အဆိုပါသံတမန်က အတိအကျပြောကြားခြင်းမရှိပေ။

ပိုလျှံရေလေးကို လွှဲပြောင်းပေးခြင်းဖြင့် အီရန်နိုင်ငံနေဖြင့် ရေလေးတန်ချိန် ၁၃၀ အောက်သို့ လျှော့ချနိုင်ကြောင်း၊ ပိုလျှံရေလေးလွှဲပြောင်းပေးမှုကို နိုဝင်ဘာ ၁၉ ရက်က ပြုလုပ်ခဲ့သည်ဟု အီရန်နိုင်ငံက အိုင်အေအီးအေထံသို့အသိပေးခဲ့ကြောင်း အမည်မဖော်သူ သံတမန်က ပြောကြားသည်။

ပိုလျှံရေလေးကို နိုင်ငံခြားဝယ်ယူသူတစ်ဦးထံ လွှဲပြောင်းပေးရန် သဘောတူညီချက်တွင် ဖော်ပြထားသည်။

**ရိုက်တာ။**

# ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)စီမံကိန်းဆောင်ရွက်ရန် ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ ချေးငွေချေးယူရေးကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

မိမိတို့နိုင်ငံ၏ စီးပွားရေးသည် ဒေသတွင်းနိုင်ငံများနှင့် ဆက်စပ်ဆောင်ရွက်နိုင်မှုအပေါ် များစွာမူတည်ပါကြောင်း၊ သီလဝါအထူးစီးပွားရေးဇုန်မှ အရှေ့အနောက် စီးပွားရေးစင်္ကြံလမ်းမကြီးမှတစ်ဆင့် အာဆီယံနိုင်ငံများသို့ တိုက်ရိုက်ကူးသန်းသွားလာနိုင်မည်ဖြစ်သည့်အတွက် ယခုတံတားကြီးသည် နိုင်ငံတော်စီးပွားရေးဖွံ့ဖြိုးမှုအတွက် အရေးပါမည်ဖြစ်ပါကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ရှင်းလင်းဆွေးနွေးသည်။

ပြည်ထောင်စုလွှတ်တော် တတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် ကျင်းပရာ နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော ဆောက်လုပ်ရေးဝန်ကြီးဌာနအတွက် ပဲခူးမြစ်ကူးတံတား (သန်လျင်တံတား အမှတ်-၃)စီမံကိန်းဆောင်ရွက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ ချေးငွေချေးယူရေးကိစ္စနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ထိုသို့ ဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့် ပြည်ထောင်စုတစ်ဝန်းလုံးကို တစ်ပြေးညီ လမ်းပန်းဆက်သွယ်မှုကဏ္ဍ ဖွံ့ဖြိုးစေရန်အတွက် ကိုရီးယားနိုင်ငံ အကူအညီဖြင့် Arterial Road Network Master Plan ကို ရေးဆွဲထားပြီးဖြစ်ပါကြောင်း၊ ထို့ပြင် နိုင်ငံတော်တစ်ဝန်းလုံး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အခြေခံကောင်းများဖြစ်သည့် အထူးစီးပွားရေးဇုန်များအနက် ပထမဦးဆုံး အောင်မြင်စွာ အကောင်အထည်ဖော်နေပြီဖြစ်သည့် သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ်ပြီး ပဲခူးမြစ်ကူးတံတား(သန်လျင်တံတား အမှတ်-၃) ကို တည်ဆောက်နိုင်ရေးအတွက် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA) မှ အမေရိကန်ဒေါ်လာ ၂၈၂ ဒသမ ၅၄ သန်းနှင့် ညီမျှသော ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ ချေးယူခြင်းကို ပြည်ထောင်စုလွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သန်လျင်တံတားအမှတ်(၃) တည်ဆောက်ရန် ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၃၁ ဒသမ ၀၅၁ ဘီလီယံ ချေးငွေချေးယူရေးကိစ္စနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ လွှတ်တော်က ချေးငွေချေးယူရန် အတည်ပြုကြောင်း ဆုံးဖြတ်သည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်က



ပြည်ထောင်စုလွှတ်တော် နာယက မန်းဝင်းခိုင်သန်း။

အတည်ပြုသည်ဟု မှတ်ယူရမည့် နိုင်ငံ့ဝန်ထမ်းဥပဒေကိုပြင်ဆင်သည့်ဥပဒေကြမ်းကို နိုင်ငံတော်သမ္မတထံ ပေးပို့ထားကြောင်းနှင့် ယင်းဥပဒေကြမ်းကို လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

ထို့နောက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက်အစီရင်ခံစာနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး ဆောင်ရွက်ချက် အစီရင်ခံစာတို့နှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက ရှင်းလင်းရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေးဆောင်ရွက်ချက်များကို ယခင်က ဥပဒေပါအတိုင်း အစီရင်ခံစာတင်သွင်းနိုင်ခြင်း မရှိသော်လည်း ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက်များနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆောင်ရွက်ချက်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြမှုများရှိခဲ့ပါကြောင်း၊ အစီရင်ခံစာ ပြုစုရာတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နိုင်ငံတော်ဘဏ်များနှင့် ပုဂ္ဂလိကဘဏ်များ၏ ငွေရေးကြေးရေးရှင်းတမ်းများကို အဓိကအခြေခံပြီး စာရင်းအင်းများ၊ ကိန်းဂဏန်း အချက်အလက်များကို ရရှိရန်လိုအပ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် ဘဏ်များ၏နှစ်ချုပ်စာရင်းပိတ်ခြင်းကို မတ် ၃၁ ရက်တွင် စတင်ဆောင်ရွက်သော်လည်း အမှန်တကယ် စာရင်းများရရှိရန်အချိန်တစ်ရက်စောင့်ဆိုင်းရပါကြောင်း၊ ဗဟိုဘဏ်အနေဖြင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် အစီရင်ခံစာကို မကြာမီ တင်ပြနိုင်ရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှစပြီး ဥပဒေပါပြဋ္ဌာန်းချက်များအတိုင်း ပထမနှစ်ဝက်နှင့် ဒုတိယနှစ်ဝက် အစီရင်ခံစာများဖြင့် တစ်နှစ်လျှင် နှစ်ကြိမ် တင်ပြဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြသည်။

အလားတူ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် ငွေကြေးမူဝါဒ အကောင်အထည်ဖော် ဆောင်ရွက်ချက်နှင့် ငွေရေးကြေးရေးစနစ်တည်ငြိမ်ရေး ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြရာ လွှတ်တော်က မှတ်တမ်းတင်ကြောင်း ကြေညာသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ် ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေကြမ်း၏ မူနှင့်အခြေခံသဘောအပါအဝင် ရငွေသုံးငွေများနှင့်စပ်လျဉ်း၍ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဦးမျိုးဝင်း၊ မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာလင်းလင်းကျော်၊ ကျုံပျော်မဲဆန္ဒနယ်မှ ဦးစိုးအောင်နိုင်၊ လှိုင်းဘွဲ့မဲဆန္ဒနယ်မှ ဦးခင်ချိုနှင့် ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်တို့က အကြံပြုဆွေးနွေး တင်ပြကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော လူကုန်ကူးမှု အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ အာဆီယံ ကွန်ဗင်းရှင်းသို့ မြန်မာနိုင်ငံမှ အတည်ပြုဝင်ရောက်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှင်းလင်းတင်ပြသည်။

ယင်းကိစ္စနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်ရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း လွှတ်တော်နာယက က ကြေညာသည်။

အဆိုပါကွန်ဗင်းရှင်းသည် အထူးသဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များအပေါ် လူကုန်ကူးမှုတားဆီးတိုက်ဖျက်ရန်နှင့် လူကုန်ကူးသူများအတွက် ထိရောက်သော ပြစ်ဒဏ်ကျခံစေရန်၊ လူကုန်ကူးခံရသူများကို လူ့အခွင့်အရေးအပြည့်အဝဖြင့် ကာကွယ်စောင့်ရှောက်ကူညီပေးရန်နှင့် အဖွဲ့ဝင်နိုင်ငံအချင်းချင်း ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရန်တို့ကို ရည်ရွယ်၍ ရေးဆွဲထားကြောင်း သိရသည်။

ထို့နောက် နိုင်ငံတော်သမ္မတထံမှပေးပို့ထားသော စီမံကိန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် ဂျပန်နိုင်ငံအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီထံမှ ဂျပန်ယန်း ၉၃၉၇၀ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

သနပ်ပင်မဲဆန္ဒနယ်မှ ဦးမြင့်ဦးက တောင်သူလယ်သမားများ၏ လယ်ယာစီးပွားရေးလုပ်ငန်းများအတွက် ကာလရှည်ရင်းနှီးမြှုပ်နှံမှုချေးငွေများကို အတိုးနှုန်းသက်သာစွာဖြင့် ချေးပေးမည်ဆိုသည့်အတွက် ကြိုဆိုပါကြောင်း၊ ကုန်ထုတ်လုပ်မှုစွမ်းအား ဖွံ့ဖြိုးတိုးတက်လာစေရန် မြို့ပြနှင့်ကျေးလက်ဖွံ့ဖြိုးတိုးတက်မှု လျော့နည်းလာစေရန်ဆိုသည့်အတွက် ရည်ရွယ်ချက်မှာ မှန်ကန်သင့်မြတ်ပါကြောင်း၊ သို့သော်လည်း လက်တွေ့ဆောင်ရွက်ရာတွင် လွဲချော်မှုများဖြစ်ပေါ်မည်ကို စိုးရိမ်ပါကြောင်း၊ ယခုချေးငွေထုတ်ချေးမည့် တိုင်းဒေသကြီးများရှိ မြို့နယ်များရွေးချယ်ရာတွင် မည်သည့်မူဝါဒဖြင့်ရွေးချယ်ခဲ့ကြောင်းနှင့် ပဲခူးတိုင်းဒေသကြီး အနောက်ခြမ်းရှိ မြို့နယ်များသာ ရွေးချယ်ခဲ့ပြီး အရှေ့ခြမ်းရှိ မြို့နယ်များအတွက် မည်ကဲ့သို့စဉ်းစားထားသည်ကို သိရှိလိုပါကြောင်း၊ တစ်ဧကမှ ဧက ၅၀ အထိ လုပ်ကိုင်သူများကိုသာ ချေးငွေထုတ်ချေးမည်ဆိုသည်ကို သိလိုပါကြောင်း၊ ထိုသို့ ထုတ်ချေးရာတွင် ငွေသားသို့မဟုတ် စက်ပစ္စည်းများဆိုသည်ကိုလည်း သိလိုပါကြောင်း မေးမြန်းဆွေးနွေးသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၃)မှ ဒေါ်ရွှေရွှေစိန်လတ်၊ အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချို၊ လှိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ၊ မအူပင် မဲဆန္ဒနယ်မှ ဦးစိန်ဝင်း၊ မိုးညိုမဲဆန္ဒနယ်မှ ဦးကျော်မျိုးမင်း၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်မြင့်ဦး၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးလှဆန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ ဒေါက်တာတင်တင်ဝင်း၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ လေရှီးမဲဆန္ဒနယ်မှ ဦးကျော်ငွေး၊ သာပေါင်းမဲဆန္ဒနယ်မှ ဦးသိန်းထွန်း၊ ဒိုက်ဦး မဲဆန္ဒနယ်မှ ဦးဝင်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၅)မှ ဦးဘမျိုးသိန်း၊ ဖျာပုံမဲဆန္ဒနယ်မှ ဦးဝင်းထွဋ်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဒေါက်တာဝင်းမြင့်၊ ကယားပြည်နယ်မဲဆန္ဒနယ်အမှတ်(၉)မှ ဦးစိုးသိန်းနှင့် ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းတို့က ချေးငွေရယူရေးနှင့် စပ်လျဉ်း၍ ထောက်ခံအကြံပြုဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

## မြန်မာနိုင်ငံစာရေးဆရာအသင်း ပဉ္စမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲ ကျင်းပမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူး၍ ပဉ္စမအကြိမ် ပညာရည်ချွန်ဆုချီးမြှင့်ပွဲကို ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၀ နာရီတွင် အမှတ် (၁၇၃/၁၇၅) ပန်းဆိုးတန်းလမ်း(အလယ်) ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ စာရေးဆရာအသင်း အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်သည်။

ယင်းအခမ်းအနားသို့ ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူး သုံးဘာသာနှင့်အထက် ရရှိကြသည့် အသင်းဝင်များ၏သားသမီးများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ဒီဇင်ဘာ ၂၇ ရက် ညနေ ၄ နာရီနောက်ဆုံးထား၍ဖုန်း- ၀၁-၃၈၅၂၇၃၊ ၀၁-၂၅၂၄၁၇ သို့သတင်းပို့ကြရန်ဖြစ်သည်။

ဂုဏ်ထူးတစ်ဘာသာနှင့်နှစ်ဘာသာ ရရှိကြသူများကို သက်ဆိုင်ရာ မြို့နယ်အသင်းများမှတစ်ဆင့် ဆုချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကိုယ်အင်္ဂါမသန်စွမ်းသူများ အသက်မွေးဝမ်းကျောင်းသင်တန်းများ လျှောက်ထားနိုင်

**ရန်ကုန် ဒီဇင်ဘာ ၇**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန မသန်စွမ်းသက်ကြီးသင်တန်းကျောင်း(ရန်ကုန်)တွင် အသက် (၁၈) နှစ်မှ (၄၅) နှစ်အတွင်းရှိ ကိုယ်အင်္ဂါမသန်စွမ်းသူများအတွက် ၂၀၁၆-၂၀၁၇ ခုနှစ်၏ တတိယအပတ်စဉ်အဖြစ် သုံးလသင်တန်းများဖြစ်ကြသော စက်ချုပ်သင်တန်း၊ ပိုးဇာပုံနှိပ်သင်တန်း၊ ခတ်ပုံသင်တန်း၊ ဆံသသင်တန်းနှင့် ကွန်ပျူတာသင်တန်းများကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၂ ရက်တွင် ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

တက်ရောက်လိုသူများသည် အမှတ် (၆၅) ကျိုက်ဝိုင်းဘုရားလမ်း လူမှုဝန်ထမ်းအတတ်သင် သိပ္ပံကျောင်းဝင်းအတွင်း မသန်စွမ်းသက်ကြီးသင်တန်းကျောင်း မရမ်းကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၉၆၆၁၇၁၂၊ ၀၉-၂၅၀၇၉၇၀၂၊ ၀၉-၄၂၀၀၃၅၆၀နှင့် ၀၉-၅၀၃၄၆၉၁ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်းနှင့် သင်တန်းတက်ရောက်နေစဉ်ကာလအတွင်း သင်ထောက်ကူပစ္စည်းများ အခမဲ့ထုတ်ပေးမည့်အပြင် အဆောင်နေစားစရိတ်ငြိမ်းဖြစ်ပြီး လစဉ်ထောက်ပံ့ကြေးနှင့် နယ်မှလာရောက်သော သင်တန်းသားများအတွက် အိမ်ပြန်ခရီးစရိတ် ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**



# စကားလုံးတိုင်းကို တုံ့ပြန်ဖို့မလို၊ ငုံ့ခံဖို့လည်းမလို

## ဩဇိသ-ရေးသည်

ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ စေ့စပ်ငြိမ်းချမ်းရေး... ရခိုင်ပြည်နယ်အရေးကိစ္စနှင့်ပတ်သက်၍ စေ့ငုလေ့လာနိုင်စေရန် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေး လုပ်သားများနှင့် သတင်းသမားများအနေဖြင့် မကြာမီ ယင်းဒေသသို့ ဝင်ရောက်ခွင့်ရရှိကြမည်ဟု မျှော်လင့်မိကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်၏ ပြောကြားချက်ကို ကိုးကား၍ CNN သတင်းဌာနက ဒီဇင်ဘာ ၆ ရက်တွင် ထုတ်လွှင့်ခဲ့သည်ကို ကြားသိရပါသည်။

ရခိုင်ပြည်နယ်၌ မငြိမ်မသက်ဖြစ်နေသော မြောက်ပိုင်းဒေသသို့ ခရီးနှင်ခဲ့သူ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကိုဖီအာနန်က အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။ သူနှင့်အတူ ယင်းကော်မရှင်၏ အဖွဲ့ဝင်များလည်း အတူလိုက်ပါခဲ့ကြသည်ဟု သတင်းတွင် ဖော်ပြထားသည်။

အထက်ဖော်ပြပါအချက်နှင့်ပတ်သက်၍ ဒီဇင်ဘာ ၇ ရက်ထုတ် ကြေးမုံသတင်းစာတွင် အောက်ပါအတိုင်း ဖော်ပြထားသည်ကို ဖတ်ရှုရပါသည်။

"ပဋိပက္ခဖြစ်တဲ့နေရာကို မိမိတို့သွားရောက်ခွင့်ရခဲ့ပါတယ်။ ဆွေးနွေးမှုတွေလည်း ပြုလုပ်နိုင်ခဲ့ပါတယ်။ ဒီနေရာမှာ တပ်မတော်ရဲ့အခန်းကဏ္ဍ၊ စစ်ရေးပိုင်းက အရေးကြီးတဲ့အခန်းမှာပါဝင်နေပါတယ်။ ရခိုင်ပြည်နယ်ရဲ့ အကျိုးစီးပွားကို ကာကွယ်ဖို့မှာ အရေးကြီးမှာ ဖြစ်ပါတယ်။ သို့သော်လည်းပဲ အရပ်ဘက်ပြည်သူလူထုရဲ့ အကာအကွယ် အခွင့်အရေးတွေကို ကာကွယ်ပေးဖို့ သတိပြုဆောင်ရွက်ဖို့လိုမှာဖြစ်ပါတယ်။ ဒီကိစ္စတွေကို အငြင်းပွား အချေအတင်ပြောကြတာ ကြာပါပြီ။ တချို့ အစိုးရတွေက အကြမ်းဖက်မှုနဲ့ ပတ်သက်လာရင် အကြမ်းဖက်မှုတိုက်ဖျက်ဖို့ဆိုရင် အရပ်ဘက်လွတ်လပ်ခွင့်တွေကို လျှော့တန်လျှော့၊ ဖြတ်တောက်တန်ဖြတ်တောက် လုပ်ရမယ်၊ ဆိုင်းငံ့ဆို ဆိုင်းငံ့ရမယ်၊ လုံခြုံရေးအဓိကသာ လုပ်ရမယ်ဆိုတာတွေ ရှိတယ်။ ကျွန်တော့်အနေနဲ့ ထင်တာက အရပ်ဘက်လွတ်လပ်ခွင့်၊ ပြည်သူလူထု လွတ်လပ်ခွင့်၊ လူ့အခွင့်အရေး ဒါတွေကို လုံခြုံရေးအတွက် စွန့်လွှတ်လိုက်ရင် နောက်ဆုံးမှာ တကယ်ရော လုံခြုံရေးရသွားမှာလားဆိုတာ စဉ်းစားရမှာဖြစ်ပါတယ်။ ဒီနယ်မြေမှာ သတင်းသမားတွေ သွားရောက်သတင်းယူခွင့်ရခဲ့ရင်တော့ ကောလာဟလတွေ လျော့ပါးသွားမှာဖြစ်ပါတယ်။ ထင်သာမြင်သာရှိခြင်းဟာ ကောလာဟလတွေကို နိုင်တဲ့ အားကောင်းတဲ့ နည်းလမ်းတစ်ရပ်ဖြစ်ပါတယ်"

ဤနေရာတွင် ထင်သာမြင်သာရှိမှုသည် ကောလာဟလကို ရှင်းလင်းနိုင်သည့် အားကောင်းသော နည်းလမ်းဖြစ်သည်ဟူသော ကိုဖီအာနန်၏ ပြောကြားချက်နှင့်ပတ်သက်၍ ကျွန်တော် ဆက်စပ်တွေးတောနေမိပါသည်။

ကောလာဟလကို မည်သူတို့က ဖြန့်ချိပါသနည်းဟူသော မေးခွန်းကို ကျွန်တော် ဆန်းစစ်ကြည့်မိသည့်အခါ နိုင်ငံရေးခလောက်ဆန်အောင် လုပ်ဆောင်သူများကို တွေ့ရပါသည်။

ယခုအချိန်တွင် လူထုအတွင်း လူမှုကွန်ရက်မီဒီယာ ရေပန်းစားနေချိန်တွင် ကောလာဟလသတင်းများကို ဒစ်ဂျစ်တယ်မီဒီယာအသုံးပြု၍ ထုတ်လွှင့်ကာ အမုန်းတရားပွားအောင် သွေးထိုးပေးမှုများ ရှိနိုင်ပေသည်။

ကောလာဟလဆိုသော ဝေါဟာရမှာ အနက်အဓိပ္ပာယ် နှစ်မျိုးရှိပါသည်။ တစ်မျိုးမှာ လောက၌ ကြိုတင်၍ နိမိတ်ရှေ့ပြေးအနေဖြင့် အုန်းအုန်းကျွက်ကျွက်ဖြစ်ခြင်းဟူ၍ ဖြစ်ပါသည်။ ကမ္ဘာကြီးပျက်တော့မည်ဟု ရှေ့ပြေးကြားသိရခြင်း၊ စကြဝတေးမင်းပေါ်တော့မည်ဟု သတင်းပျံ့နှံ့ခြင်း၊ ဘုရားပွင့်တော့မည်ဟု အုတ်အော်သောင်းတင်း ပြောဆိုကြခြင်း၊ မင်္ဂလာတရားဟူသည် ဤအရာဖြစ်သည်ဆိုပြီး သူတစ်မျိုးငါတစ်မျိုး လူအများစုရုံး၍ ဟောပြောကြခြင်း၊ မောနေယျအကျင့် ပဋိပတ်နှင့်စပ်၍ အုတ်အော်သောင်းတင်း ပြောဆိုကြခြင်းတို့ဖြစ်ပါသည်။

**ကောလာဟလ၏ ဒုတိယအဓိပ္ပာယ်ဖွင့်ဆိုချက်မှာ-**

(၁) တစ်စုံတစ်ရာဖြစ်ပေါ်မည့်အကြောင်း ကြိုတင်သတိပေးသော ကြွေးကြော်စကား၊ ကြိုတင်ဖြစ်ပေါ်နေသောသတင်း၊

(၂) အခြေအမြစ်မရှိသောသတင်းဟူ၍ဖြစ်ပါသည်။

လူမျိုးရေးနှင့်ဘာသာရေး အမုန်းတရားပွားစေသော ကောလာဟလမှာ အခြေအမြစ်မရှိသော သတင်းဖြစ်ပါသည်။ ယင်းသို့သော သတင်းများသည် ပြည်သူတစ်ရပ်လုံးကို ကြီးစွာဒုက္ခပေးနိုင်ပေသည်။ လွန်ခဲ့သည့်နှစ်က ကျွန်တော်တို့နိုင်ငံ၌ ပုဂ္ဂလိကဘဏ်များနှင့်ပတ်သက်၍ ကောလာဟလများ ပေါ်ထွက်ခဲ့ရာ ပြည်သူတို့ စိုးရိမ်ကြီးစွာရှိခဲ့ကြရပါသည်။

လတ်တလောကာလတွင်လည်း ရခိုင်ပြည်နယ်နှင့်ပတ်သက်နေသော ကောလာဟလသတင်းများမှာ စိုးရိမ်စိတ်ကိုကြီးထွားစေပြီး စိုးရိမ်စိတ်နှင့်အတူ အလွဲလွဲအမှားမှား ပြုမူဆောင်ရွက်ခြင်းမရှိစေရန် ပြည်သူတို့ သတိရှိသင့်ပါသည်။



**ဒီဇင်ဘာ ၄ ရက်က ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ဥက္ကဋ္ဌ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ဟောင်း ကိုဖီအာနန်နှင့် ကော်မရှင်အဖွဲ့ ရခိုင်ပြည်နယ် မြေပုံမြို့ရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံစဉ်။**

အရေးကြီးသည်မှာ ပြည်သူတို့အနေဖြင့် ကောလာဟလသတင်းမှားများ ထွက်ပေါ်လာတိုင်း စဉ်းစားချင့်ချိန်မှုဖြင့်သာ တုံ့ပြန်ကြဖို့လိုပါလိမ့်မည်။

နိစ္စဓူဝ လူနေမှုဘဝတွင် ကြားသိရသမျှ မဟုတ်မမှန် လုပ်ကြံသတင်းများကို တုံ့ပြန်ခြင်း မရှိအပ်ပေ။ မိမိကြားသိရသမျှ စကားလုံးတိုင်းကို တုံ့ပြန်ဖို့ မလိုအပ်သကဲ့သို့ပင် ငုံ့ခံနေဖို့လည်း မဟုတ်ပေ။ တုံ့ပြန်စရာမလိုဘဲ သူ့ဓမ္မ သူဆောင်၍ အလိုလိုပျက်ပြယ်သွားနိုင်သော ကောလာဟလများရှိသလို တုံ့ပြန်မိကာမှ အခြေအနေပို၍ရှုပ်ထွေးသွားတတ်သည်ကို သတိမူသင့်ကြပါသည်။

အရေးကြီးလှသည်မှာ မိမိအလုပ်သာမှန်ပါစေ အရာရာကို တုံ့ပြန်ဖို့မလိုဟူသော သဘောတရားဖြစ်သည်။ မိမိ၏ကောင်းမြတ်သော လုပ်ဆောင်ချက်(အလုပ်)ကသာလျှင် ပြဿနာများကို ဖြေရှင်းသွားပေမည်။ မတုံ့ပြန်ခြင်းသည် ငုံ့ခံခြင်းမဟုတ်ပါ။ အပင်ပန်းခံကာ မခံစားသည့် သဘောတရားမျှသာဖြစ်သည်ဟု ဆရာတော်အရှင်ဝိစိတ္တ (ဒိုက်ဦး)က ရေးဖွဲ့ကာ ဩဝါဒပေးခဲ့ဖူးပါသည်။

ပြန်လည်ဖြေရှင်းရန် အမှန်လိုအပ်သော စကားအချို့ကိုသာ ပြန်လည်ဖြေရှင်းဖို့လိုပါမည်။ ဖြေရှင်းခြင်းသည် တုံ့ပြန်မှုမဟုတ်ဘဲ အပြန်အလှန် နားလည်မှုရရေးအတွက် လုပ်ဆောင်ခြင်းသာဖြစ်သည်။ သို့ဖြစ်၍ ပြဿနာရှိလာပြီဆိုလျှင် နှစ်ဦးနှစ်ဖက် အပေးအယူ အညှိအနှိုင်း ပြုလုပ်ကြရမည်သာဖြစ်ပါသည်။ ခေတ်သစ်ဝေါဟာရဖြင့်ဆိုသော် 'ဒိုင်ယာလော့'နှင့် 'ဒီပလိုမေစီ'တို့ အထူးပင် အရေးကြီးလှပါသည်။

လတ်တလောမှာပင် ကျွန်တော်တို့၏ အာဆီယံမိသားစုဝင်နိုင်ငံအချင်းချင်း သံတမန်ရေးတင်းမာမှုများ ဖြစ်ပေါ်နေမှုကို ကြားသိကြရပါသည်။ ယင်းမှာ မလေးရှားဝန်ကြီးချုပ် နာဂျစ်ရာဇတ်က ရခိုင်အရေးနှင့်ပတ်သက်၍ လူထုဆန္ဒပြပွဲတစ်ရပ်တွင် ဟောပြောခဲ့ရာမှ နောက်ဆက်တွဲဝေဖန်မှုများ ကျယ်ကျယ်လောင်လောင် ပေါ်ထွက်ခဲ့ခြင်းဖြစ်ပါသည်။

ဝန်ကြီးချုပ်တစ်ဦးဖြစ်သူ နာဂျစ်အနေဖြင့် ဆန္ဒဖော်ထုတ်မည့်အစား အရေးကိစ္စများကို သံတမန်ရေးအရသာလျှင် ဖြေရှင်းသင့်သည်ဟု မလေးရှားဝန်ကြီးချုပ်ဟောင်း ဒေါက်တာမဟာသီ မိုဟာမက်က ဝေဖန်ခဲ့ပါသည်။ ဝန်ကြီးချုပ်နာဂျစ်သည် ပြဿနာရပ်များအား သံတမန်ရေး နည်းလမ်းများအရ ဖြေရှင်းနိုင်ရန် အခွင့်အာဏာရှိသူဖြစ်ပါလျက် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ဆန္ဒပြသည့်နည်းလမ်းကို အဘယ့်ကြောင့် အသုံးပြုခဲ့ပါသနည်းဟု ဒေါက်တာမဟာသီက မေးခွန်းထုတ်ခဲ့ပါသည်။

ဆန္ဒပြ ဖော်ထုတ်မှုများဟူသည် အစိုးရအား ဆန့်ကျင်သူများကသာ အသုံးပြုသည့် နည်းလမ်းဖြစ်သဖြင့် အစိုးရအဖွဲ့ကိုယ်တိုင်က ဆန္ဒပြဖော်ထုတ်ရန် မလိုအပ်ကြောင်း ဒီမိုကရက်တစ်အက်ရှင်ပါတီ(ဒီအေပီ) အမျိုးသားညီလာခံနှင့် သက်ဆိုင်နေသော သတင်းစာရှင်းလင်းပွဲတွင် ဒေါက်တာမဟာသီက ပြောကြားခဲ့ပါသည်။

မိမိသည် ယခုအခါ အစိုးရအဖွဲ့တွင် ပါဝင်ခြင်းမရှိတော့သူဖြစ်သဖြင့် ဆန္ဒပြဖော်ထုတ်ခွင့်ရှိသူဖြစ်ကြောင်း ဒေါက်တာမဟာသီက ဆက်လက်ပြောကြားသည်။

ထိုစဉ်အတွင်း ဝန်ကြီးချုပ်နာဂျစ်အား အတိုက်အခံခေါင်းဆောင်တစ်ဦးဖြစ်သူ ဒေါက်တာဝန်အဇီဇားကလည်း ဝေဖန်ပြောကြားခဲ့သည်။

ဝန်ကြီးချုပ် နာဂျစ်အနေဖြင့် ဆန္ဒပြပွဲတွင်ပါဝင်ရန် မလိုအပ်ဟူသော ဒေါက်တာမဟာသီ၏ ရှုမြင်ချက်ကို မိမိထောက်ခံကြောင်း၊ အစိုးရအဖွဲ့အကြီးအကဲတစ်ဦးဖြစ်သူ ဝန်ကြီးချုပ်အနေဖြင့် ကြေညာချက်ထုတ်ပြန်သင့်ပြီး အစိုးရအဖွဲ့ချင်း ချဉ်းကပ်ဆောင်ရွက်သင့်ကြောင်း ပြည်သူ့တရား မျှတရေးပါတီဥက္ကဋ္ဌ ဒေါက်တာအဇီဇားက ပြောကြားပါသည်။

သံတမန်ရေးနည်းလမ်းအရ ဖြေရှင်းခြင်း၊ နိုင်ငံရေးနည်းလမ်းအရ ဖြေရှင်းခြင်း၊ လူမှုရေး နည်းလမ်းအရ ဖြေရှင်းခြင်း စသည်ဖြင့် ဖြေရှင်းမှုများပြုလုပ်ရာတွင် အကြောင်းအကျိုး ဆင်ခြင်တုံတရားနှင့် အများအကျိုးလိုလားသော မေတ္တာတရားတို့အပေါ် အခြေခံရပါမည်။

ယင်းသို့မဟုတ်ဘဲ စကားလုံးတိုင်းကို ရင်တွင်းခံစားချက်ဖြင့်တုံ့ပြန်နေကြမည်ဆိုပါက အမှားအယွင်းများသာလျှင် ထပ်တလဲလဲ တွေ့ကြုံရပေမည်။ သို့ဖြစ်၍ ကြားရသမျှအသံတို့အပေါ်၊ စကားလုံးတို့အပေါ်၊ အမုန်းပွားစကားများအပေါ်၊ မဟုတ်မမှန် လုပ်ကြံစွပ်စွဲမှုများအပေါ် ဆင်ခြင်တုံတရားကင်းမဲ့စွာ ပြန်လည်တုံ့ပြန်မှုကို အလျင်စလို မလုပ်မိကြဖို့လိုသည်ဟု ကျွန်တော်တွေးတောမိပါသည်။

အကျိုးမဲ့စေနိုင်သော စကားလုံးများကို ခေါင်းထဲမှ ထုတ်ပစ်ကြရမည်သာဖြစ်ပါသည်။ စကားလုံးတိုင်းအပေါ် မကျေနပ်မှုဖြင့် ခံစားတုံ့ပြန်ကြမည်ဆိုလျှင် မိမိအမှားသာလျှင်ဖြစ်သွားနိုင်ပါသည်။

ဤတွင် 'စကားအရာ အင်္ဂါလေးတန်'ဟူသော ဩဝါဒကို မျှဝေလိုပါသည်။ အကျိုးစီးပွားနှင့်ယှဉ်သောစကား(သုဘာသိတ)၊ ချစ်ခင်နှစ်သက်ဖွယ်စကား(ပိယဝါစာ)၊ မှန်ကန်ဖြောင့်မတ် တည်ကြည်သောစကား(သစ္စာ)နှင့် တရားနှင့်ညီညွတ်သောစကား(ဓမ္မ)ဟူသော 'စကားအရာ အင်္ဂါလေးတန်'ကို 'ကျင့်ဝတ်'အဖြစ် အလေးအနက် ပြုကျင့်ကြရပါမည်။

မြတ်ဗုဒ္ဓ၏ အင်္ဂုတ္တရပါဠိတော်၌ (၁)မှာကြားလိုက်သောစကားတို့ကို နားလည်ခြင်း၊ (၂)မှာကြားလိုက်သည့်အတိုင်း ပြောဆိုနိုင်ခြင်း၊ (၃)မမေ့မလျော့အောင် မှတ်သားထားနိုင်ခြင်း၊ (၄)မချွတ်မယွင်းအောင် ဆောင်နိုင်ခြင်း၊ (၅)စကားရှိတိုင်းအနက်အဓိပ္ပာယ်ကို သိနားလည်ခြင်း၊ (၆)သူတစ်ပါး နားလည်အောင် ပြောဆိုတတ်ခြင်း၊ (၇)အကျိုးရှိသည်၊ မရှိသည်၌ တတ်သိလိမ္မာခြင်း၊ (၈)ငြင်းခုံခိုက်ရန် မဖြစ်အောင် ဆောင်ရွက်နိုင်ခြင်းဟူသော သံတမန်အင်္ဂါရှစ်ပါးကို ညွှန်းဆိုထားပါသည်။

နိဂုံးချုပ်ဆိုရသော် ကျွန်တော်တို့လို ပုထုဇဉ်လူသားများအနေဖြင့် အသိနှင့်သတိရှိရန် အထူးအရေးကြီးသည်ဟု နားလည်မိပါသည်။ မဟုတ်မမှန်သတင်းများ၊ အမုန်းပွားစေသော အသုံးအနှုန်းများ၊ လူမျိုးရေးနှင့်ဘာသာရေး အစွန်းရောက်ဝါဒဖြန့်စကားလုံးများ စသည်တို့မှာ အခါအားလျော်စွာ ပေါ်ထွက်နေမည်သာဖြစ်ပါသည်။ မိမိကိုယ်တိုင် စကားလုံးတိုင်းကို တုံ့ပြန်ရန်မလိုသလို ငုံ့ခံရန်လည်း လိုမည်မဟုတ်ပါ။ အကြောင်းအကျိုး၊ အကျိုးအပြစ်၊ ကုသိုလ် အကုသိုလ်၊ သုစရိုက် ဒုစရိုက် စသည့် အခြင်းအရာများကို ပြက်ပြက်ထင်ထင် ပေါ်ပေါ်လွင်လွင် ပိုင်းခြားဝေဖန်ပြီးပါမှ အကောင်းဆုံးရလဒ်များကို ရည်မျှော်၍ ဆောင်ရွက်သင့်ကြပါသည်။ စကားလုံးတိုင်းကို တုံ့ပြန်ဖို့မလို၊ ငုံ့ခံဖို့လည်း မလိုဟု ကျွန်တော် နားလည်မိပါသည်။ ။

## စားသုံးရန်မသင့်သည့် အစားအသောက်များ ရောင်းချခြင်းစစ်ဆေး

**သိန္နီ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သိန္နီမြို့မဈေးကြီးအတွင်းရှိ စားသောက်ကုန်ရောင်းချသော ဈေးဆိုင်များအား အေးခဲအသားနှင့် အများပြည်သူတို့စားသုံးရန် မသင့်သည့်အစားအသောက်များ ရောင်းချခြင်းမပြုရန် သိန္နီမြို့နယ်စည်ပင်သာယာရေးဌာန၊ မြို့နယ်စားသုံးကုန်ဌာနနှင့် မြို့နယ်အဆင့်တာဝန်ရှိသူများက ဒီဇင်ဘာ ၅ ရက်တွင် ကွင်းဆင်းစစ်ဆေးခဲ့ကြသည်။

အဆိုပါစားသောက်ကုန်များရောင်းချသော ဈေးဆိုင်များမှ အေးခဲအသားနှင့် အများပြည်သူတို့စားသုံးရန်မသင့်သည့် စားသောက်ကုန်များအား ရောင်းချခြင်းမပြုရေးအတွက် မြို့နယ်စည်ပင်သာယာရေးဌာနနှင့် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေး၍ သတိပေးဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **သီပေါ(ကိုလတ်)**



# ရှေ့တန်းရောက်တပ်မတော်သားများနှင့် ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သားများအား အလှူငွေများနှင့် စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် လားရှိုးမြို့သို့ ရောက်ရှိကြသည်။

ဦးစွာတိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ တိုင်းမှူး ဗိုလ်ချုပ်ဖုန်းမြတ်က ရှမ်းပြည်နယ်အရှေ့မြောက်ဒေသ မုံးကိုး၊ ဖောင်းဆိုင်၊ ဟောမိုးလုံ၊ ကျူကုတ်(ပန်ဆိုင်း) နယ်မြေများသို့ နိုဝင်ဘာလအတွင်း KIA/TNLA/ MNDAA/ AA လက်နက်ကိုင်အဖွဲ့များ ပူးပေါင်း၍ အင်အားသုံး ဝင်ရောက်တိုက်ခိုက်ခဲ့မှုဖြစ်စဉ်နှင့် ပတ်သက်ပြီး ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က လားရှိုး-မူဆယ် ပြည်ထောင်စုကားလမ်းအား လုံခြုံမှုအပြည့်အဝရှိအောင်အမြန်ဆုံးဆောင်ရွက်ရန်၊ ကားလမ်းပေါ်တွင် အရပ်ဝတ်ဖြင့် အရပ်သားအသွင်ယူပြီး လမ်းကြောင်းပိတ်ဆို့ခြင်း၊ နှောင့်ယှက်ပစ်ခတ်တိုက်ခိုက်ခြင်း၊ တံတားများအား ဖောက်ခွဲဖျက်ဆီးခြင်းလုပ်ဆောင်နေသည့် လက်နက်ကိုင်အဖွဲ့များအား နယ်ဘက်အဖွဲ့အစည်းများ၊ ပြည်သူ့စစ်များ၊ ဒေသခံပြည်သူများနှင့် ပူးပေါင်း၍ သတင်းဖော်ထုတ်ရှင်းလင်းရေး၊ ဆုတ်ခွာသွားသူများအား ထပ်ချပ်လိုက်လံရှင်းလင်း၍ အမြစ်ပြတ်ချေမှုန်းရေး၊ သတင်းလက်ဦးမှုရရှိရေး၊ လုံခြုံရေးနှင့် နယ်မြေစိုးမိုးရေးတာဝန်များအား စစ်ရေးသတိဖြင့် စနစ်တကျ လုပ်ဆောင်ရေးတို့ကို မှာကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် ရှေ့တန်းရောက်တပ်မတော်သားများနှင့် စစ်မြေပြင်တွင် တာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာများရရှိပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသည့် တပ်မတော်သားများတွက် စေတနာရှင်ပြည်သူများက အလှူငွေများနှင့် ပစ္စည်းများပေးအပ်လှူဒါန်းခြင်းအခမ်းအနားကို အရှေ့မြောက်တိုင်းစစ်ဌာနချုပ်ခန်းမ၌ ကျင်းပရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးဆန်းဦးက တပ်မတော်(ကြည်း၊ရေ၊လေ) မိသားစုများက လှူဒါန်းသည့်ငွေကျပ်သိန်း ၇၃၀၊ မြန်မာအတိုင်ပင်ခံကုမ္ပဏီမှ ငွေကျပ်သိန်း ၂၀၀၀၊ အနာဂတ်အလင်းတန်းဖောင်ဒေးရှင်းမှ ငွေကျပ်သိန်း ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က လက်ခံသည်။

ဆက်လက်၍ International Gate Way group ကုမ္ပဏီမှလှူဒါန်းငွေကျပ်သိန်း ၁၀၀၀၊ ရွှေစင်စကြာ မော်တော်ယာဉ်လိုင်းနှင့် မော်တော်ယာဉ်အသင်းများမှ စုပေါင်းလှူဒါန်းသည့်ငွေကျပ်သိန်း ၁၀၀၀၊ မြန်မာ့စီးပွားရေး ဦးပိုင်လီမိတက်နှင့်ကုမ္ပဏီများမှ လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀၀ တို့အား ပေးအပ်လှူဒါန်းရာ ကာကွယ်ရေးဦစီးချုပ် (လေ)ဗိုလ်ချုပ်ကြီးခင်အောင်မြင့်က လက်ခံရယူသည်။

ယင်းနောက် အလှူရှင်အသီးသီးက လှူဒါန်းသည့် အလှူငွေနှင့် စားသောက်ဖွယ်ရာများကို ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အရာရှိကြီးများက လက်ခံကြသည်။

ယနေ့အခမ်းအနားတွင် စေတနာရှင်အလှူရှင်များက လှူဒါန်းငွေကျပ်စုစုပေါင်းမှာငွေကျပ် သိန်းပေါင်း ၁၀၇၂၃ သိန်းနှင့် စားသောက်ဖွယ်ရာများနှင့် ပစ္စည်းတန်ဖိုးငွေကျပ် ၃၃၂ သိန်း စုစုပေါင်းတန်ဖိုးငွေကျပ်သိန်း ၁၁၀၅၅ သိန်း ဖြစ်ကြောင်း သိရှိရသည်။

ဆက်လက်ပြီး တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်ဇနီး၊ အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ရောက်ရှိကြပြီး ဆေးရုံတက်ရောက်ကုသလျက်ရှိသော ရှေ့တန်းစစ်ဆင်ရေးတာဝန်ထမ်းဆောင်စဉ် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့စစ်တပ်ဖွဲ့ဝင်တို့အား ရင်းနှီးနွေးထွေးစွာတွေ့ဆုံ၍ တစ်ဦးချင်း၏ ထိခိုက်ဒဏ်ရာရရှိမှုနှင့် ဆေးဝါးကုသမှုအခြေအနေများအား မေးမြန်းပြီး အားပေးစကားပြောကြား၍ အသုံးအဆောင်ပစ္စည်းများ၊ စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဒဏ်ရာရစစ်သည်အား ကြည့်ရှုအားပေးစဉ်။ (ဓာတ်ပုံ - မသစ)



## တောင်နဝင်းဆည်ရေသောက်စနစ်မှ ၂၀၁၆-၂၀၁၇ ခုနှစ်အတွက် ပြုပြင်ဆောင်ရွက်ပြီး နွေစပါးစိုက်ပျိုးရေအပြည့်အဝပေးဝေနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ပြည် ဒီဇင်ဘာ ၇**

တောင်နဝင်းဆည်ရေသောက်စနစ် ပြုပြင်ခြင်းလုပ်ငန်းကို ၂၀၁၅-၂၀၁၆ ခုနှစ်မှစတင်၍ JICA ၏ ODA ဖြင့် ဆောင်ရွက်ခဲ့ပြီး ၂၀၁၇-၂၀၁၈ ခုနှစ်အထိ စီမံကိန်းကာလကြာမြင့်မည်ဖြစ်သည်။ ယခုအခါ ၂၀၁၆-၂၀၁၇ ခုနှစ်လုပ်ငန်းကာလ ဆောင်ရွက်နေပြီဖြစ်သည်။ ၂၀၁၅-၂၀၁၆ ခုနှစ် လုပ်ငန်းကာလ ပြုပြင်ဆောင်ရွက်ပြီး တူးမြောင်းမကြီးပေတိုင် (၉၀+၆၀၀) အထိ၊ လက်တံမြောင်း အမှတ် (၁)မှ(၁၆) အထိ ပြည်မြို့နှင့်ပေါက်ခေါင်းမြို့နယ်နွေစပါးစိုက်ပျိုးဧက ၅၈၈၉ ဧကကို ယခင်ကွက်ဆင့်သောက်စနစ်ဖြင့်ဆည်ရေသောက်ရာမှ စီမံကိန်းကာလ ရပ်နားပြုပြင်ခဲ့သည်။ ယခုအခါ စနစ်တကျသတ်မှတ် ရေထုတ်ဇယားအတိုင်း ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၁ ရက်မှစ၍ နွေစပါးစိုက်ပျိုးရေ ပြန်လည်ပေးဝေနိုင်တော့မည်ဖြစ်သည်။ ယခုအခါ စီမံကိန်း၏ နိုင်ငံခြားသား အတိုင်ပင်ခံအဖွဲ့ဖြစ်သော Sanyu အတိုင်ပင်ခံအဖွဲ့တာဝန်ရှိသူများက ဆောင်ရွက်ပြီး တူးမြောင်းမကြီးတစ်လျှောက်ကို သတ်မှတ်စံချိန်စံညွှန်းပြည့်မီရေး ကွင်းဆင်းဆောင်ရွက်လျက်ရှိပြီး ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာန တည်ဆောက်ရေး(၂) အနေဖြင့်လည်း သတ်မှတ်လျာထားဧကပြည့်မီအောင် ဆည်ရေပေးဝေနိုင်ရေးကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **မြင့်နိုင်(ပြည်)**

## ရှားပါးတောရိုင်းတိရစ္ဆာန်များ ဆွာချောင်းဆည် ရေဝေလဲတောများအတွင်း တိုးပွားလာနေ

**ရေတာရှည် ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး ဆွာချောင်းဆည် ရေဝေလဲသစ်တောများထူထပ်စွာပေါက်ရောက်လျက်ရှိသည့်အပြင် အဆိုပါ သစ်တောကြီးများအတွင်း ရှားပါးငှက်မျိုးစိတ်များနှင့် အခြားသော မျိုးတုံးပျောက်ကွယ်လုနီးပါးဖြစ်နေသည့် တောရိုင်းတိရစ္ဆာန်များကိုပါ အများအပြားတွေ့လာနေရကြောင်း ဒေသခံများက ပြောသည်။

"ကျွန်တော်တို့က ဆွာချောင်းဆည်ရေပြင် လျှိုမြောင်တွေကြားထဲမှာ နေ့တိုင်းလိုလို ငါးရှာလာတာ နှစ်အတော်ကြာပြီ။ တောတွေထဲကို ရံဖန်ရံခါရောက်ဖြစ်တော့ သဘာဝအတိုင်း ကျင်လည်ကျက်စားနေတဲ့ တိရစ္ဆာန်တွေ တော်တော်များများကို ခဏခဏတွေ့ရတာပါ။ အောက်ချင်းငှက်ဆိုကြားသာကြားဖူးတာ တစ်ခါမှမမြင်ဖူးပါဘူး။ အခုလိုတောတွေထဲမှာ အုပ်လိုက်တွေ့ရတယ်။ ငှက်အသေကဦးခေါင်းပိုင်းတောင်တွေ့လို့ ကောက်လာသေးတယ်"ဟု ဆွာချောင်းရေပြင် သစ်တောကျွန်းတွင် နေထိုင်သူတစ်ဦးက ပြောသည်။ သစ်တောကြိုးဝိုင်း၊ ကြိုးပြင်ကာကွယ်တောများတွင် သစ်တောများပြုန်းတီးခြင်းကြောင့် ဂေဟစနစ်များ ပျက်စီးလာရာက တောရိုင်းတိရစ္ဆာန်များမှာ မျိုးတုံးပျောက်ကွယ်မည့် အန္တရာယ်နှင့် ရင်ဆိုင်ကြုံတွေ့ကြရကာ ယခုကဲ့သို့ ရေဝေလဲသစ်တောများ ဖွံ့ဖြိုးလာသည်နှင့်အမျှ ရှားပါးတိရစ္ဆာန် ရှင်သန်ပေါက်ပွားမှုပမာဏများပြားလျက်ရှိနေကြောင်း ဒေသခံများက ပြောသည်။

"တောဝက်ခြေရာတွေဆို နေရာအနှံ့ပဲ။ တောင်ဆိတ်တွေလည်းရှိတယ်။ မျောက်တွေဆို အကောင်နှစ်ဆယ်သုံးဆယ်လောက် အုပ်လိုက်တွေ့တာ။ လူတစ်ယောက်နှစ်ယောက်ဆို လိုက်ကုတ်သေးတယ်။ နေရာအနှံ့မျောက်အော်သံတွေ ကြားနေရတယ်"ဟု ကျွန်းတောစုကျေးရွာမှ ဒေသခံတစ်ဦးက ပြောသည်။ သစ်တောများအတွင်း တောရိုင်းတိရစ္ဆာန်များ သဘာဝအတိုင်း ရှင်သန်ပေါက်ပွားနိုင်ရေးအတွက် အမဲမလိုက်ရန် ပညာပေးမှုများနှင့် တရားမဝင် တူမီးသေနတ် ကိုင်ဆောင်မှုများကို ထိရောက်စွာအရေးယူဆောင်ရွက်မှုများကြောင့် မုဆိုးအလုပ်လုပ်ကိုင်သူ ယခင်ကထက် များစွာလျော့နည်းသွားခြင်းဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**



ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

# လူသားချင်းစာနာထောက်ထားမှုအကူအညီများပေးလျက်ရှိသည့် နိုင်ငံတကာအဖွဲ့ အစည်းများ နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခများ လျော့နည်းစေရန် ဆောင်ရွက်ပေးကြရန်လို

**နေပြည်တော် ဒီဇင်ဘာ ၇**

ရခိုင်ပြည်နယ်အတွင်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ အသင်းအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏လုပ်ငန်းများ အဆင်ပြေချောမွေ့စေရန်အတွက် ပိုမိုသွက်လက်စွာ ဆောင်ရွက်နိုင်ရေး ရခိုင်ပြည်နယ် အစိုးရအဖွဲ့ရုံးတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့ဦးဆောင်၍ ယနေ့ နံနက်ပိုင်းတွင် ပေါင်းစပ်ညှိနှိုင်းရေး အစည်းအဝေးပြုလုပ်ခဲ့ရာ ပြည်နယ်အစိုးရအဖွဲ့မှ တာဝန်ရှိသူများ၊ ပြည်နယ်အတွင်း လူသားချင်းစာနာမှု အကူအညီပေးရေးဆိုင်ရာလုပ်ငန်းများနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော ကုလသမဂ္ဂနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ လူမှုအဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ပေါင်းစပ်ညှိနှိုင်းရေး အဖွဲ့ဝင် မြို့မိမြို့ဖများ တက်ရောက်ခဲ့သည်။



ပထမဦးစွာ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ၏ လက်ရှိ ဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြသည်။ ထို့နောက် အဖွဲ့ဝင်များက ရခိုင်ပြည်နယ် မောင်တောဒေသတွင် လက်ရှိဖြစ်ပွားနေသော အချိန်ကာလအတွင်း လူသားချင်း စာနာထောက်ထားမှု အကူအညီပေးအပ်ခြင်းနှင့် ပတ်သက်၍ လိုအပ်သည်များကို တင်ပြကြသည်။

ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများဆောင်ရွက်ရာတွင် လုံခြုံရေးနှင့် လွတ်လပ်မှုကို မျှတမှုရှိရန် ကြိုးစားညှိနှိုင်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ စည်းစနစ်ကျစွာ ဆောင်ရွက်ခြင်း၊ ပွင့်လင်းမြင်သာမှုရှိအောင် ဥပဒေနှင့်အညီ ဆောင်ရွက်ခြင်းနှင့် မျှတစွာ ဆောင်ရွက်ခြင်းတို့သည် အလေးထားရမည့် အချက်များဖြစ်ကြောင်း၊ လူသားချင်း စာနာထောက်ထားမှုအကူအညီများပေးလျက်ရှိသည့် နိုင်ငံတကာ အဖွဲ့အစည်းများသည် နှစ်ဖက်လူမှုအသိုင်းအဝိုင်းကြား ပဋိပက္ခများ လျော့နည်းစေရန်လည်း ဆောင်ရွက်ပေးကြရန် လိုကြောင်း၊ အထောက်အပံ့ပေးမှု တစ်ခုတည်းအပေါ်တွင် တည်မှီနေခြင်းထက် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးပြီး မိမိကိုယ်တိုင် ရပ်တည်နိုင်အောင် မိမိတို့အစိုးရအဖွဲ့နှင့်အတူ ပူးပေါင်းကူညီဆောင်ရွက်ကြရန် လိုကြောင်း၊ ယခုကဲ့သို့ ပေါင်းစပ်ညှိနှိုင်းရေးကော်မတီဝင်များ တွေ့ဆုံခြင်းသည် ပြဿနာရပ်များအပေါ် လက်တွေ့ကျကျ ဖြေရှင်းခြင်း နည်းလမ်းတစ်ခုဖြစ်ကြောင်းနှင့် ပိုမိုကောင်းမွန်သော အဖြေများရရှိရန်အတွက် ကောင်းမွန်သော နည်းလမ်းများဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများလိုက်ပါလျက် ပုဏ္ဏားကျွန်းစက်မှုဇုန်တွင် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်ရန် စီစဉ်ထားသော လုပ်ငန်းများ အလျင်အမြန် အကောင်အထည်ဖော်ရေး ကွင်းဆင်းကြည့်ရှုပြီး ဒေသတွင်း ပြန်လည်နေရာချထားရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ကော်မတီအနေဖြင့် ဆောင်ရွက်ရမည့် ရှေ့လုပ်ငန်းစဉ်များကို ဆွေးနွေးတိုင်ပင်ခဲ့သည်။

ခရီးစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် စစ်တွေမြို့ ကျားမသောက်ကျေးရွာရှိ ရွှေကျားရခိုင်ရက်ကန်းရုံသို့ ဝင်ရောက်လေ့လာကြည့်ရှုကာ ဒေသခံများအလုပ်အကိုင်ရရှိရေး လုပ်ငန်းများချဲ့ထွင်လုပ်ကိုင်နိုင်ရေးအတွက် ဝန်ကြီးဌာန၊ ပြည်နယ်အစိုးရအဖွဲ့တို့နှင့် ပူးပေါင်းဆောင်ရွက်ရန်ကိစ္စများကို ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

*** ကျောဖုံးမှ**

လူမျိုးသုဉ်းသတ်ဖြတ်မှု၊ လူမျိုးစု သုတ်သင်ရှင်းလင်းမှု စသည့် မဟုတ်မမှန်စွပ်စွဲပြောဆိုချက်များကိုလည်း ကန့်ကွက်ခဲ့ပြီး ယင်းကဲ့သို့ စွပ်စွဲချက်များသည် မြေပြင်ပေါ်ရှိ ပကတိအခြေအနေများနှင့် လုံးဝကိုက်ညီမှုမရှိကြောင်းနှင့် ထိုသို့တာဝန်မဲ့ပြောကြားမှုက လူ့အသိုက်အဝန်းနှစ်ခုအကြား ကွဲပြားမှုများကို ပိုမိုကြီးမားလာစေနိုင်ပြီး အစွန်းရောက်အကြမ်းဖက်ဝါဒကို နှိုးဆွပေးသည့်အကျိုးသက်ရောက်မှုများ ဖြစ်ပေါ်လာစေနိုင်ကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ခင်မင်ရင်းနှီးသည့် ဆက်ဆံမှုများကို ဆက်လက်ထိန်းသိမ်းမြှင့်တင်သွားလိုသည့် သဘောဆန္ဒကို မလေးရှားသံအမတ်ကြီးအား ဒုတိယဝန်ကြီးက အသိပေးပြောကြားခဲ့ပြီး မြန်မာနိုင်ငံအပေါ် အဖွဲ့အစည်းအချို့က ရည်ရွယ်ချက်ရှိရှိဖြင့် ထိုးနှက်ဆောင်ရွက်နေသည့် မဟုတ်မမှန် သတင်းများဖြင့် ဝါဒဖြန့်မှုများကြောင့် နားလည်မှုလွဲမှားခြင်းမျိုးမဖြစ်ရန် လိုအပ်ကြောင်းနှင့် အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပဋိပက္ခအငြင်းပွားမှုများဖြစ်ပေါ်လာပါက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထား၍ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းသည့်မူကို စောင့်ထိန်းရန်အရေးကြီးကြောင်း ဒုတိယဝန်ကြီးက ပြောကြားခဲ့ကြောင်းလည်း သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက ရခိုင်ဒေသအရေးကိစ္စအား ဖြေရှင်းနိုင်ရေးအတွက် ဒေါက်တာကိုဖီအာနန်ဦးဆောင်သည့် ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်နှင့် အမျိုးသားအဆင့် စုံစမ်းစစ်ဆေးရေးကော်မရှင်တို့ကို ဖွဲ့စည်းဆောင်ရွက်နေမှုများအပါအဝင် မြန်မာနိုင်ငံအနေဖြင့် အားသွန်ခွန်စိုက်ကြိုးပမ်းဆောင်ရွက်နေသည်များကို ရှင်းလင်းပြောကြားခဲ့ပြီး နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် ရခိုင်ဒေသလုံခြုံရေးနှင့် တည်ငြိမ်အေးချမ်းရေး၊ လူ့အသိုက်အဝန်းနှစ်ခုအကြား ပိုမိုကောင်းမွန်သည့် ဆက်ဆံရေးကို တည်ထောင်နိုင်ရေးတို့အတွက် မြန်မာနိုင်ငံ၏ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကူညီပံ့ပိုးပေးရန် လိုအပ်ကြောင်း၊ အခြေအမြစ်မရှိသည့် သတင်းအချက်အလက်များကို အခြေပြု၍ ပြဿနာအတွက် ဖြေရှင်းရန် နည်းလမ်းရရှိရေးထက် ပြဿနာပိုမိုကြီးထွားမှုကို ဖြစ်စေနိုင်သည့် ဝေဖန်ပြောကြားမှုများကို ရှောင်ရှားသင့်ကြောင်း။

အစွန်းရောက်လှုပ်ရှားမှုများ ဖြစ်ပေါ်စေသည့် ဆောင်ရွက်ချက်မှန်သမျှသည် အာဆီယံ၏ စည်းလုံးညီညွတ်မှုကိုသာမက ဒေသတွင်းအေးချမ်းတည်ငြိမ်ရေးကိုလည်း ထိပါးစေနိုင်ကြောင်းနှင့် မြန်မာနိုင်ငံအနေဖြင့် အာဆီယံဒေသတွင်း၌သာမက ဒေသပြင်ပတွင်ပါ ညီညွတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း အသိပေးပြောကြားခဲ့ကြောင်း အဆိုပါသတင်းထုတ်ပြန်ချက်အရ သိရသည်။ **(သတင်းစဉ်)**

# မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်

**ရန်ကုန် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ၏ ဟိုတယ်နှင့်ခရီးသွားကဏ္ဍအပါအဝင် အခြားဆက်စပ်ကဏ္ဍများ စနစ်တကျနှင့် ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အားသာချက်၊ အားနည်းချက်နှင့် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများကို တင်ပြဆွေးနွေးအဖြေရှာရန်ရည်ရွယ်၍ ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ တော်ဝင်ဂါးဒင်းဟိုတယ်၌ ကျင်းပသည့် တာဝန်သိခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဖိုရမ် တတိယနေ့ အခမ်းအနားတွင် ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်က မြန်မာနိုင်ငံကို ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်ကြောင်း အဖွင့်အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ဒေသတွင်းအဖွဲ့အစည်းများဖြစ်ကြသည့် ASEAN, GMS, BIMSTEC, ACMECS, CLMV စသည့် အဖွဲ့အစည်းများနှင့် မိမိနိုင်ငံ၏ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးသာမက ဒေသတွင်းခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကိုပါ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း၊ အာဆီယံနှင့်စပ်လျဉ်း၍ အာဆီယံတည်ထောင်ခြင်း နှစ်(၅၀)ပြည့် အထိမ်းအမှတ်ဖြစ်သည့် Visit Asean@50:Golden Celebration ကို လာမည့် ၂၀၁၇ ခုနှစ်တွင် ကျင်းပရန်ရှိသည့်အတွက် မြန်မာနိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွားများ ပိုမိုလာရောက်လည်ပတ်နိုင်စရာရှိကြောင်း ပြောကြားသည်။

ထို့အပြင် အာဆီယံခရီးသွားလုပ်ငန်းဖိုရမ် ၂၀၁၇ (စင်ကာပူ)တွင် ခရီးသွားလုပ်ငန်းဝန်ကြီးများက Campaign စတင်ကြောင်း တရားဝင်ကြေညာမည်ဖြစ်ကြောင်း၊ အဆိုပါ Campaign အတွက် အားလုံးပူးပေါင်းပါဝင်ကြရန် ဤနေရာကနေ ဖိတ်ခေါ်ပါကြောင်း၊ အာဆီယံဒေသကို ရေရှည်တည်တံ့ခိုင်မြဲသည့် ခရီးစဉ်ဒေသအဖြစ် အကောင်အထည်ဖော်ရာတွင် မြို့ပြနှင့် ကျေးလက်ခရီးစဉ်ဒေသများ ရေရှည်တည်တံ့ခိုင်မြဲရေးစံနှုန်းများ ရေးဆွဲခြင်း၊ စစ်ဆေးအကဲဖြတ်ခြင်း၊ စံနှုန်းများ လိုက်နာဆောင်ရွက်နိုင်မည့် ခရီးစဉ်ဒေသများကို ၂၀၁၈ ခုနှစ်မှ ဆုချီးမြှင့်ခြင်းတို့ကို သက်ဆိုင်ရာ Stakeholder များနှင့် ပူးပေါင်းဆောင်ရွက်သွားရန်ရှိကြောင်း ပြောကြားသည်။

အဆိုပါဖိုရမ်တွင် အသင်း ၁၁ သင်းအနေဖြင့် ခရီးသွားလုပ်ငန်းရန်ပုံငွေထားရှိရေး၊ ပြည်တွင်းလေကြောင်းလိုင်း ဈေးနှုန်းနှင့် ခရီးစဉ်ဒေသဈေးနှုန်းကြီးမြှင့်ခြင်း၊ ဗီဇာသက်တမ်းတိုးမြှင့်ခြင်း၊ ဟိုတယ်နှင့် စားသောက်ဆိုင်များတွင် ယစ်မျိုးလိုင်စင်လျှောက်ထားလိုခြင်း၊ ခရီးသွားလုပ်ငန်းကုမ္ပဏီများမှ အခွန်ကင်းလွတ်ခွင့်ရရှိလိုခြင်း၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ခရီးစဉ်ဒေသအလိုက် ကျွမ်းကျင်သူစစ်ဆေးအကဲဖြတ်လက်မှတ်ထုတ်ပေးရေးဆောင်ရွက်လိုခြင်း၊ ကမ္ဘာလှည့်ခရီးသွားများ ကျန်းမာရေးဆိုင်ရာ အာမခံကိစ္စရပ်များဆောင်ရွက်လိုခြင်းစသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

“အဲဒီ ဆွေးနွေးချက်တွေကို ဖြေရှင်းဖို့နည်းလမ်းသုံးလမ်းပဲရှိပါတယ်။ မြန်မာနိုင်ငံခရီးသွားလုပ်ငန်းအဖွဲ့ချုပ်နဲ့ ညီနောင်အသင်းအဖွဲ့တွေအကြား ညှိနှိုင်းဆောင်ရွက်ရမယ့်ကိစ္စတွေရှိသလို ဝန်ကြီးဌာနက ဖြေရှင်းဆောင်ရွက်ပေးမယ့်ကိစ္စရပ်တွေ၊ ဆက်စပ်ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းဆောင်ရွက်ရမယ့်ကိစ္စရပ်တွေ၊ ဝန်ကြီးဌာနအဆင့်နဲ့ ကိုင်တွယ်ဖြေရှင်းမရတဲ့ ကိစ္စရပ်တွေကို နိုင်ငံတော်အဆင့်သို့တင်ပြပြီး ဆောင်ရွက်ဖြေရှင်းပေးသွားမှာဖြစ်ပါတယ်”ဟု ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

အဆိုပါဖိုရမ်ကို ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ ကျင်းပခဲ့ပြီး အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင်နှင့် တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ကရင်တိုင်းရင်းသားလူမျိုးရေးရာ ဝန်ကြီး ဒေါ်နော်ပန်းသဉ္ဇာမျိုးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်း အဝန်းအဝိုင်းမှ ညီနောင်အသင်းအဖွဲ့များ၊ ပညာရှင်များ တက်ရောက်ဆွေးနွေးကြသည်။

**ဇာနည်မောင်**

# မွန်ပြည်နယ်ဘီးလင်းမြို့နှင့် ကျိုက်ထိုမြို့များတွင် အခြေခံပညာကျောင်းများ ဆောက်လုပ်ရန် ပန္နက်တင်အခမ်းအနား ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကော့ကဒွတ်စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများ၌ အာရ်စီတစ်ထပ်ကျောင်းဆောင်များ ပန္နက်တင်မင်္ဂလာ အခမ်းအနားကို ဒီဇင်ဘာ ၄ ရက် နံနက်ပိုင်းက အဆိုပါကျောင်းများ၌ ကျင်းပရာ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဘီးလင်းမြို့နယ် ကော့ကဒွတ်စံပြကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းခွဲနှင့် ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်းများ၏ သတ်မှတ်နေရာများတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးမင်းမင်းဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အလှူရှင်ရွှေတောင်လုပ်ငန်းစုဥက္ကဋ္ဌ ဦးအိုက်ထွန်းနှင့် တာဝန်ရှိသူများက ပန္နက်တင်ပေးကြသည်။



ဘီးလင်းမြို့နယ် ကော့ကဒွတ်စံပြကျေးရွာ အထက်တန်းကျောင်းခွဲမှာ အလျား ပေ ၁၂၀၊ အနံ ပေ ၃၀ စုစုပေါင်းအကျယ်အဝန်း စတုရန်းပေ ၃၆၀၀၊ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျောင်းသားဦးရေ ၂၄၀ ဆံ့ကာ စုစုပေါင်းကုန်ကျ ငွေကျပ်သိန်း ၈၂၀ ဖြစ်သည်။

ကျိုက်ထိုမြို့နယ် ပျဉ်းကတိုးကျေးရွာ မူလတန်းလွန်ကျောင်းမှာ အလျား ပေ ၉၀၊ အနံ ပေ ၃၀ စုစုပေါင်းအကျယ်အဝန်း စတုရန်းပေ ၂၇၀၀၊ အာရ်စီတစ်ထပ် အဆောက်အအုံဖြစ်ပြီး ကျောင်းသားဦးရေ ၁၈၀ ဆံ့ကာ စုစုပေါင်းကုန်ကျ ငွေကျပ်သိန်း ၆၂၀ ဖြစ်သည်။

ရွှေတောင်လုပ်ငန်းစုမှ ကျောင်းနေအရွယ် ကလေးများအားလုံး ပညာသင်ကြားနိုင်ရန် ရည်ရွယ်၍ ကျောင်းများ ဆောက်လုပ်လှူဒါန်းလျက်ရှိရာ အဆိုပါကျောင်းများကို ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်တွင် ဆောက်လုပ်ပြီးစီးရန် လျာထားကြောင်း သိရသည်။ **(သတင်းစဉ်)**

# နယ်မြေမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်ရာတွင်ပါဝင်သည့် မသင်္ကာသူ လေးဦးအား ငွေကြေးများနှင့်အတူ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့နယ် သဝန်ချောင်းမြောက်နှင့် ချိန်ခါလီ ကျေးရွာတို့မှ နယ်မြေမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်ရာတွင်ပါဝင်သည့် မသင်္ကာသူ လေးဦးအား ယမန်နေ့ ညနေပိုင်းက လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးရမိကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

တစ်ဖက်နိုင်ငံမှ ငွေကြေးများ လွှဲပြောင်း/လက်ခံရယူပြီး နယ်မြေမတည်မငြိမ်ဖြစ်စေရန် လှုံ့ဆော်လျက်ရှိကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဒီဇင်ဘာ ၆ ရက် ညနေ ၅ နာရီခွဲတွင် သဝန်ချောင်း(မြောက်)ကျေးရွာနှင့် ချိန်ခါလီကျေးရွာများသို့ သွားရောက်စစ်ဆေးရာ မသင်္ကာဖွယ်တွေ့ရှိရသည့် သဝန်ချောင်းကျေးရွာနေ ဂျာဟန်စီနှင့် အင်မီလောလ် (ခ) အောင်မိုး၊ ချိန်ခါလီကျေးရွာနေ ဂျာဘူကူးမားနှင့် မော်လဝီတာဆိမ်းအလီတို့ လေးဦးအား ငွေကျပ် သိန်း ၃၀ နှင့်အတူ ဖမ်းဆီးရမိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အင်မီလောလ်၏ ထွက်ဆိုချက်အရ အဆိုပါငွေများအား မတည်မငြိမ်မှုများဖြစ်စေရန် လှုံ့ဆော်ရာတွင် အသုံးပြုရန်အတွက် မောင်တောမြို့ မြို့မ ကညင်တန်းနေ ဂျာဘော်ရော်ဒိန်ထံမှ လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူ လေးဦးအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး စစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



ဒီဇင်ဘာ ၇ ရက်က ရှမ်းပြည်နယ်(မြောက်ပိုင်း)သီပေါမြို့နယ် မိုးတေကျေးရွာအုပ်စု နောင်သကြား/မန်ကောင်းကျေးရွာ ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိစစ်ဘေးရှောင်လျက်ရှိသည့် အိမ်ထောင်စု ၃၅ စု၊ လူဦးရေ ၁၂၀ တို့အား မြန်မာနိုင်ငံကြက်ခြေနီအသင်းကပေးပို့လှူဒါန်းသော အသုံးအဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (၂၄၇)

# နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းအား TNLA အကြမ်းဖက်သောင်းကျန်းသူများက နှောင့်ယှက်ပစ်ခတ်

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းအား ယမန်နေ့ညပိုင်းက TNLA လက်နက်ကိုင်အဖွဲ့က နှောင့်ယှက်ပစ်ခတ်ခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

နမ့်ခမ်းမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်း အခြေပြုသည့်နေရာအား ဒီဇင်ဘာ ၆ ရက် ည ၉ နာရီ ၁၅ မိနစ်ခန့်က TNLA လက်နက်ကိုင်အဖွဲ့အင်အား ၁၅ ဦးခန့်က လက်နက်ကြီး၊ လက်နက်ငယ်များဖြင့် နှောင့်ယှက်ပစ်ခတ်သဖြင့် တပ်မတော်စစ်ကြောင်းများက ပြန်လည်ပစ်ခတ်တိုက်ခိုက်ရာ ၎င်းလက်နက်ကိုင်အဖွဲ့သည် အရှေ့ဘက်သို့ဆုတ်ခွာသွားကြောင်းနှင့် တပ်မတော်စစ်ကြောင်းများက နယ်မြေရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# သီပေါမြို့နှင့် မန်တုံမြို့နယ်တို့သို့ စစ်ဘေးရှောင်ပြည်သူများ ထပ်မံရောက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

သီပေါမြို့နှင့် မန်တုံမြို့နယ်တို့ရှိ စစ်ဘေးရှောင်ကယ်ဆယ်ရေးစခန်းများသို့ ဒီဇင်ဘာ ၆ ရက် အထိ စစ်ဘေးရှောင်ပြည်သူများ ထပ်မံရောက်ရှိလာကြရာ သီပေါမြို့ မန်တောင်းကျေးရွာ အခြေခံမူလတန်းကျောင်း(ခွဲ)၌ အိမ်ထောင်စု ၃၅ စုမှ လူဦးရေ ၁၂၀ စစ်ဘေးရှောင် ရောက်ရှိပြီး မြို့နယ်အတွင်းရှိ လူမှုရေးအသင်းအဖွဲ့များနှင့် စေတနာရှင်ပြည်သူများက ငွေကျပ် ၁၉၀၀၀၀ နှင့် စားသောက်ကုန်မျိုးစုံ လှူဒါန်းခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် မန်တုံမြို့နယ် မော်ထိုက်၊ နားလေ၊ နမ့်ဟူနှင့် နမ့်ဟိုင်းကျေးရွာတို့မှ စစ်ဘေးရှောင်ပြည်သူများသည် နမ္မတူမြို့သို့ရောက်ရှိလာပြီး ရွှေမြင်သာဘုန်းကြီးကျောင်းတွင် အိမ်ထောင်စု ခုနစ်စုမှ လူဦးရေ ၁၈ ဦး၊ လီဆူဘုရားကျောင်းတွင် အိမ်ထောင်စု တစ်စုမှ လူဦးရေ နှစ်ဦး၊ ရိုမန်ကက်သလစ်ဘုရားကျောင်းတွင် အိမ်ထောင်စု တစ်စုမှ လူဦးရေ သုံးဦးနှင့် ကချင်နှစ်ခြင်းကျောင်းတွင် အိမ်ထောင်စု နှစ်စုမှ လူဦးရေ ခုနစ်ဦးတို့ စစ်ဘေးရှောင် ရောက်ရှိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# လားရှိုး-သိန္နီ ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် ဒေသန္တရလက်လုပ်မိုင်း တစ်လုံးတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုး-သိန်းနီ ပြည်ထောင်စုကားလမ်းမကြီးဘေးတွင် ယမန်နေ့ မွန်းလွဲပိုင်းက တပ်မတော်စစ်ကြောင်းမှ ဒေသန္တရလက်လုပ်မိုင်းတစ်လုံး တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးမှ သတင်းထုတ်ပြန်ထားသည်။

သိန်းနီမြို့နယ်အတွင်း တပ်မတော်စစ်ကြောင်းမှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် စံလောင်းကျေးရွာနှင့် လားရှိုး-သိန်းနီ ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် (၁၉၆/၇) အနီး လမ်းဘေးတွင် ယမန်နေ့ မွန်းလွဲ ၁ နာရီခန့်က အချင်း ၃ လက်မ၊ အမြင့် ၆ လက်မခန့်အရွယ်ရှိ ပလတ်စတစ်ကော်ဘူးဖြင့် ပြုလုပ်၍ အစိမ်းရောင်ပီနံအိတ်ဖြင့် ပတ်ထားသော ဒေသန္တရလက်လုပ်မိုင်းတစ်လုံးအား တွေ့ရှိသဖြင့် ရှင်းလင်းခဲ့ကြောင်းနှင့် ၎င်းဝန်းကျင်နယ်မြေရှင်းလင်းရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



# ကျွန်းပေါက်ပြုစုကျေးရွာ ယာယီဈေးဆိုင်တန်း မီးလောင်မှုဖြစ်ပွား

**နေပြည်တော် ဒီဇင်ဘာ ၇**

မောင်တောမြို့နယ် ကျွန်းပေါက်ပြုစုကျေးရွာ ယာယီဈေးဆိုင်တန်း၌ ယမန်နေ့ နံနက်အစောပိုင်းက မီးလောင်မှုဖြစ်ပွားပြီး ယာယီဆိုင်ခန်း ၃၅ ခန်း မီးလောင်ဆုံးရှုံးခဲ့ကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

ဖြစ်စဉ်မှာ ယာယီဈေးဆိုင်တန်းတွင် စားသောက်ကုန်ပစ္စည်းများရောင်းချသည့် ရော်ဖီးမူလာနှင့် ၎င်း၏သားတို့သည် ဈေးဆိုင်၌ ညအိပ်စောင့်နေစဉ် ကျွန်းပေါက်ပြုစုရွာနေ အဒူမာကျက်သည် ဈေးဆိုင်အတွင်းမှ ပစ္စည်းများခိုးယူရန် စောင့်ဆိုင်းနေစဉ် ဖမ်းဆီးရမိခဲ့သဖြင့် ကျေးရွာသားများက ဝိုင်းဝန်းဆုံးမပြီး ပြန်လွှတ်ပေးခဲ့ရာမှ မကျေနပ်၍ ဈေးဆိုင်တန်းများအား မီးရှို့ထွက်ပြေးသွားခြင်းဖြစ်ကြောင်း သိရသည်။

မီးလောင်မှုကြောင့် ၁၀ ပေ ပတ်လည် ဓနိမိုး၊ ထရံကာ ဆိုင်ခန်း ကိုးခန်းနှင့် ၅ ပေအကျယ်၊ ၅ ပေ အမြင့် သက်ငယ်မိုး အခင်းအကာမရှိသည့် ယာယီဈေးဆိုင် ၂၆ ခန်း စုစုပေါင်း ၃၅ ခန်း မီးလောင်ကျွမ်းခဲ့ပြီး ကာလတန်ဖိုး ၂ သိန်းကျပ်ခန့် ဆုံးရှုံးခဲ့ကြောင်းနှင့် တရားခံအားဖမ်းဆီးရမိရေး နယ်မြေခံရဲတပ်ဖွဲ့မှ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**



**မြန်မာနိုင်ငံစာရေးဆရာအသင်းမှ ဒီဇင်ဘာ ၃ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ မြို့တော်ခန်းမ၌ ကျင်းပသော ၁၃၇၈ ခုနှစ် မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်သက်ကြီးစာပေပညာရှင်များ ပူဇော်ကန်တော့ပွဲအခမ်းအနားသို့ မတက်ရောက်နိုင်သော ကန်တော့ခံသက်ကြီးစာပေပညာရှင် ဆရာကြီး ဖိုးသောကြာ(ခေတ်+မိုး)အား ပုဗ္ဗန်တောင်မြို့နယ်စာရေးဆရာအသင်းက ဒီဇင်ဘာ ၆ ရက်တွင် ကန်တော့ငွေနှင့် ကန်တော့ခံပစ္စည်းများအား အိမ်တိုင်ရာရောက်သွားရောက်ပေးအပ်စဉ်။**

(ခင်လပြည့်ဝန်း)

# မုံးကိုးရဲစခန်းဝင်းနှင့် အထကကျောင်းဝင်းအတွင်းမှ ရဲတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများတွေ့ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မူဆယ်မြို့နယ် မုံးကိုးမြို့အတွင်း တပ်မတော်စစ်ကြောင်းများ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် မုံးကိုးတိုက်ပွဲအတွင်း ပျောက်ဆုံးခဲ့သော ရဲတပ်ဖွဲ့ဝင်များ၏ ရုပ်အလောင်းများ တွေ့ရှိခဲ့ရကြောင်း နိုင်ငံတော်အတိုင်ပင်ခံရုံး သတင်းထုတ်ပြန်ရေးကော်မတီမှ သတင်းထုတ်ပြန်ထားသည်။

မုံးကိုးဒေသတိုက်ပွဲဖြစ်စဉ်များအတွင်း ဒီဇင်ဘာ ၂ ရက်က KIA/TNLA/MNDAA ပူးပေါင်းလက်နက်ကိုင်အဖွဲ့များမှ သာလွန်အင်အားဖြင့် မုံးကိုးနယ်မြေရဲစခန်းအား ဝင်ရောက်တိုက်ခိုက်ခဲ့ရာ ရဲတပ်ဖွဲ့ဝင် ၁၆ ဦး အဆက်အသွယ်ပြတ်တောက် ပျောက်ဆုံးခဲ့ကြောင်း သိရသည်။

တပ်မတော်စစ်ကြောင်းများက မုံးကိုးဒေသအတွင်း ဒီဇင်ဘာ ၄ ရက်တွင် နယ်မြေရှင်းလင်းစဉ် မုံးကိုးမြို့ ရပ်ကွက်(၅)အတွင်း ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ရုပ်အလောင်းများအား ရှာဖွေတွေ့ရှိခဲ့ပြီး တစ်ဖက်နိုင်ငံအတွင်း ရောက်ရှိသွားသည့် ရဲတပ်ဖွဲ့ဝင် တစ်ဦးနှင့် အဆက်အသွယ်ရရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းတွင် မုံးကိုးရဲစခန်းအနီး စာသင်ကျောင်းအတွင်း အုတ်ရေကန်အနီး၌ ရဲတပ်ဖွဲ့ဝင်နှစ်ဦး၏ ရုပ်အလောင်းအားလည်းကောင်း၊ စာသင်ကျောင်းနှင့် ရဲစခန်းအကြား လယ်ကွင်းပြင်တွင် ရဲတပ်ဖွဲ့ဝင်ငါးဦး၏ ရုပ်အလောင်းအားလည်းကောင်း၊ ရဲတပ်ဖွဲ့ဝင်နှစ်ဦးအား မုံးကိုးရဲစခန်းအတွင်းမှလည်းကောင်း ပြန်လည်တွေ့ရှိခဲ့ကြောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် မုံးကိုးစာသင်ကျောင်းအတွင်းမှ ရဲတပ်ဖွဲ့ဝင်တစ်ဦးအား ထပ်မံတွေ့ရှိခဲ့သဖြင့် ပျောက်ဆုံးရဲတပ်ဖွဲ့ဝင် ၁၆ ဦး အနက် အသက်ရှင်လျက်ပြန်တွေ့သူ လေးဦး၊ ကျဆုံးကိုးဦးနှင့် ပျောက်ဆုံးဆဲ သုံးဦးဖြစ်ကြောင်း သိရှိရသည်။

ထို့ပြင် မုံးကိုးရဲစခန်းတိုက်ခိုက်ခံရမှုဖြစ်စဉ်အတွင်း ကျန်းမာရေးမကောင်းသည့် ရဲတပ်ဖွဲ့ဝင်တစ်ဦး၏ ဇနီးနှင့် အခြားအရပ်သားတစ်ဦးတို့ပါ သေဆုံးခဲ့ရကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

**○ အာဆီယံမှ**

မြန်မာအသင်းနည်းပြချုပ် ဂတ်ဖရိုင်းဒရစ်က “ထိုင်းအသင်းဟာ အာဆီယံရဲ့ အကောင်းဆုံးအသင်းဖြစ်သလို လက်ရှိအချိန်မှာ ဗိုလ်လုပွဲရောက်ဖို့ ၅၀ ရာခိုင်နှုန်းဖြစ်နေပါပြီ။ ဒါပေမယ့် ကျွန်တော်တို့အသင်းအနေနဲ့လည်း နောက်ဆုံးအချိန်အထိအခွင့်အရေးရှိပါသေးတယ်။ မြန်မာပရိသတ်တွေလက်ခံလောက်တဲ့ ခြေစွမ်းမျိုးဖြစ်ဖို့ ဦးစားပေးပြင်ဆင်ထားပြီး အခွင့်အရေးတွေ အသုံးချနိုင်အောင် ကြိုးပမ်းသွားမှာပါ။ တစ်ဦးချင်းအမှားမရှိအောင်ကစားပြီး မြန်မာပရိသတ်တွေအတွက် အကောင်းဆုံးကြိုးစားမှာပါ” ဟု ပြောကြားသည်။

ယခုပွဲကို မြန်မာနိုင်ငံမှ ပရိသတ်များအပြင် ထိုင်းနိုင်ငံရောက် မြန်မာပရိသတ်များလည်း အားပေးမည်ဖြစ်သည်။ **(ရှိုင်းထက်ဇော်)**

## စိုက်ပျိုးရေးလုပ်ကိုင်သူများအား မြေဆီလွှာနှင့် မျိုးစေ့အကြောင်း အသိပညာပေး

**ဘားအံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံမြို့တွင် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်ကာ စိုက်ပျိုးရေးဦးစီးဌာန၊ MEDA အဖွဲ့နှင့် NAG အဖွဲ့တို့ပူးပေါင်း၍ မြေဆီလွှာနှင့် မျိုးစေ့အကြောင်း အသိပညာပေးသင်တန်းကို နိုဝင်ဘာ ၂၉ ရက်က စိုက်ပျိုးရေးဦးစီးဌာန စက်မှုသီးနှံသင်တန်းခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဝင်းလှိုင်ဦးက အဖွင့်အမှာစကားပြောကြားပြီး MEDAမှ ကိုယ်စားလှယ်တစ်ဦးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်အား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းတွင် မျိုးစေ့မျိုးဆန်ခွဲခြားခြင်းနှင့် မျိုးကောင်းမျိုးသန့် ရွေးချယ်ခြင်း၊ စပါးစေ့များဆားရည်စိမ်မျိုးညှောက်ဖောက်နည်း၊ ရွက်ဖျန်းဖျော်ရည်ဖျော်စပ်နည်းများ၊ မြေဆီလွှာမြေအမျိုးအစား၊ သီးနှံအလိုက်ရှိသင့်သော မြေပီအိပ်ချ်၊ မြေဆီလွှာတွင်ရှိသော အာဟာရဓာတ် ၆၀ နှင့် ၁၆ မျိုး၊ မြေချဉ်/မြေငန်အကြောင်းနှင့် အဏုဇီဝပိုး၊ မြေဆီလွှာတွင်ပါဝင်သော သစ်ဆွေးမြေနှင့် ပြုပြင်ရန်နည်းများ၊ ထုံးထည့်ခြင်းဖြင့်ဓာတ်ဖလှယ်ခြင်း၊ သစ်ဆွေးမြေဩဇာ လက်တွေ့ပြုလုပ်နည်းများကို စိုက်ပျိုးရေးပညာရှင်များက သင်တန်းသို့တက်ရောက်လာကြသော ဘားအံမြို့နယ်၊ လှိုင်းဘွဲ့မြို့နယ်များရှိ ကျေးရွာများဖြစ်သော နောင်ဘောက်၊ ဝင်းပုတ်၊ မိသရောင်၊ ရွှေကဲ၊ ကျွန်းရွာ၊ ရွာကြီး၊ ပအိုဝ့်စု၊ နောင်သင့်၊သမွာန်၊ ကမ်းနား၊ စိန်မြရံ၊ တဝန်ဖန်ရ၊ နားဒိတ်၊ နောင်နေ၊ ကော့လန်စူ၊ စုစုပေါင်းကျေးရွာ ၁၅ ရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ သင်တန်းသား သင်တန်းသူ ၃၅ ဦးအား နှစ်ရက်တာ ပို့ချပေးခဲ့ကြောင်း သိရသည်။

**နေမျိုးလွင်(ပြန်/ဆက်)**

❑



## မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား

**မြောက်ဦး ဒီဇင်ဘာ ၇**

ရခိုင်ရှေးဟောင်းယဉ်ကျေးမှုဒေသရှိ ဘုရားစေတီပုထိုးများ၊ ရခိုင်ယဉ်ကျေးမှုအမွေအနှစ်လက်ရာများ၊ သဘာဝအလှရှုခင်းများ ၊ တိုင်းရင်းသားများ၏ ရိုးရာဓလေ့များကို လေ့လာနိုင်ရန် မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ မြောက်ဦးမြို့သို့ လာရောက်လည်ပတ်မှု များပြားလျက်ရှိသည်။

ရခိုင်ယဉ်ကျေးမှု အမွေအနှစ်များတည်ရှိရာ ရခိုင်အနုပညာဗိသုကာလက်ရာများကို ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လေ့လာမှု များပြားလျက်ရှိသည်။

မြောက်ဦးမြို့သို့ လာရောက်လည်ပတ်လျက်ရှိသော နိုင်ငံခြားသားများက မြောက်ဦးမြို့သို့ လာရောက်လည်ပတ်ရသည့်အတွက် အလွန်ပျော်ရွှင်ကျေနပ်မိကြောင်း၊ ရှေးဟောင်း ရခိုင်ယဉ်ကျေးမှုအမွေအနှစ်များ၊ ရခိုင်အနုပညာ ဗိသုကာလက်ရာများကို အနီးကပ်မြင်ရတော့ များစွာအံ့ဩမိကြောင်း ပြောသည်။

မြောက်ဦးမြို့သို့ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ လာရောက်လည်ပတ်လေ့လာမှုသည် တစ်နှစ်ထက်တစ်နှစ် များပြားလျက်ရှိကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ သဘောထားအမြင်များ ဆွေးနွေး

**ပူတာအို ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် ပူတာအိုမြို့တွင် ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ ပြည်သူများ၏ သဘောထားအမြင်များကို ဆွေးနွေးခြင်းနှင့် သဘောထားမှတ်ချက်များကောက်ယူခြင်းကို ဒီဇင်ဘာ ၆ ရက် မွန်းလွဲ ၂ နာရီက ပူတာအိုမြို့ ဖုန်ကန်ရာဇီခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းပညာရေးတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာစောပြုံးနိုင်နှင့် မြန်မာ့ပတ်ဝန်းကျင်သိပ္ပံ ဒါရိုက်တာ ဒေါ်ခင်ဥမ္မာထွေးတို့က မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့်တွေ့ဆုံကာ မြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ သဘောထားအမြင်များ ကောက်ရသည့်အကြောင်းအရင်းများ၊ ဧရာဝတီမြစ်ဆုံရေအားလျှပ်စစ်စီမံကိန်းနှင့်ပတ်သက်၍ သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးစေလိုကြောင်း ပြောကြားပြီး အခမ်းအနားတက်ရောက်လာသည့် မြို့နယ်အဆင့်ဌာနဆိုင်ရာများက ဧရာဝတီမြစ်ဆုံ ရေအားလျှပ်စစ်စီမံကိန်းကြောင့်ဖြစ်ပေါ်လာနိုင်သည့် ကောင်းကျိုး၊ဆိုးကျိုး သဘောထားအမြင်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာလုပ်ငန်းသင်တန်း သီပေါမြို့၌ဖွင့်

**သီပေါ ဒီဇင်ဘာ ၇**

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနက ကြီးမှူးဖွင့်လှစ်သော ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းသင်တန်းဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ မြို့လယ်ရပ်ကွက်ရှိ သီပေါဟိုတယ်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ရှမ်းပြည်နယ်(မြောက်ပိုင်း) တာဝန်ခံ (လားရှိုး) ဒုတိယညွှန်ကြားရေးမှူး ဦးသက်လင်းက ရှမ်းပြည်နယ်မြောက်ပိုင်းရှိ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များ အနေဖြင့် သဘာဝအရင်းအမြစ်များနှင့် သာယာလှပသော ရှုခင်းများပေါကြွယ်ဝသဖြင့် ပြည်တွင်း၊ပြည်ပ ခရီးသွားများ နှစ်ခြိုက်သည့်မြို့များအဖြစ် အဝင်၊အထွက်များသော ဒေသဖြစ်ရာ ဟိုတယ်ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းများ သိရှိနားလည်သဘောပေါက်စေလို၍ သင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါအခမ်းအနားသို့ သီပေါမြို့နယ်မှ လုပ်ငန်းရှင်များ၊ သီပေါ၊ ကျောက်မဲ၊ နောင်ချိုမြို့နယ်များမှ သင်တန်းသား ၁၂၅ ဦး တက်ရောက်ပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## စက်ကုန်းနှင့် ချောင်းဖျားကျေးရွာတို့၌ ဒုတိယအကြိမ် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေး

**နေပြည်တော် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြီးကြပ်မှုဖြင့် နေပြည်တော် ဇေယျာသီရိမြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းကျေးရွာ ခုနစ်ရွာဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ခေတ်အေးကျေးရွာအုပ်စု စက်ကုန်းနှင့် ချောင်းဖျားကျေးရွာတို့၌ ဒုတိယအကြိမ် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းအခမ်းအနားကို ဒီဇင်ဘာ ၂ ရက် နံနက်ပိုင်းက အဆိုပါကျေးရွာများ၌ ကျင်းပသည်။

ဒုတိယအကြိမ် မြစိမ်းရောင်အရင်းမပျောက် လည်ပတ်ရန်ပုံငွေ ထုတ်ချေးရာတွင် ဇေယျာသီရိမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်တာဝန်ခံ ဦးသက်မြင့်ထွန်း၊ ကျေးလက်ဝန်ထမ်းများနှင့် ခေတ်အေးကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်ညွန့်တို့က ကွင်းဆင်းကြီးကြပ်ပေးအပ်ခဲ့သည်။

ထိုသို့ ဆောင်ရွက်ရာတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၄၅ ဦးအတွက် ချေးငွေကျပ် ၁၀၇ သိန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၉ ဦးအတွက် ချေးငွေကျပ် ၁၈၁ သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၂၁ ဦးအတွက် ချေးငွေကျပ် ၅၇ ဒသမ ၅ သိန်း၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူတစ်ဦးအတွက် ချေးငွေကျပ်တစ်သိန်း စုစုပေါင်းလုပ်ငန်း လုပ်ကိုင်သူ ၁၆၆ ဦးအတွက် ချေးငွေကျပ် ၃၄၆ ဒသမ ၅ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**(ရွှေရဲရင့်)**

## မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာရေးသူ | စာအုပ် | ဈေးနှုန်း ထုတ်ဝေသည့်တိုက် |
|---|---|---|---|
| ၁ | မာမာအေး | ပြောပြစရာတွေလည်းတစ်ပုံကြီး+CD | ၂၅၀၀ိ/-လင်းလွန်းခင်စာပေ |
| ၂ | မောင်သန်းဆွေ(ထားဝယ်) | ကမ္ဘောဇမင်းသမီးလေး စဝ်စန္ဒာ | ၇၀၀၀ိ/-နေရီရီစာပေ |
| ၃ | မင်းသိခ် | မနောမယ ကိုပီတာ | ၂၅၀၀ိ/- ဘုမ္မာဝတီစာပေ |
| ၄ | ယဉ်ထွန်း | အရှုးတို့တိုင်းပြည် | ၁၂၀၀ိ/-ယဉ်မျိုးစာပေ |
| ၅ | မင်းရဲအိမ် | ငြိမ်းချမ်းရေးရောင်းတဲ့ဆိုင်(နိုင်ငံတကာကဗျာများ) | ၁၅၀၀ိ/-တမာခါးစာပေ |
| ၆ | ဟိန်းလတ် | International Business Letters (ရေးသားနည်းများ) | ၃၀၀၀ိ/-မဇ္ဈိမစာပေ |
| ၇ | ကလောင်စုံ | မိဘဆရာဖတ်စာ | ၂၀၀၀ိ/-လင်းသစ်ရောင်စဉ်စာပေ |
| ၈ | အမျိုးသားစာပေဆုရအောင်စိုး (တိရစ္ဆာန်ဆေးကု) | မြေမြတ်မဟာဗုဒ္ဓဂယာ | ၂၅၀၀ိ/-ဖြိုးစာပေ |
| ၉ | ပန်းချီမျိုးမာန် | အာရှရိုးရာပုံပြင်များ(၂) | ၁၅၀၀ိ/-မြင့်မိုရ်မေမေစာပေ |
| ၁၀ | အကြည်တော် | သုညအတွေးများ | ၁၈၀၀ိ/-စိုးမိုးစာပေ |
| ၁၁ | မန်းတင် | မြို့ပိုင်မောင်ပြုံးချို(ပေါင်းချုပ်) | ၁၀၀၀၀ိ/-စိတ်ကူးချိုချိုစာပေ |
| ၁၂ | ကိုကိုလေး(မြန်မာပြန်) | နောက်ဆုံးတိုက်ပွဲ(သို့မဟုတ်)စစ်တောင်းတိုက်ပွဲ | ၂၅၀၀ိ/-ဟိန်းစာပေ |
| ၁၃ | မောင်ခေတ်ထွန်း | စာဆိုတော်နေ့နိဒါန်း | ၅၀၀ိ/-ရွက်စိမ်းစာပေ |
| ၁၄ | အိုင်ဗင်ဟို | ရွှေဥဒေါင်း | ၂၇၀၀ိ/-ရွက်စိမ်းစာပေ |
| ၁၅ | မောင်ဩ | ဝန်ကြီးမောင်ဩနှင့်အမှတ်ရစရာစာစုများ | ၃၅၀၀ိ/-နေရီရီစာပေ |
| ၁၆ | မောင်မောင်မြင့်သိန်း (စက်မှုတက္ကသိုလ်) | အလုပ်အင်တာဗျူးနည်းလမ်းကောင်းများ | ၂၂၀၀ိ/-စိတ်ကူးချိုချို |
| ၁၇ | ညိုအုံ့(မြန်မာပြန်) | ခရီးကန္တာ(The Long Walk SlavomirRawicz) | ၄၀၀၀ိ/-ရွက်စိမ်းစာပေ |
| ၁၈ | ကလောင်စုံ | ရေကန်ဘေးက မြဝတီမင်းကြီးဦးစရဲ့ထမင်းကြမ်းခဲနှင့် အခြားမော်ဒန်ဝတ္ထုတိုများ | ၂၀၀၀ိ/-သင်းစာပေ |
| ၁၉ | မင်းခက်ရဲ | ဟာန်းနအားရင့်၏ နိုင်ငံရေးအတွေးအခေါ် | ၂၅၀၀ိ/-MKS |
| ၂၀ | မောင်ဇေယျာ | ဗိုလ်မှူးကြီးဗထူး(ရာပြည့်အထိမ်းအမှတ်) (၁၉၁၆-၁၉၄၅) | ၂၀၀၀ိ/-The Key Collection |
| ၂၁ | ပန်းချီ-ကျော်သောင်း ဝတ္ထု-ရွှေဘိုစောလွင် | သည်မေတ္တာလမ်း | ၁၈၀၀ိ/-စိတ်ကူးချိုချို |
| ၂၂ | ကျော်စွာထက် | ဝတ္ထုတိုများ ၁+၂+၃ | ၆၀၀၀ိ/-ငါတို့စာပေ |
| ၂၃ | လွန်းဆက်နိုးမြတ် | ဂလူးကို့စ် | ၁၅၀၀ိ/-အိပ်မက်အသစ်စာပေ |
| ၂၄ | ကလောင်စုံ | လူ့ပုတ်သင်နှင့် အခြားဝတ္ထုတိုများ(ချက်ကော့) | ၂၀၀၀ိ/-ဇေယျာမိုးစာပေ |
| ၂၅ | ဒဂုန်တာရာ | တက္ကသိုလ်ကျောင်းသားဘဝအမှတ်ရချက်များ | ၂၀၀၀ိ/-ဆန်းစသော်တာစာပေ |
| ၂၆ | ဒေါက်တာအောင်တင်ဦး | ၂၁-ရာစုပင်လုံညီလာခံမှသည် တန်းတူရည်တူပြည်ထောင်စုမူသို့ | ၂၀၀၀ိ/-သင်းစာပေ |
| ၂၇ | ဇကလေး | မျက်ခွက်ဘုတ်အုပ်ပေါ်က ဟာသများ | ၂၃၀၀ိ/-ခြူးခြူးစာပေ |
| ၂၈ | အယ်ဒီတာအဖွဲ့(Quality) | အဓိပတိဒေါက်တာဘမော် | ၂၅၀၀ိ/-Quality Publishing House |
| ၂၉ | အယ်ဒီတာအဖွဲ့(Quality) | ကမ္ဘာ့သက်တမ်းအရှည်ဆုံး အာဏာရှင်ဇင်ဘာဘွေသမ္မတရောဘတ်မူဂါဘီ | ၂၅၀၀ိ/-Quality Publishing House |
| ၃၀ | အယ်ဒီတာအဖွဲ့(Quality) | ကမ္ဘာ့အရက်စက်ဆုံးအာဏာရှင် အဒေါ့ဖ်ဟစ်တလာ | ၂၅၀၀ိ/-Quality Publishing House |
| ၃၁ | မောင်မိုးသူ | ပြောစရာတွေကအများကြီး | ၁၈၀၀ိ/-ကြယ်စင်စာပေ |
| ၃၂ | နီဝင်းထွန်း | ကမ်းပါးနီ | ၄၀၀၀ိ/-ယဉ်မျိုးစာပေ |
| ၃၃ | လမင်းအိမ် | ဆရာမိုရီနှင့် အင်္ဂါနေ့များစွာ | ၄၀၀၀ိ/-ပန်းမျိုးတရာစာပေ |
| ၃၄ | ဌေးကိုဌေး | ခေါင်းဖြတ်မုဆိုးများ(ရှေးဦး ဓလေ့မှတ်တမ်း) | ၁၅၀၀ိ/-ယဉ်မျိုးစာပေ |
| ၃၅ | စွမ်းအင်တင်ဦး | စွမ်းအင်လောင်စာချွေတာပါ | ၂၈၀၀ိ/-ကျီတော်စာပေ |
| ၃၆ | မင်းခက်ရဲ | မီရှယ်ဖူးကိုး၏ နိုင်ငံရေးနှင့်လူမှုရေးအတွေးအခေါ် | ၃၀၀၀ိ/-ကျော်မွှေးစာပေ |
| ၃၇ | မောင်သစ်လွင်(လူထု) | နောက်ဆုံးရသတင်းနှစ်ပုဒ်နဲ့ဆက်စပ်သတင်းပုံရိပ်များ | ၂၅၀၀ိ/-ခြူးခြူးစာပေ |
| ၃၈ | လှကျော်ဇော | ဆင်းရဲခြင်းလွတ်ကောင်းအောင် | ၂၀၀၀ိ/-နေရီရီစာပေ |
| ၃၉ | မောင်ဟုန်ဝမ်(ကထိက) | သခင်ကိုယ်တော်မှိုင်းနှင့်ကဗျာ | ၃၀၀၀ိ/-၇၇၇၇ စာပေ |
| ၄၀ | လူပန်နှင်ယ် | ကမ္ဘာဦးကျမ်းထဲကချစ်သူ့မျက်နှာ | ၃၀၀၀ိ/- လူပန်နှိစာပေ |
| ၄၁ | ရွှေဥဒေါင်း | ရူပနန္ဒီ ရူပကလျာဏီ | ၃၀၀၀ိ/-စာပေလောက |
| ၄၂ | ညီညီဖေ | ပညာရေးသဘောတရားနှင့် လက်တွေ့နယ်ပယ်အတွေ့အကြုံ | ၃၅၀၀ိ/-ဉာဏ်လင်းလက်စာပေ |
| ၄၃ | မသဇင် | ဂေါ်ဖီခင်းမှ ယုံတမ်းစကားနှင့် ဂေါ်ဖီခင်းမှစစ်ပွဲ | ၁၅၀၀ိ/-Three Sisters စာပေ |
| ၄၄ | မေရတနာအောင် | ကျွန်တော့်သူငယ်ချင်း ပန်းချီဆရာ | ၁၀၀၀ိ/-Three Sisters စာပေ |
| ၄၅ | သန်းဌေး | ရာဇပလ္လင်ထက်မှာငါးနှစ်တာ | ၃၀၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၄၆ | | ပြည်သူ့အတွက်ပထမရက် ၁၀၀ | ၄၂၀၀ိ/-စာပေဗိမာန်စာပေ |

(ဆက်လက်ဖော်ပြပါမည်)

## ပြည်တွင်းရေးရာ

# လားရှိုးပြည်သူ့ဆေးရုံကြီးဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း(ပထမအဆင့်) အဆောက်အအုံ လွှဲပြောင်းပေးအပ်

**လားရှိုး ဒီဇင်ဘာ ၇**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနနှင့် ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ(JICA)တို့ ပူးပေါင်းဆောင်ရွက်သည့် လားရှိုးပြည်သူ့ဆေးရုံကြီးအဆင့်မြှင့်တင်ခြင်းစီမံကိန်းပထမအဆင့် ပြင်ပလူနာဌာနနှင့် အထူးကုပြင်ပလူနာဌာန၊ ခွဲစိတ်ခွဲဌာန၊သွေးလှူဘဏ်တို့ပါဝင်သော အဆောက်အအုံနှင့်ဆေးရုံသုံးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဒီဇင်ဘာ ၆ ရက် နံနက် ၉ နာရီက လားရှိုးပြည်သူ့ဆေးရုံကြီး အဆောက်အအုံရှေ့၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ လင်းထွဋ်က လားရှိုးပြည်သူ့ဆေးရုံသည် ယခင်ကသာမန်စစ်ဆေးရုံတစ်ခုအဖြစ် သမိုင်းဝင်ခဲ့ပြီး ၁၉၄၆ ခုနှစ်တွင် ပြည်သူ့ဆေးရုံအဖြစ် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက်လာသောဆေးရုံဖြစ်သည့် အားလျော်စွာ ယခုအခါ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံအဖြစ် ဖွဲ့စည်းခွင့်ပြုခဲ့ပြီးဖြစ်ပါကြောင်း၊ ၎င်းအပြင် သင်ကြားရေးဆေးရုံအဖြစ် အောင်မြင်စွာဆောင်ရွက်နိုင်ပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာ သက်ခိုင်ဝင်းက အမှာစကားပြောကြားပြီး မြန်မာနိုင်ငံဆိုင်ရာ ဂျပန်သံရုံးအတွင်းဝန် Mr; Hideaki MATSUO နှင့် JICA (မြန်မာ) ဌာနေကိုယ်စားလှယ်မှူး Keiichiro NAKAZAWA တို့က ဆေးရုံကြီးဆောက်လုပ်ပေးခြင်း လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်ပြီး ဆေးရုံကြီးနှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို JICA (မြန်မာ) ဌာနေကိုယ်စားလှယ် Mr.Hideaki MATSUO က ကုသရေးဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်ထံ လွှဲပြောင်းပေးအပ်ကာ လားရှိုးမြို့ ခုတင် ၅၀၀ ဆံ့ ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာဒီပတ်က ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

ယင်းနောက် ဆေးရုံအဆောက်အအုံသစ်အား ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာမျိုးထွန်း၊ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်ဟန်၊ ဂျပန်သံရုံးအတွင်းဝန် JICA (မြန်မာ)ဌာနေကိုယ်စားလှယ်နှင့် ဆေးရုံအုပ်ကြီး ဒေါက်တာ ဒီပတ်တို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးပြီး ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။ အဆိုပါ အဆောက်အအုံသည် နှစ်ထပ်သံကူကွန်ကရစ် အဆောက်အအုံဖြစ်ပြီး ၂၀၁၅ ခုနှစ် ဇွန် ၁ ရက်က စတင်ဆောက်လုပ်ခဲ့ပြီး ယခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် လုပ်ငန်းပြီးစီးကာ ကုန်ကျစရိတ်ငွေ စုစုပေါင်းမှာ ကျပ် ၈၅၂၉၅၂၀၀၀၀ ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြည်နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနရုံး အဆောက်အအုံနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်မည့်နေရာ ရှင်းလင်းဆောင်သို့ရောက်ရှိရာ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေကိုဒေါက်တာထွန်းသန်းဦးက ရှင်းလင်းတင်ပြရာ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးအောင် ဆောင်ရွက်သွားရန် မှာကြားခဲ့ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသနေသော သိန္နီမြို့နယ် နမ့်တူတံတားပေါက်ကွဲမှုတွင် ဒဏ်ရာရရှိသူ နှစ်ဦးအား ကြည့်ရှု၍ အားပေးစကားပြောကြားပြီး ကူညီထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

မွန်းလွဲပိုင်းတွင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် လားရှိုး တက္ကသိုလ်သို့ သွားရောက်ကာ ပါမောက္ခချုပ်၊ ဆရာ ဆရာမများနှင့် တွေ့ဆုံပြီး ဆောက်လုပ်လျက်ရှိသော အဆောက်အအုံများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး လားရှိုးမြို့ နန်းဟောဝန်ပန်းခြံ၌ အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း ကြေးရုပ်တုထားရှိမှုနှင့် ထိုမှတစ်ဆင့် ရှိုင်းနင်းမြန်မာကုမ္ပဏီ မှ ဆောက်လုပ်လျက်ရှိသော ချယ်ရီ မြိုင်အိမ်ရာအား ကြည့်ရှုစစ်ဆေးခဲ့ပြီး အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တပ်မတော် ခုတင် ၁၀၀ စစ်ဆေးရုံတွင် တက်ရောက်ကုသနေသော ဒဏ်ရာရအရာရှိစစ်သည်များအား အားပေးစကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဟန်ဌေး(လားရှိုး)**



# ဆွေးမြည့်သစ်သားတိုင်များအစား ကွန်ကရစ်တိုင်၊ သံလက်တန်းတို့ဖြင့် အစားထိုးလဲလှယ်

**နတ်တလင်း ဒီဇင်ဘာ ၇**

ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း) သာယာဝတီခရိုင် နတ်တလင်းမြို့ မြို့ပေါ်လေးရပ်ကွက်အတွင်း ဆွေးမြည့်သစ်သားတိုင်နှင့် သံတိုင်များအား ကွန်ကရစ်တိုင်၊ သံလက်တန်းများဖြင့် အစားထိုးလဲလှယ်ခြင်းလုပ်ငန်းကို ၂၀၁၆-၂၀၁၇ တိုင်းဒေသကြီး ဘတ်ဂျက်ခွင့်ပြုငွေဖြင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးညီညီထွန်း ဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ဆောင်ရွက်ခဲ့ရာ ဒီဇင်ဘာ ၁ ရက်အထိ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

အဆိုပါ ဓာတ်အားလိုင်းအား လဲလှယ်တည်ဆောက်မှုပြီးစီးပါက အများပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းရေးနှင့် လျှပ်စစ်ဓာတ်အားပြည့်ဝစွာ သုံးစွဲလာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(၁၄၃)**

# ကျေးလက်လုပ်ငန်းများ စစ်ဆေး

**သထုံ ဒီဇင်ဘာ ၇**

မွန်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးကြည်သည် နိုဝင်ဘာနောက်ဆုံးပတ်က သထုံခရိုင်ဦးစီးမှူးနှင့်အတူ သက်ဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်အကြား ရွှေကျင်မြို့နယ်နှင့် ကျိုက်ထိုမြို့နယ်အစပ် ဝင်းကံကျေးရွာ ကျုံမကူးတံတား ဆောက်လုပ်နေမှုအခြေအနေ၊ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းနှင့် ကျေးရွာတို့ပူးပေါင်းဆောင်ရွက်ခဲ့သည့် ရေစင်၊ ရေကန်တို့အား ကြည့်ရှုစစ်ဆေးခဲ့ပြီး ကျိုက်ထိုမြို့နယ်အတွင်း ဆောင်ရွက်လျက်ရှိသော ကတ္တရာလမ်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကွင်းဆင်းစစ်ဆေး၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# ဈေးကွက်ဝင်ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေး

**ဘားအံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် စိုက်ပျိုးရေးဦးစီးမှူးရုံးမှ ကြီးမှူးကျင်းပသော ဈေးကွက်ဝင်ဆောင်းသီးနှံများ စိုက်ပျိုးနိုင်ရေး ပညာပေးဆွေးနွေးပွဲကို ဒီဇင်ဘာ ၂ ရက်က နဘူးကျေးရွာအုပ်စု တံခွန်တိုင်ကျေးရွာတွင် ပြုလုပ်သည်။

အဆိုပါ နည်းပညာပေးပွဲတွင် တက်ရောက်လာကြသော ကျေးရွာဒေသခံ တောင်သူများအား ခရိုင်ဦးစီးမှူး ဦးလှသိန်း၊ ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ၊ မျိုးစေ့တာဝန်ခံနှင့် မြေအသုံးချရေးတာဝန်ခံတို့က ဆောင်းသီးနှံများဖြစ်သော ပဲမျိုးစုံစိုက်ပျိုးနည်းပညာများနှင့် ဈေးကွက်တွင် ဝယ်လိုအားကောင်းနေသော ပဲမျိုးစုံများအကြောင်း၊ ပဲမျိုးစုံတွင် ကျရောက်တတ်သော ပိုးမွှားရောဂါကြိုတင်ကာကွယ်နည်းများ၊ ကုသနည်းများ၊ ပိုးသတ်ဆေးအသုံးပြုနည်းများ၊ မြေပြုပြင်ခြင်းနှင့် မြေသြဇာစနစ်တကျသုံးစွဲနည်းများကို ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက်တက်ရောက်လာကြသော တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာတာဝန်ခံများက ဖြေကြားပေးခဲ့ကြောင်း သိရသည်။ **နေမျိုးလွင်(ပြန်/ဆက်)**

# ပုသိမ်ကြီးမြို့နယ်တွင် မုန့်ညင်းစိမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၊ တောင်သူများအဆင်ပြေလျက်ရှိ

**ပုသိမ်ကြီး ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင် ဆည်တော်ကြီး ဆည်တော်ရေသောက်စနစ်ဖြင့် မုန့်ညင်းစိမ်းများ ရာသီမရွေး စိုက်ပျိုးနိုင်ပြီး စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ တောင်သူများ အဆင်ပြေလျက်ရှိကြောင်း သိရသည်။

“ကျွန်တော်တို့ မုန့်ညင်းစိမ်းစိုက်ခင်းက ဘောင်တင်ပြီး ပက်ကြဲစနစ်နဲ့စိုက်ပျိုးတာပါ။ မြောင်းထဲကဆည်ရေကို စက်နဲ့တင်ပြီး ရေပန်းနဲ့ ဖျန်းပြီး စိုက်ပျိုးတာ၊ ပျိုးထုပ်တစ်ထုပ်ကို ကျပ် ၄၀၀ ပေးရတယ်။ တစ်ဧကကို မျိုးထုပ် ၂၀၀ လောက်ကုန်တာ၊ အပင်သန်ရင် ရက် ၃၀၊ အပင်မသန်ရင် ရက် ၄၀ လောက်ဆိုရင် စတင်ခူးလို့ရပြီ။ အစီးနဲ့ရောင်းတာရှိသလို ဘောင်ပြတ်ရောင်းတာလည်းရှိတယ်။ ယာခင်းတစ်ခင်းလုံး တစ်ချိန်တည်းမစိုက်ဘူး။ တစ်ဘောင်နဲ့တစ်ဘောင် ရက်ခြားပြီးစိုက်တယ်။ ဒါမှ တစ်ဘောင်ရောင်းပြီးရင် နောက်တစ်ဘောင်က ပြန်တက်လာမယ်။ တစ်ဘောင်ကို ကျပ် လေးသောင်းနဲ့ ဘောင်ပြတ်ရောင်းသလို တစ်စီးကို ကျပ် ၄၀/၅၀ နဲ့လည်း ရောင်းတယ်။ မန္တလေးမြို့နဲ့ လက်ကောင်းဈေးမှ ပွဲစားတွေက ယာခင်းအထိလာဝယ်တာ၊ တစ်ဧက အစီး ၅၀၀၀ လောက်ထွက်တာ၊ နေ့စဉ် ဝင်ငွေရနေတော့ အဆင်ပြေတယ်။ ကျွန်တော်က နှစ်ပတ်လည်စိုက်တာဆိုတော့ မျိုးစေ့စိုက်ခင်း သက်သက်ထားတယ်။ မြေသြဇာထည့်တာတို့၊ ဆေးဖျန်းတာတို့ကတော့ လိုအပ်ချိန်မှာ ပြုလုပ်တာပါ။ ဒီစိုက်ခင်းက နေ့စဉ်ဝင်ငွေရနေတော့ အဆင်ပြေပါတယ်”ဟု ပုသိမ်ကြီးမြို့နယ် ရွာရှည်ကျေးရွာမှ မုန်ညင်းစိမ်း စိုက်ပျိုးသူတစ်ဦးက ပြောသည်။

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်သည် ဆည်တော်ကြီး ဆည်ရေသောက်စနစ်ဖြင့် ဆန်စပါးကို အဓိကထားစိုက်ပျိုးပြီး ခရမ်းချဉ်၊ ဖရဲ၊ သခွား၊ပန်း၊ မုန်ညင်းစိမ်းအစရှိသော သီးနှံများစိုက်ပျိုးပြီး ဆည်ရေသောက်စနစ်ဖြင့် သီးနှံများအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**


## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် ဒီဇင်ဘာ ၇**

ရန်ကုန်(ရွှေဈေး) ၈၅၈၀၀၀ - ၈၅၉၀၀၀ မန္တလေး(ရွှေဈေး) ၈၅၇၈၀၀ - ၈၅၈၈၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၆၃၀/၆၄၀ ကျပ်၊ | ၆၄၀/၆၇၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၈၀/၆၉၀ ကျပ်၊ | ၇၈၀/၈၀၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၆၂၀/၆၅၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၄၀/၆၆၀ ကျပ်၊ | ၆၇၀/၇၀၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၆၁၄ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၆၃၆ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၆၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၁၅. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၀၈. ၉ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၉၁. ၀၈ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၈၈၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၂၉၆. ၅၁ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၉. ၄၁၄ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၁၅၁. ၂ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂. ၁၇ |
| (ဈ) | သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၇၇. ၃၀ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၄. ၄၃ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**


## ကျန်းမာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ အဂတိလိုက်စားမှုအန္တရာယ်ကင်းရှင်းရေးအတွက် အကြံပြုချက်နှင့် အသိပေးတိုင်ကြားခြင်းများ ပြုလုပ်နိုင်ကြောင်း ထုတ်ပြန်

၁။ အထက်အကြောင်းအရာနှင့်ပတ်သက်၍ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် တစ်မျိုးသားလုံး၏ ကျန်းမာရေးအဆင့်အတန်းတိုးတက်မြင့်မားရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ခွဲဝေရရှိသော ဘဏ္ဍာငွေများကို အကျိုးရှိပြီး ထိရောက်စွာအသုံးပြုရေးနှင့် အလေအလွင့်အနည်းဆုံးဖြစ်ရန် ကြိုးစားဆောင်ရွက်လျက်ရှိပါသည်။ လုပ်ငန်းများကိုလည်း ပြည်သူလူထုအကျိုးကို ဦးထိပ်ထား၍ ထင်သာမြင်သာရှိရန် ဆောင်ရွက်လျက်ရှိပါသည်။

၂။ ထိုသို့အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပြည်သူလူထုမှ အကြံပြုချက်များ၊ အသိပေး တိုင်ကြားစာများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ရုံးခန်းအတွင်းရှိ email – minister_room@mohs.gov.mm သို့ဖြစ်စေ၊ ဖက်စ်အမှတ် - ၀၆၇-၄၁၁၁၈၉ သို့ဖြစ်စေ ၂၄ နာရီပတ်လုံး ဖုန်းဖွင့်ထားသည်ဖြစ်၍ ပေးပို့နိုင်ပါသည်။

၃။ ထိုသို့ပေးပို့ရာတွင်-

(က)အကြံပြုသူ၊ တိုင်တန်းသူ၏အမည်၊ နိုင်ငံသားစိစစ်ရေးအမှတ်၊ အမြဲတမ်းနေရပ်လိပ်စာနှင့် ဆက်သွယ်ရန်လိပ်စာအပြည့်အစုံ(ဆက်သွယ်ရန်ဖုန်း၊ လက်ကိုင်ဖုန်း၊ ဖက်စ်နှင့် email တို့ရှိလျှင် ထည့်သွင်းဖော်ပြပေးပါရန်)၊

(ခ) အကြံပြုသူ၊ တိုင်တန်းသူသည် ဌာနဆိုင်ရာတာဝန်ရှိသူ အဆင့်ဆင့်၏ မမှန်မကန် လုပ်ဆောင်မှု၊ အဂတိလိုက်စားမှုများကို အထောက်အထားအချက်အလက်များဖြင့် ပူးတွဲလျက် ပြည့်စုံစွာဖော်ပြပေးပါရန်။

၄။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသို့ ပေးပို့အကြံပြုခြင်း၊ တိုင်ကြားခြင်းများနှင့် ပတ်သက်၍ ပေါက်ကြားခြင်းလုံးဝ(လုံးဝ)မရှိစေရန် စီစဉ်ထားပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**www.mohs.gov.mm**

# ဂရမ်မီ ဆန်ခါတင်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ ဘီယွန်းစေးနဲ့ အဒဲလ်

၂၀၁၇ ခုနှစ်အတွက် ဂရမ်မီဆုပေးပွဲကြီးရဲ့ ဆန်ခါတင်စာရင်းကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၆ ရက်က ထုတ်ပြန်ခဲ့ရာမှာတော့ ပေ့ါပ်အဆိုတော်တွေဖြစ်ကြတဲ့ ဘီယွန်းစေးနဲ့ အဒဲလ်တို့က ဆုအရေအတွက်အများဆုံး အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံထားရကြောင်း မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ဘီယွန်းစေးကတော့ နောက်ဆုံးထွက်ရှိထားတဲ့ တေးအယ်လ်ဘမ် "Lemonade"နဲ့ ဂရမ်မီဆုပေါင်း ကိုးဆုရဲ့ ဆန်ခါတင်စာရင်းမှာ ပါဝင်နေခဲ့ပြီး ဗြိတိန်ပေ့ါပ်အဆိုတော် အဒဲလ်ကတော့ ဆုသုံးဆုအတွက် အမည်စာရင်းတင်သွင်းဖော်ပြခြင်းခံခဲ့ရကာ လာမယ့်ဂရမ်မီဆုပေးပွဲရဲ့ ဆန်ခါတင်စာရင်းမှာ ဆုအရေအတွက် ဒုတိယအများဆုံးတေးသံရှင်အဖြစ် ရပ်တည်နေပါတယ်။

အခြားသော ဂီတကြယ်ပွင့်တွေဖြစ်ကြတဲ့ ဂျက်စတင်ဘီဘာ၊ ဒရိတ်ခ်၊ ဒေမီလက်ဗားတိုး၊ အရီရန်နာဂရန်ဒီ၊ ရီဟားနားအစရှိတဲ့ တေးသံရှင်တွေလည်း ဆန်ခါတင်စာရင်းမှာ ပါဝင်တာတွေ့ရပါတယ်။ တစ်နှစ်တာအတွက် အကောင်းဆုံးတေးအယ်လ်ဘမ်ဆုအတွက် ဆန်ခါတင်စာရင်းမှာတော့ အဒဲလ်ရဲ့ "25"၊ ဘီယွန်းစေးရဲ့"Lemonade"၊ ဂျက်စတင်ဘီဘာရဲ့ "Purpose"၊ ဒရိတ်ရဲ့"Views"နဲ့ စတာဂေးလ်စင်ပ်စန်ရဲ့" A Sailor's Guide To Earth"တို့ ပါဝင်ပါတယ်။

အကောင်းဆုံးတေးသီချင်းဆုအတွက် ဆန်ခါတင်စာရင်းမှာတော့ အဒဲလ်ရဲ့ "Hello"၊ ဘီယွန်းစေးရဲ့ "Formation"၊ ဂျက်စတင်ဘီဘာရဲ့ "Love Yourself"၊ လူးကပ်စ်ဂရေဟမ်ရဲ့ "7 Years"နဲ့ မိုက်ခ်ပို့စ်နာရဲ့ "I Took A Pill In Ibiza"တို့ ပါဝင်တာတွေ့ရပါတယ်။

လာမယ့် ဂရမ်မီဆုပေးပွဲကြီးမှာ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ယခု၂၀၁၆ ခုနှစ် စက်တင်ဘာ ၃၀ ရက်အတွင်း ထွက်ရှိခဲ့တဲ့ တေးဂီတလက်ရာတွေအနက် ထူးချွန်တဲ့လက်ရာတွေနဲ့ အနုပညာရှင်တွေကို ရွေးချယ်ကာ ဆုပေးအပ်ခဲ့တာဖြစ်ပါတယ်။ လာမယ့် ဂရမ်မီဆုပေးပွဲကြီးကိုတော့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်မှာ ကျင်းပသွားမှာဖြစ်ကြောင်းလည်း သိရပါတယ်။

အေးပြည့် ရေးသားသည်

# ယခုနှစ်အတွက် အော်စကာခန့်မှန်းချက်များ ပေါ်ထွက်လာ

## အကောင်းဆုံးအမျိုးသမီးသရုပ်ဆောင်ဆုအတွက် အမ်မာစတုန်းနဲ့ နာတာလီပေါ့ထ်မန်းတို့ ရေပန်းစားနေ




လာမယ့်နှစ်အတွင်းမှာကျင်းပသွားမယ့် ဟောလိဝုဒ်ရဲ့ အထင်ကရ ရုပ်ရှင်ထူးချွန်ဆုပေးပွဲဖြစ်တဲ့ အော်စကာဆုပေးပွဲအတွက် ပရိသတ်အများခန့်မှန်းထားကြတဲ့ ထူးချွန်အနုပညာရှင်တွေစာရင်းဟာ အွန်လိုင်းမီဒီယာတွေကနေတစ်ဆင့် ပေါ်ထွက်လာခဲ့ပြီး ယခုနှစ်အတွက်အကောင်းဆုံးအမျိုးသမီးဆုလျာထားစာရင်းမှာတော့ ပင့်ကူလူသားရုပ်ရှင်တွေနဲ့ အနုပညာလောကမှာနေရာရလာခဲ့တဲ့ မင်းသမီးချော အမ်မာစတုန်းနဲ့ အမေရိကန်-အစ္စရေးလူမျိုး မင်းသမီး နာတာလီပေ့ါထ်မန်းတို့က ထိပ်ဆုံးကနေဦးဆောင်နေကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

လာမယ့် ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှာ ကျင်းပသွားမယ့် အဆိုပါအကယ်ဒမီပေးပွဲမှာချီးမြှင့်မယ့်ဆုတွေအနက် ဆုအမျိုးအစားခြောက်ဆုအတွက် ဆုလျာထားစာရင်းတွေကို အီးတီအွန်လိုင်းဒေ့ါကွန်းက ရွေးချယ်ဖော်ပြခဲ့တာဖြစ်ပါတယ်။ အဆိုပါဆုတွေကတော့ အကောင်းဆုံးဓာတ်ပုံဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆု၊ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆု၊ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုနဲ့ အကောင်းဆုံးဒါရိုက်တာဆုတို့ပဲ ဖြစ်ကြပါတယ်။

အဆိုပါဆုတွေအနက် အကောင်းဆုံးအမျိုးသမီးဇာတ်ဆောင်ဆုအတွက် အမ်မာစတုန်းက "La La Land" ရုပ်ရှင်နဲ့လည်းကောင်း၊ နာတာလီပေ့ါထ်မန်းက "Jackie" ရုပ်ရှင်နဲ့လည်းကောင်း၊ အမ်မီအဒမ်စ်က "Arrival"နဲ့လည်းကောင်း၊ အန်နက်တီဘန်းနင်းက " 20th Century Women "နဲ့လည်းကောင်း၊ ရုသ်နက်ဂါက "Loving"နဲ့လည်းကောင်း အသီးသီးဖော်ပြခြင်းခံခဲ့ရတာတွေ့ရပါတယ်။

အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုအတွက် "Silence" ရုပ်ရှင်နဲ့ ဟောလိဝုဒ်နာမည်ကျော်မင်းသား အန်ဒရူးဂါးဖီး၊ "Manchester by the Sea"ရုပ်ရှင်နဲ့ ကက်စေးအက်ဖ်လက်ခ်၊ "Fences"ရုပ်ရှင်နဲ့ ဒန်ဇယ်လ်ဝါရှင်တန်၊ "Loving"ရုပ်ရှင်နဲ့ ဂျိုးအက်ဂါတန်၊ "La La Land"ရုပ်ရှင်နဲ့ ရိုင်ယန်ဂေါ့စလင်းတို့ အသီးသီးရွေးချယ်ဖော်ပြခြင်းခံခဲ့ရတာဖြစ်ပါတယ်။

အကယ်ဒမီဆုပေးပွဲသမိုင်းတစ်လျှောက် သုံးကြိမ်တိုင်တိုင် ဆန်ခါတင်စာရင်းမှာ ပါဝင်ခဲ့ပြီး အကယ်ဒမီဆုတစ်ဆုကို သိမ်းပိုက်ထားနိုင်ခဲ့တဲ့ တစ်ချိန်က လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ မင်းသမီးနီကိုးလ်ကစ်ဒ်မန်းကတော့ ယခုနှစ်အော်စကာဆုပေးပွဲကြီးမှာ "Lion"ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသမီးဇာတ်ပို့ဆုစာရင်းမှာ ပါဝင်လာခဲ့တာတွေ့ရပါတယ်။




# တေးဂီတဇယားမှာ ထိပ်ဆုံးက ရပ်တည်နေတဲ့ သယ်ဝိခ်ကန်းဒ်

ယခုသီတင်းပတ်အတွင်း ဘေဘုတ်ရဲ့ တေးဂီတဇယားတွေမှာ ရောင်းအား အကောင်းဆုံးတေးအယ်လ်ဘမ်အဖြစ် နံပါတ်တစ်နေရာကို ရယူထားတဲ့ တေးအယ်လ်ဘမ်ကတော့ အာရန်ဘီအဆိုတော် သယ်ဝိခ်ကန်းဒ်ရဲ့ "Starboy"ပဲ ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း တေးအယ်လ်ဘမ်ပေါင်း ၃၄၈၀၀၀ခန့် ရောင်းချခဲ့ရတဲ့ အဆိုပါတေးအယ်လ်ဘမ်ဟာသယ်ဝိခ်ကန်းဒ်ရဲ့ တတိယမြောက် စတူဒီယိုတေးအယ်လ်ဘမ်ဖြစ်ပြီး ဘေဘုတ်ရဲ့ ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ် ၂၀၀ စာရင်းကို ဇယားထိပ်ကနေ ဦးဆောင်နေတာဖြစ်ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ဖော်ပြချက်အရ သိရပါတယ်။

ဒါ့အပြင် ပြီးခဲ့တဲ့ နိုဝင်ဘာ ၂၅ ရက်က စတင်ထုတ်လွှင့်ခဲ့တဲ့ အဆိုပါတေးအယ်လ်ဘမ်ဟာ ကနေဒါအဆိုတော် သယ်ဝိခ် ကန်းဒ်အတွက် ဒုတိယအကြိမ်အဖြစ် ရောင်းအားအကောင်းဆုံးတေးအယ်လ်ဘမ်စာရင်းရဲ့ နံပါတ်တစ်နေရာကို ပိုင်ဆိုင်ခွင့်ရစေခဲ့တဲ့တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့တဲ့ သယ်ဝိခ်ကန်းဒ်ရဲ့ တေးအယ်လ်ဘမ် "Beauty Behind the Madness"ဟာလည်း ထုတ်လွှင့်ခဲ့စဉ်က တေးဂီတဇယားတွေမှာ ထိပ်ဆုံးက ဦးဆောင်ခဲ့ပါတယ်။

# ဂျက်စတင်ဘီဘာလက်သစ်လေလား



ဟောလိဝုဒ်ထိပ်တန်းမော်ဒယ်လ် ဗစ်တိုးရီးယားဘတ်ခမ်းနဲ့ ဘောလုံးအကျော်အမော်ဒေးဗစ်ဘတ်ခမ်းတို့ရဲ့ သားဖြစ်သူ ခရုဇ်ဘတ်ခမ်းဟာ သူ့ရဲ့ပထမဆုံးသော တေးသီချင်းတစ်ပုဒ်ကို ပြီးခဲ့တဲ့ ဒီဇင်ဘာ ၆ ရက်မှာ ထုတ်လွှင့်မှာဖြစ်တယ်လို့ သူ့ရဲ့ လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် သီချင်းမထုတ်လွှင့်မီ တစ်ရက်အလိုက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။ အဲဒီနောက် ဒီဇင်ဘာ ၆ ရက်မှာ ခရုဇ်ဟာ အဆိုပါတေးသီချင်းကို ကတ်ပီတယ်အက်ဖ်အမ်ရေဒီယို ကနေတစ်ဆင့် ထုတ်လွှင့်ခဲ့ပါတယ်။

ယခုထွက်ရှိခဲ့တဲ့ ခရုဇ်ရဲ့တေးသီချင်းဟာ ခရစ္စမတ် တေးသီချင်းတစ်ပုဒ်ဖြစ်ပြီး "Every Day Was Christmas" လို့ အမည်ပေးထားပါတယ်။ တေးဂီတနဲ့ပတ်သက်တဲ့ လှုပ်ရှားမှုတွေကို ပရိသတ်ဆီ အရောက်ပို့ပေးဖို့အတွက် ခရုဇ်ဟာ သူ့ရဲ့ပထမဦးဆုံးသောတေးသီချင်းကို မထုတ်လွှင့်မီရက်အနည်းငယ် အလိုကမှ သူ့ရဲ့ ကိုယ်ပိုင်အင်စတာဂရမ်စာမျက်နှာကို ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်။

ခရုဇ်ရဲ့ အဆိုစွမ်းရည်နဲ့ပတ်သက်ပြီး သူ့ရဲ့မိခင်ဖြစ်သူ ဗစ်တိုးရီးယားဘတ်ခမ်းက ပရိသတ်တွေနဲ့ စတင်မိတ်ဆက်ပေးခဲ့တာပါတယ်။ "Home To Mama"သီချင်းကို ခရုဇ် ပြန်လည်သီဆိုထားတဲ့ တေးဗီဒီယိုဖိုင်ကို ပြီးခဲ့တဲ့လအတွင်းက ဗစ်တိုးရီးယားက သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာကနေတစ်ဆင့် ထုတ်လွှင့်ခဲ့တာဖြစ်ပါတယ်။

လတ်တလောမှာ အသက် (၁၁)နှစ်သာရှိသေးတဲ့ ခရုဇ်ဟာ ယခုထွက်ရှိခဲ့တဲ့ တေးသီချင်းအတွက် အသံသွင်းခြင်းလုပ်ငန်းတွေကို ယခင်ဆယ်ကျော်သက်အဆိုတော်အဖြစ် လျှမ်းလျှမ်းတောက်အောင်မြင်ခဲ့တဲ့ ပေ့ါပ်အဆိုတော်ဂျက်စတင်ဘီဘာရဲ့ မန်နေဂျာဖြစ်သူ စကူတာဘရမ်နဲ့ပဲ လုပ်ဆောင်ခဲ့တာကြောင့် ခရုဇ်တစ်ယောက်လည်း ဂျက်စတင်ဘီဘာလက်သစ်အဖြစ်များ အောင်မြင်လေဦးမလားလို့ မစ်ရာဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

## မြန်မာ့ရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၈-၁၂-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၃၅ | "မြန်မာ့ရိုးရာအစားအစာ အညာဒေသက ထန်းသီးမုန့်" |
| ၈း၃၅ | "သဘာဝအလှတရားတွေနဲ့ရှေးဟောင်းယဉ်ကျေးမှုများစုံရာမြို့ရေနံ့သာ" |
| ၉း၃၅ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၄၅ | ASEAN Spotlight |
| ၁၀း၃၅ | အလုပ်သမားရေးရာအစီအစဉ် |
| ၁၁း၁၅ | "အမျိုးသမီးများအပေါ် အကြမ်းဖက်မှုတားဆီးကာကွယ်ရေး ၁၆ ရက်တာ လှုပ်ရှားမှု အထူးအစီအစဉ်" (အပိုင်း-၁၁) |
| ၁၁း၃၅ | အထွေထွေသုတနှင့် ကျန်းမာရေး "မြန်မာအမျိုးသမီးများ ကျန်းမာရေးတိုင်းရင်းဆေးနှင့်ပညာပေး" |
| ၁၂း၃၅ | ဘဝထဲကဝတ္ထု၊ ဝတ္ထုထဲကဘဝ"အသည်းကျော်ကလေး"(ဦးခင်မောင်ချင်း၊ ဒေါ်ခင်ခင်ကြီး၊ ပိုးအိနန္ဒာ၊ စိန်ပဲကျော်ရှိန်း၊ ယုယမင်းကျော်) [(ဒါရိုက်တာ-သိမ်းစိုး(သီဟရတနာ)] |
| ၁း၀၅ | နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၅၇) |
| ၁း၅၀ | သုခုမရင်ခွင်အငြိမ့်သဘင်"ဟာသလက်ဆောင် အငြိမ့်"(မင်းသမီး-ခိုင်သင်းဇံ၊ လူရွှင်တော်-ပေါက်စီ၊ ဝမ်းတူး၊ အောရိန်း၊ အောင်ပ) (ဒါရိုက်တာ-ဖုန်းမြင့်အောင်) |
| ၂း၂၅ | Weekly Sport Info |
| ၃း၁၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"တံ့မယူလို" (အပိုင်း-၅၈) |
| ၄း၃၅ | ပြည်သူတို့ရဲ့စကားသံများ |
| ၅း၀၀ | Football Magazine |
| ၅း၃၀ | "၂၀၁၆ ခုနှစ်အာဆီယံ ချန်ပီယံရှစ် ဆူဇူကီးဖလားဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ်" (ဆီမီးဖိုင်နယ်)(ထိုင်းလက်ရွေးစင်အသင်းနှင့် မြန်မာလက်ရွေးစင်အသင်း) |
| ၈း၃၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၉း၀၀ | ပြည်တွင်းသတင်း၊ မိုးလေဝသအခြေအနေ -နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ ပန်းရွှေကြာ" (အပိုင်း-၅၈) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင်(အပိုင်း-၃) (ဒါရိုက်တာ-ကြည်စိုးထွန်း၊ မြင့်စိုင်းသားအောင်အောင်) |

မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။

## မြဝတီရုပ်မြင်သံကြား ထုတ်လွှင့်မှုအစီအစဉ်

**၈-၁၂-၂၀၁၆(ကြာသပတေးနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၇း၂၀ | မေတ္တာပို့ |
| ၇း၂၅ | ဓမ္မပူဇာတေး |
| ၇း၃၀ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၇း၂၅ | သင့်အတွက်တစ်နေ့တာ |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း |
| ၈း၀၄ | အမျိုးသားရေးတေးကဗျာ |
| ၈း၁၀ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၂၀ | ရှေးဟောင်းသုတ |
| ၈း၃၅ | DVD Hits |
| ၈း၄၅ | ဇာတ်လမ်းတို |
| ၉း၀၀ | မြဝတီနေ့စဉ်သတင်း |
| ၉း၁၅ | လျှပ်တစ်ပြက် |
| ၉း၂၅ | ဒေသန္တရဗဟုသုတအစုံစုံအလှဖုံဖုံ |
| ၉း၄၀ | ချစ်သူစုံတွဲတူယှဉ်နွှဲ |
| ၉း၅၀ | Casual Talk |
| ၁၁း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၁၁း၂၅ | မြန်မာ့ရှုခင်း |
| ၁၁း၃၅ | မောင်မယ်လေးများသိစေချင် |
| ၁၁း၄၅ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၁၂း၀၀ | World Wide Web |
| ၄း၂၅ | အောင်မြင်ကျော်ကြား ဓာတ်ပြားရတေးများ |
| ၄း၄၅ | သီချင်းလက်ဆောင် |
| ၆း၁၅ | ရင်ခုန်လှုပ်ရှားအားကစား |
| ၆း၃၅ | အလှနတ်သမီး |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - သံသရာတစ်ကွေ့ဝယ် အပိုင်း(၈) |
| ၈း၀၀ | မြဝတီရုပ်မြင်သံကြားသတင်း အမျိုးသားရေးတေးကဗျာ အနုပညာရှင်ရဲ့ ဒိုင်ယာရီတစ်မျက်နှာ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရွှေရောင်ကြက်ခြေခတ်များ အပိုင်း(၂၆)(ဇာတ်သိမ်း) |



| Pos | Team | P | GD | Pts |
|---|---|---|---|---|
| 1 | Arsenal | 6 | 12 | 14 |
| 2 | Paris St-Germain | 6 | 6 | 12 |
| 3 | Ludogorets | 6 | -9 | 3 |
| 4 | Basel | 6 | -9 | 2 |

Champions League Group A


# အာဆင်နယ် အုပ်စု ပထမဖြင့် နောက်တစ်ဆင့် တက်ရောက်နိုင်သော်လည်း ခက်ခဲသည့် မဲခွဲဆုံးဖြတ်မှု ကြုံတွေ့ရနိုင်ဆဲဖြစ်သည်ဟု ဝင်းဂါးယုံကြည်

အာဆင်နယ်အသင်းသည် ချန်ပီယံလိဂ် အုပ်စုနောက်ဆုံးပွဲစဉ်တွင် ဘေဆယ်လ်အသင်းကို အနိုင်ယူကာ အုပ်စုပထမဖြင့် ၁၆သင်းအဆင့်သို့ တက်ရောက်နိုင်ပြီဖြစ်သော်လည်း မဲခွဲဆုံးဖြတ်ရာတွင် ခက်ခဲသည့် အသင်းတစ်သင်းနှင့် တွေ့ဆုံနိုင်ဆဲဖြစ်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ဆိုသည်။ အများစုက အာဆင်နယ်သည် ပီအက်စ်ဂျီအသင်းကို နှစ်ကျော့လုံး အသာရအောင် ကစားနိုင်ခဲ့ခြင်း မရှိရာ အာဆင်နယ် အုပ်စုဗိုလ်မရနိုင်ဟု ယူဆခဲ့ကြခြင်းဖြစ်သည်။

သို့သော် အုပ်စုနောက်ဆုံးပွဲစဉ် ယှဉ်ပြိုင်ခဲ့ရာ အိမ်ကွင်းတွင် ကစားခွင့်ရသည့် ပီအက်စ်ဂျီက လူဒိုဂိုးရက်စ်ကို သရေကျခဲ့ပြီး အဝေးကွင်း သွားရောက်ယှဉ်ပြိုင်ခဲ့ရသည့် အာဆင်နယ်က ဘေဆယ်လ်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ယူနိုင်ခဲ့ရာ ဇယားထိပ်အနေအထား ဦးဆောင်ခွင့်ကို အာဆင်နယ်အသင်း မထင်မှတ်ဘဲ ရယူနိုင်ခဲ့သည်။ အာဆင်နယ်အသင်းသည် အုပ်စုဗိုလ်နေရာ ရရှိခဲ့ခြင်းကြောင့် ၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်တို့တွင် ၎င်းတို့အသင်းအား ၁၆သင်းအဆင့်မှ လှည့်ပြန်အောင် ဖန်တီးနိုင်ခဲ့သည့် မိုနာကို၊ ဘာစီလိုနာအသင်းတို့နှင့် ထိပ်တိုက်တွေ့ဆုံမည့် အရေးမှ ရှောင်လွှဲနိုင်ခဲ့သလို အက်သလက်တီကို၊ နာပိုလီအသင်းတို့နှင့်လည်း တွေ့ဆုံမည်မဟုတ်ပေ။ သို့သော် အာဆင်နယ်အနေဖြင့် ၂၀၁၃ နှင့် ၂၀၁၄ ခုနှစ် တို့တွင် နှစ်နှစ်ဆက်တိုက်တွေ့ဆုံကာ ပြိုင်ပွဲမှ ထွက်ခွာစေခဲ့သည့် ဘိုင်ယန်မြူးနစ်နှင့် တွေ့ဆုံရန် ရှိနေခြင်းဖြစ်သည်။

အာဆင်နယ်မှာ အုပ်စုဗိုလ်နေရာ ရရှိခြင်းကြောင့် ယခင်အချိန်ကထက် အုပ်စုမဲခွဲဆုံးဖြတ်မှု လွယ်ကူနိုင်သည်ဟု ယေဘုယျသတ်မှတ်နိုင်သော်လည်း တကယ်တမ်းတွင် သိသာသည့် ကွာခြားမှုမျိုး ရနိုင်ဖွယ်မရှိဟု ဝင်းဂါးက ယူဆခြင်းဖြစ်သည်။

## အဆိုးရွားဆုံး တောင်ပံတိုက်စစ် ကစားသမားအဖြစ် ဆာနီကို ပရိသတ်များ သတ်မှတ်




မန်စီးတီး နည်းပြ ဂွါဒီယိုလာ ခေါ်ယူခဲ့သည့် လူငယ်ကစားသမားဆာနီမှာ ကြည့်ရှုဖူးသမျှ ကစားသမားများထဲတွင် ကစားပုံအဆိုးရွားဆုံး တောင်ပံတိုက်စစ်မှူးဖြစ်သည်ဟု ဆဲလ်တစ်အသင်းနှင့် မန်စီးတီးတို့ တစ်ဂိုးစီ သရေကျခဲ့သည့် ပွဲစဉ်အပြီးတွင် ပရိသတ်များက တွစ်တာစာမျက်နှာများပေါ်တွင် မှတ်ချက်ပြုရေးသားခဲ့ကြသည်။ ဆာနီသည်ရှော်လ်ကေးလ်အသင်းတွင် ကစားစဉ်က ပါရမီရှင်လူငယ် ကစားသမားအဖြစ် သတ်မှတ်ခြင်းခံရသော်လည်း မန်စီးတီးအသင်းသို့ ရောက်ရှိလာပြီးနောက် ထူးခြားသည့် စွမ်းဆောင်ရည်မျိုးပြသနိုင်ခြင်းမရှိခဲ့ပေ။

မန်စီးတီးအသင်းသည် ဆဲလ်တစ်အား အိမ်ကွင်းတွင် လက်ခံကစားခဲ့ရသော်လည်း မန်စီးတီးမှ အငှားချကစားသမား ရော်ဘတ်စ်၏ သွင်းဂိုးကို ပွဲအစ လေးမိနစ်မှာပင် ခွင့်ပြုခဲ့ရသည်။ မန်စီးတီးအသင်းသည် ပြီးခဲ့သည့်နှစ်က ရောဘတ်စ်အတွက် ကနဦးပြောင်းရွှေ့ကြေး ပေါင်ရှစ်သန်း ပေးချေခေါ်ယူခဲ့သော်လည်း ဇန်နဝါရီ ကာလအတွင်းမှာပင် ဆဲလ်တစ်သို့ အငှားချခဲ့ခြင်းဖြစ်သည်။

သို့သော် ဆာနီကို ပြီးခဲ့သည့် ဩဂုတ်လအတွင်း ရှော်ကေးလ်မှ ပေါင် ၃၈ သန်း ပေးချေခေါ်ယူခဲ့ခြင်းဖြစ်ရာ အဆိုပါ တောင်ပံတိုက်စစ်မှူးနှစ်ဦးကို နှိုင်းယှဉ်ပါက ၃၈သန်းတန် ဆာနီက ရောဘတ်စ်ထက် စွမ်းဆောင်ရည်ပိုင်းများစွာ နိမ့်ကျနေသည်ဟု အင်္ဂလန်မီဒီယာများက အဆိုပါ ချန်ပီယံလိဂ် ပွဲစဉ်အပြီးတွင် အသားပေးဖော်ပြနေကြသည်။ ဆာနီမှာ ဂျာမန်ကစားသမားဖြစ်ပြီး ရောဘတ်စ်ကမူ အင်္ဂလိပ်ကစားသမားဖြစ်ခြင်းကြောင့် ယခုကဲ့သို့ အလွန်အမင်း ဝေဖန်မှုများ ထွက်လာခြင်းဖြစ်သည်။ ပရိသတ်များက ဆာနီကို ခေါ်ယူမိခြင်းက အကျိုးမဲ့ ငွေကြေး ဖြုန်းတီးခြင်းဖြစ်သည်ဟု စွပ်စွဲရေးသားခဲ့ကြသည်။ သို့သော် နည်းပြ ဂွါဒီယိုလာကမူ ဆာနီမှာ မန်စီးတီးအတွက် အရေးပါသည့် ကစားသမားဖြစ်ပြီး မန်စီးတီးနှင့် ဆာနီ အနာဂတ်အခိုင်အမာရှိဆဲဖြစ်ကြောင်း တုံ့ပြန်ခဲ့သည်။

## အခွန်ဥပဒေ အလိုက်နာဆုံး စံပြ ကစားသမား စီရိုနယ်လ်ဒိုတဲ့လား

မေလဲ့သင်း
ရေးသားသည်

စပိန်မြေမှာ ကစားကြတဲ့ ကစားသမား အတော်များများက အခွန်ရှောင်လွှဲမှုတွေ မကြာခဏ လုပ်ဆောင်လေ့ရှိပေမယ့် စီရိုနယ်လ်ဒိုကတော့ စပိန်အခွန်အာဏာပိုင်တွေ ချမှတ်ထားတဲ့ စည်းမျဉ်းတွေကို လိုက်နာတဲ့ စံပြ ကစားသမားပါလို့ ရီးယဲလ်မက်ဒရစ်အသင်း တာဝန်ရှိသူတွေက ချီးမွမ်းစကား ဆိုလိုက်ပါတယ်။ ဥရောပ သတင်းစာ ၁၂စောင်က လုပ်ငန်းစု တစ်ခုရဲ့ လျှို့ဝှက်အချက်အလက်တွေကို ဖွင့်ချနိုင်ခဲ့ရာ ပုံရိပ်မြင့်မားတဲ့ ကစားသမား အတော်များများရဲ့ အချက်အလက်တွေကို အများပြည်သူ သိရှိခွင့်ရခဲ့ကြတာဖြစ်ပါတယ်။ စီရိုနယ်လ်ဒို အေးဂျင့်ဖြစ်သူ ဂျော့မန်းဒက်ဇ် လည်ပတ်နေတဲ့ ဂတ်စတီဖုဆိုတဲ့ ကုမ္ပဏီက ပြီးခဲ့တဲ့ ရက်သတ္တပတ်အတွင်း စီရိုနယ်လ်ဒိုရဲ့ အခွန်ဆောင်မှု ပမာဏကို တရားဝင် ထုတ်ပြန်ခဲ့ပြီးနောက် ရီးယဲလ်မက်ဒရစ်အသင်းဘက်က အခုလို ချီးကျူးစကားဆိုခဲ့တာဖြစ်ပါတယ်။

ပြီးခဲ့တဲ့ နွေရာသီကတင် စီရိုနယ်လ်ဒိုရဲ့ ပြိုင်ဘက် မက်ဆီရဲ့ အခွန်ရှောင်လွှဲမှု ပြဿနာတွေကြောင့် အုတ်အော်သောင်းတင်းဖြစ်ခဲ့သေးပေမယ့် စီရိုနယ်လ်ဒိုကတော့ အခွန်အပြည့်အဝ ထမ်းခဲ့တာကြောင့် စီရိုနယ်လ်ဒိုဟာ အခွန်ဥပဒေလိုက်နာတဲ့ စံပြကစားသမားဖြစ်တယ်လို့ ရီးယဲလ်မက်ဒရစ်အသင်းက ချီးကျူးခဲ့တာဖြစ်ပါတယ်။ အစောပိုင်းက အခွန်ရှောင်တဲ့ ကစားသမားတွေထဲမှာ စီရိုနယ်လ်ဒိုလည်း ပါဝင်တယ်လို့ သတင်းတွေ ထွက်ခဲ့ပေမယ့် ရီးယဲလ်က တရားဝင် စာတစ်စောင် ထုတ်ပြန်ပြီး ဒီလိုကောလာဟလတွေကို အဆုံးသတ်စေခဲ့တာပါ။

ရီးယဲလ်မက်ဒရစ်အသင်း ထုတ်ပြန်ချက်အပြည့်အစုံက "အခွန်အေဂျင်စီက ထုတ်ပြန်ခဲ့သော ကြေညာချက်အရ ကျွန်ုပ်တို့ ကစားသမား စီရိုနယ်လ်ဒိုမှာ အခွန် အပြည့် အဝထမ်းသော ကစားသမားအဖြစ် အတည်ပြုနိုင်သည်။ ရီးယဲလ်မက်ဒရစ်အသင်းသည် စီရိုနယ်လ်ဒိုကဲ့သို့ ကစားသမားကို လေးစားသလို အခွန်ဥပဒေကို လေးစားသည့် စံပြ ကစားသမားအဖြစ်လည်း တရားဝင် အသိအမှတ်ပြုကြောင်း ကြေညာအပ်သည်" လို့ ဖော်ပြပါရှိပါတယ်။




## မေဂျာလိဂ် တန်ဖိုးအရှိဆုံး ကစားသမားဆုကို ဒေးဗစ်ဗီလာ ဆွတ်ခူး




စပိန်တိုက်စစ်မှူး ဒေးဗစ်ဗီလာမှာ ပြီးခဲ့သည့်နှစ် ဘောလုံးရာသီအတွက် မေဂျာလိဂ်တန်ဖိုးအရှိဆုံး ကစားသမားဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ဗီလာမှာ ၂၀၁၄ ခုနှစ်တွင် လာလီဂါကလပ် အက်သလက်တီကိုမက်ဒရစ်အသင်းမှ မေဂျာလိဂ်ကလပ် နယူးယောက်စီးတီးအသင်းသို့ ပြောင်းရွှေ့သွားခဲ့သူဖြစ်ပြီး နှစ်ရာသီအတွင်း သွင်းဂိုး ၄၁ ဂိုး သွင်းယူနိုင်ခဲ့ပြီး နယူးယောက် ရက်ဘူး ကစားသမားနှစ်ဦးဖြစ်သည့် ကယ်ဂျစ်စတန်နှင့် ရိုက်ဖိလစ်တို့နှစ်ဦးအား ကျော်ဖြတ်ကာ အဆိုပါဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းဖြစ်သည်။

နယူးယောက်စီးတီးအသင်းကို မန်စီးတီးနှင့် နယူးယောက်ရန်ကီးစ်အသင်းတို့ ပူးတွဲပိုင်ဆိုင်ကြပြီး ဗီလာမှာ နယူးယောက်စီးတီးပရိသတ်စိတ်ကြိုက်ဖြစ်အောင် ကစားနိုင်သည့် ပထမဦးဆုံးသော နိုင်ငံခြားသား ကစားသမားလည်း ဖြစ်လာခဲ့သည်။

၎င်းသည် ပထမရာသီတွင် ပွဲ၃၀တွင် သွင်းဂိုး ၁၈ ဂိုးသာ သွင်းယူနိုင်ခဲ့သော်လည်း ပြီးခဲ့သည့် ရာသီအတွင်း ခြေစွမ်းပိုမိုပြသနိုင်ခဲ့ကာ သွင်းဂိုး၂၃ဂိုးအထိ သွင်းယူနိုင်ခဲ့ခြင်းကြောင့် မေဂျာလိဂ် တန်ဖိုးအရှိဆုံး ကစားသမားဆုကို ဆွတ်ခူးနိုင်ခဲ့ခြင်းလည်း ဖြစ်သည်။

## ပိုင်ကျုံမြို့တွင် အရန်မီးသတ်တပ်ဖွဲ့အခြေခံသင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်

**ပိုင်ကျုံ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့တွင် အရန်မီးသတ်တပ်ဖွဲ့ အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၁၆) သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီက ပိုင်ကျုံမြို့ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

လှိုင်းဘွဲ့မြို့နယ်မီးသတ်ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးဦးမောင်ညွန့်နှင့် တာဝန်ရှိသူများ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ သင်တန်းသားများ တက်ရောက်ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူးဦးမောင်ညွန့်က သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းသို့ ပိုင်ကျုံမြို့အတွင်းရှိ လူငယ် ၅၀ ဦး သင်တန်းတက်ရောက်ခဲ့ကြပြီး သင်တန်းကာလမှာ ဒီဇင်ဘာ ၅ ရက်မှ ၁၆ ရက်ထိ ၁၂ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**ပိုင်ကျုံ(ပြန်/ဆက်)**

## သန့်ရှင်းသော သောက်သုံးရေရရှိရေး စက်ရေတွင်း တူးဖော်ခြင်းလုပ်ငန်းဆောင်ရွက်နေမှုအား စစ်ဆေး

**ဗန်းမော် ဒီဇင်ဘာ ၇**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေဖြင့် စိန်သစ္စာကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်လျက်ရှိသော မံသာကျေးရွာ တွင်းနက်တူးဖော်ခြင်းလုပ်ငန်းအား သတ်မှတ်စံချိန်စံညွှန်းနှင့်ကိုက်ညီပြီး အချိန်မီပြီးစီးစေရေးအတွက် ဒီဇင်ဘာ ပထမပတ်က ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းထွန်းဝင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးငွေးမြင့်နှင့် ရုံးအဖွဲ့ဝင်များက ကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေအား ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များကို ဖြည့်စွက်မှာကြားခဲ့ကြောင်း သိရသည်။

**(ခရိုင်ပြန်/ဆက်)**

# အင်းဝမြို့ဟောင်းရှိ လောကသရဖူစေတီတော် ပြုပြင်မွမ်းမံ ထိန်းသိမ်းခြင်းလုပ်ငန်း ၉၈ ရာခိုင်နှုန်းပြီးစီး

**အင်းဝ ဒီဇင်ဘာ ၇**

အင်းဝမြို့ဟောင်းရှိ လောကသရဖူ စေတီတော် ပြုပြင်မွမ်းမံထိန်းသိမ်းခြင်းလုပ်ငန်း ၉၈ ရာခိုင်နှုန်း ပြီးစီးနေပြီဖြစ်သည်။ မကြာမီကာလတွင် ကြည်ညိုသပ္ပာယ်စွာ ဖူးမြော်နိုင်တော့မည်ဖြစ်သည်။လောကသရဖူ စေတီတော်ကြီးမှာ အင်းဝမြို့အနောက်မျက်နှာအပြင်မြို့ကြီးအတွင်း ဆင်ကျုံးရွာဦး၌ တည်ရှိသော စေတီပင်ဖြစ်သည်။ စေတီပုံမှာ စည်းခုံသဏ္ဌာန်ဖြစ်ပြီး စိတ်ဝင်စားဖွယ်ရာများစွာရှိသော စေတီပင်ဖြစ်သည်။ စေတီတော်ကို သက္ကရာဇ် ၁၀၉၂ ခုနှစ် ကဆုန်လတွင် တနင်္ဂနွေမင်းက တည်ထားခဲ့ခြင်းဖြစ်သည်။

သက္ကရာဇ် ၁၀၉၃ တွင် မတ္တရာမြို့နယ် စကျင်တောင်မှ စကျင်ကျောက်ဖြူကြီးကို ယူဆောင်ကာ စေတီတော်ကြီးရှေ့တွင် ရုပ်ပွားတော်ကြီး ထုလုပ်ကာ ရွှေအုတ်ပြာသာဒ်နှင့် ထားကာကိုးကွယ်ခဲ့သည်။ ရုပ်ပွားတော်ထုလုပ်မှုတွင် စန္ဒယော်ခေအမတ်က စီရင်တိုင်းထွာပြုလုပ်ခဲ့ကြောင်း သိရသည်။ ရုပ်ပွားတော်မှာလက်ရှိကာလ တိုင်းထွာချက်အရ ဉာဏ်တော်အမြင့် ၁၈ တောင် ၁ မိုက် အလေးချိန် ၄၉၀ ဒသမ ၃၆ တန်ရှိသည်။



တနင်္ဂနွေမင်းသည် ကြီးမားသော စကျင်ကျောက်ရုပ်ပွားတော်ကြီးများကို ပထမဆုံးထုလုပ်ကိုးကွယ်ခဲ့သော မင်းတစ်ပါးပင်ဖြစ်သည်။လောကသရဖူစေတီရှိ ရုပ်ပွားတော်ကြီး ပြီးလုဆဲဆဲတွင် တနင်္ဂနွေမင်းနတ်ရွာစံခဲ့သည့်အတွက် သားတော်ဖြစ်သူ မဟာဓမ္မရာဇာဓိပတိမင်းက ရုပ်ပွားတော်ကြီးကို ပြီးစီးအောင်ဆက်လက်တည်ခဲ့ပြီး လောကသရဖူဟု ကမ္ပည်းတင်ခဲ့သည့်အတွက် လောကသရဖူဘုရားဟု အမည်တွင်ခဲ့ခြင်းဖြစ်သည်။

နောက်ပိုင်းတွင် စဉ့်ကူးမင်းလက်ထက် ၁၁၄၁ ခုနှစ်တွင် ပြန်လည်ပြုပြင်ခဲ့သည်။ အမရပူရမြို့တည် နန်းတည် ဘိုးတော်ဗဒုံမင်းလက်ထက်နှင့် ရွှေဘိုမင်းသားတော် ပုဂံမင်းလက်ထက်တို့တွင်လည်း ပြုပြင်ခဲ့သည်။ မျက်မှောက်ခေတ်ကာလတွင် ဒီပါအေးမြဆရာတော်က သက္ကရာဇ် ၁၃၄၁ တွင် စတင်ပြုပြင်ခဲ့ရာ ၁၃၄၃ ခုနှစ်တွင် ထီးတော်တင်နိုင်ခဲ့သည်။ ယခုအခါတွင် လောကသရဖူစေတီတော်ကြီးကို ဘုရားဂေါပကအဖွဲ့များ ဦးဆောင်၍ ပြုပြင်ထိန်းသိမ်းမှုများ ပြုလုပ်ရာ ၉၈ ရာခိုင်နှုန်းအထိ ပြီးစီးနေပြီး မကြာမီကာလတွင် ကြည်ညိုဖွယ်ဖူးမြင်နိုင်တော့မည်ဖြစ်ကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

## မြေပြင်တိုင်းတာခြင်းနှင့် မြေပုံထုတ်ခြင်းနည်းပညာသင်တန်းများဖွင့်လှစ်

**ပျော်ဘွယ် ဒီဇင်ဘာ ၇**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန စူးစမ်းလေ့လာရေးဌာနခွဲ၏ မြေပြင်တိုင်းတာခြင်းနှင့်မြေပုံထုတ်ခြင်းနည်းပညာ အသုံးချသင်တန်းအမှတ်(၁) ဖွင့်လှစ်ပွဲကို ဒီဇင်ဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ပျော်ဘွယ်မြို့ အခြေခံရေတိုင်းနှင့်မြေတိုင်းပညာရပ် လေ့ကျင့်ရေးသင်တန်းကျောင်း၌ ဖွင့်လှစ်ခဲ့သည်။

ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (အထက် မြန်မာပြည်) ဦးစိုးမြင့်ထွန်းက ယခုပြုလုပ်သည့် သင်တန်းသည် မိမိတို့သက်ဆိုင်ရာဘာသာရပ်များကို ပိုမိုကျွမ်းကျင်မှုရှိစေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်းဖြစ်ပါကြောင်း၊ မြေတိုင်းတာခြင်း၊ မြေပုံထုတ်ခြင်းလုပ်ငန်းများ ပိုမိုတိုးတက်ကောင်းမွန်လာစေရန် ခေတ်မီမြေတိုင်းတာစက်များအသုံးပြုပြီး ကျွမ်းကျင်သူများနှင့် ပူးပေါင်းကာ ပို့ချပေးမည်ဖြစ်ပါကြောင်း၊ သင်တန်းသားများသည် အင်ဂျင်နီယာများဖြစ်သည့်အားလျော်စွာ မြေတိုင်းပညာရပ်ကို ကျွမ်းကျင်ပိုင်နိုင်စွာ လုပ်ကိုင်တတ်စေရန် လိုအပ်ပါကြောင်း သင်တန်းပြီးဆုံးပြီးနောက် မိခင်ဌာနသို့ ပြန်လည်ရောက်ရှိပါက ရရှိလာသည့် အတွေ့အကြုံဗဟုသုတများကို အသုံးချပြီး မိမိဌာနအကျိုး၊ တိုင်းပြည်အကျိုး ရှိစေရေးအတွက် ဆောင်ရွက်သွားရန်လိုအပ်ကြောင်းကို ရှင်းလင်းဆွေးနွေးခဲ့သည်။



အဆိုပါသင်တန်းအား ရက်သတ္တသုံးပတ်ကြာဖွင့်လှစ်မည်ဖြစ်ပြီး လုပ်ငန်းနယ်ပယ်အသီးသီးတွင် တာဝန်ထမ်းဆောင်နေသော ဒု-လက်ထောက်ဦးစီးမှူး(မြို့ပြ)၊ လက်ထောက်ဦးစီးမှူး(မြို့ပြ)၊ ဒုတိယဦးစီးမှူး (မြို့-ပြ) တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်း (၃၀) ဦးအား ခေတ်မီမြေတိုင်းကိရိယာများဖြစ်သော Auto Level, Nikon Total Station များအသုံးပြု၍ Suntac ကုမ္ပဏီမှ ကျွမ်းကျင်ဝန်ထမ်းများနှင့် ဌာနမှ အတွေ့အကြုံရှိသည့် တိုင်းတာရေးဝန်ထမ်းများက စာတွေ့လက်တွေ့ပို့ချကာ ကွန်တိုမြေပုံတစ်ခု လက်တွေ့တိုင်းတာထုတ်လုပ်နိုင်သည်အထိ သင်ယူကြရမည်ဖြစ်ကြောင်း သိရသည်။

**မင်းမင်းထွေး(ပျော်ဘွယ်)**

## ကွမ်တာကျေးရွာတွင် မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**လှိုင်းဘွဲ့ ဒီဇင်ဘာ ၇**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ကွမ်တာကျေးရွာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးဆင်ဇခုပ်နှင့် မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဝေတို့ ဦးဆောင်သော မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို တောင်သူဦးကြာခေး ကွင်းအမှတ်-၁၅၃၅ အီဝကွင်း၏ စပါးလယ်မြေ ၄ ဒသမ ၅၂ ဧက၌ ဒီဇင်ဘာ ၄ ရက် နံနက် ၆ နာရီက စံကွက်ရိတ်သိမ်းခဲ့ကြောင်း သိရသည်။

မိုးစပါးစံကွက်ရိတ်သိမ်းရာတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ဝင်းဇော်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဆင်ဇခုပ်၊ မြို့နယ်မြေစာရင်းဦးစီးမှူး ဦးမင်းဝေ၊ မြို့နယ်လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနကွင်းတာဝန်ခံများ၊ မြို့နယ်စိုက်/မွေးကျေးလက်ကော်မတီဝင်များနှင့် တောင်သူများတက်ခဲ့သည်။

မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးက ဒေသနှင့်ကိုက်ညီပြီး ပြည်ပပို့ကုန်ဈေးကွက်ဝင်စပါးမျိုးတစ်မျိုးတည်း၊ တစ်ကွင်းတစ်စပ်တည်းစိုက်ပျိုးလာခြင်းဖြင့် ဆန်ဈေးကွက်အဆင့်မြင့်လာစေရေး အထောက်အကူပြုနိုင်ရန် မျှော်မှန်းဆောင်ရွက်လျက်ရှိကြောင်း ပြောကြားကာ တောင်သူများ၏ စိုက်ပျိုးထုတ်လုပ်မှုကုန်ကျစရိတ်၊ အထွက်နှုန်း၊ ရင်းနှီးကုန်ကျစရိတ်နှင့်အကျိုးအမြတ်ရရှိမှု၊ တောင်သူများရှေ့ဆက်စိုက်ပျိုးလိုသည့် မျိုးများအကြောင်းကို ထည့်သွင်းမေးမြန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်ပြန်/ဆက်**

## ကံမမြို့တွင် မြေသားပြုတ်ရွေ့ခြင်းကြောင့် လမ်းမြေကျွံကျခြင်းဖြစ်ပေါ်

**ကံမ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့ အမှတ် (၃) ရပ်ကွက် မဒေးဝရပ် မဒေးချောင်းအနီး မဒေးလမ်းတစ်လျှောက်တွင် မြေသားပြုတ်ရွေ့ခြင်းကြောင့် လမ်းမြေကျွံကျခြင်းများ၊ အက်ကွဲခြင်းများ ဖြစ်ပေါ်ခဲ့သည်။

ဗိုလ်ချုပ်လမ်းနှင့် ဆုံတွေ့ရာ မဒေးလမ်းပေါ်တွင်အဆိုးရွားဆုံးဖြစ်ပြီး လမ်းမြေ ၂၅၀ ပေခန့်မှာ လမ်းအောက်သို့ ခုနစ်ပေခန့် နိမ့်ကျသွားခဲ့သည်။ အဆိုပါဖြစ်စဉ်မှာ မိုးနှောင်းပိုင်းကာလ မိုးများသည်းထန်စွာရွာသွန်းခဲ့ခြင်းမှ အစပြု၍ မြေသားအက်ကွဲကြောင်းများစတင်ဖြစ်ပေါ်ခဲ့ရာမှ ယခုရက်ပိုင်းတွင် မြေသားများ တဖြည်းဖြည်း ကျွံကျသွားခြင်းဖြစ်ကြောင်း ဒေသခံများထံမှ သိရသည်။



လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများသည် ဖြစ်ပွားရာ နေရာများသို့ ဒီဇင်ဘာ ၅ ရက် နံနက်ပိုင်းက သွားရောက် ကြည့်ရှုခဲ့ကြပြီး ပြန်လည်ပြုပြင် ထိန်းသိမ်းနိုင်ရေးအတွက် ဆွေးနွေးညှိနှိုင်းမှုများ ပြုလုပ်ခဲ့ကြကြောင်း သိရ သည်။

**ကျော်ဇေယျဝင်း(ကံမ)**

## မောက်မယ်မြို့နယ် ကဒူးကြီးအုပ်စု၌ ဘိန်းခင်း (၁၃) ဧကခန့်ဖျက်ဆီး

**မောက်မယ် ဒီဇင်ဘာ ၇**

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဘိန်းစိုက်ပျိုးမှုပပျောက်ရေး လုပ်ငန်းစဉ်များကို နိုင်ငံတော်မှ နှစ်တိုနှစ်ရှည်စီမံကိန်းများချမှတ်ပြီး ဘိန်းစိုက်ပျိုးသော ဒေသများတွင်သက်ဆိုင်ရာ ဝန်ကြီးဌာနများ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်းဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် လင်းခေးခရိုင် မောက်မယ်မြို့နယ် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းမှ ဒီဇင်ဘာ ၃ ရက်မှ ၄ ရက်အထိ ကဒူးကြီးကျေးရွာအုပ်စု ဗန်းမတ်၊ ပန်လန်း၊ နားဟီး၊ နောင်လောင်းကျေးရွာများအနီးရှိ ဘိန်းစိုက်ခြံများအား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမောင်မောင်ထွန်းနှင့် မြို့နယ်စခန်းမှူး ဒုရဲမှူးဇော်မင်းခိုင်တို့မှ ဦးဆောင်၍ ၁၃ ဧကခန့်ဖျက်ဆီးခဲ့ကြောင်း သိရသည်။

အဆိုပါဘိန်းခင်းများ စိုက်ပျိုးထားသောခြံများတွင် မြို့နယ်ထွေ/အုပ်၊ ပြန်/ဆက်၊ သစ်တော၊ မြေစာရင်း ၊ စိုက်ပျိုးရေး ဝန်ထမ်းများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ ပါဝင်ပြီး လိုက်ပါပူးပေါင်းပါဝင်ကူညီဖျက်ဆီးကြကြောင်း သိရသည်။

**စိုင်းမျိုးသန့် (ပြန်/ဆက်)**

# ဝင်းဦးနှင့် ကျွန်တော်

## တက္ကသိုလ်တင်ခ

"ဝင်းဦးနှင့် ကျွန်တော်" ခေါင်းစဉ်ဖြင့် ရေးခွင့်ကြုံလာရပုံက နိဒါန်းစရမည် ထင်ပါသည်။ ကျွန်တော်သည် ၁၉၆၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ်မှ ဝိဇ္ဇာအထွေထွေဂုဏ်ထူးဘွဲ့ရခဲ့ပါသည်။ ထိုနှစ်မှပင်စတင်ကာ ၁၉၆၀ ပြည့် နှစ် ဇွန်လမှာ ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနတွင် မြန်မာစာနည်းပြအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။

၁၉၆၁-၁၉၆၄ ခုနှစ်များတွင် အောင်ဆန်းသူရိယလှသောင်းအထက်တန်းကျောင်းသို့ ဝင်ရောက်အမှုထမ်းရန် တပ်မတော်ဗိုလ်ရွေးအဖွဲ့မှ ဝင်ရောက်ဖြေဆိုခဲ့သည်။ တပ်မတော်ပြန်တမ်းဝင်အရာရှိများ အစစ်ဆေးခံရသလို ရေးဖြေ ဗဟုသုတမေးခွန်း၊ စိတ်ပညာစသည့် ဘာသာရပ်အားလုံး စာတွေ့လက်တွေ့ရေးဖြေခဲ့ရသည်။

ထိုစဉ်က တပ်မတော်အရာရှိကြီးများကိုယ်တိုင် လူတွေ့စစ်မေးခဲ့သည်ကို ဖြေဆိုခဲ့ရသည်။ ကျွန်တော်သည် အသက် ၂၀-၂၁ နှစ် ငယ်ငယ်ရွယ်ရွယ် အထက်တန်းပြ မြန်မာစာဆရာဖြစ်လာခဲ့သည်။ တပ်မတော်သားများ၏ သားငယ်များကို မြန်မာစာဘာသာသင်ကြားပေးရင်း တပ်မတော်မိသားစုပမာ ရင်းနှီးခင်မင်ကျွမ်းဝင်ချစ်ခင်လာခဲ့သည်။

ကျွန်တော်သည် ရန်ကုန်တက္ကသိုလ်မြန်မာစာဌာနမှ ပြောင်းရွှေ့လာခဲ့သော်လည်း မြန်မာစာဘာသာရပ်နှင့် ထက်ကြပ်မကွာလေ့လာသင်ကြားပေးနေခဲ့ရပါသည်။ အောင်ဆန်းသူရိယလှသောင်းကျောင်းသည် တပ်မတော် အစဉ်အလာကောင်းများကို ပြုစုပျိုးထောင်ပေးခဲ့သော စံပြကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ ညစာကြည့်အချိန်တာဝန်ကျသောအခါ ကျောင်းသားတပည့်များ၏ စိတ်ကြိုက်မြန်မာစာ၊ ပင်ရင်းမြန်မာစာဘာသာရပ်များကို

**ဝင်းဦးသည် ရှပ်ရှင်နယ်သို့ ခြေမကျမီကပင် စာပေသမားတစ်ဦးဖြစ် နေပေပြီ။ "ညိုမင်းလွင်" ဟူသော ကလောင်အမည်ဖြင့် သွေးသောက်မဂ္ဂဇင်းတွင် "ဂျိန်း" ဝတ္ထုတိုကလေးမှ အစပြုကာ ကဗျာ၊ ဝတ္ထုများရေးသားခဲ့သည်။ ရှုမဝမဂ္ဂဇင်းတွင် "တက္ကသိုလ်ကျောင်းသားတစ်ဦး" ဝတ္ထုရှည်မှ စတင်ကာ ဝင်းဦးနာမည်ခံယူကာ နောက်ဆုံးချိန်အထိ စာပေများကို ရေးသားခဲ့. . . . .**

သင်ကြားပေးရပြီး အချိန်မရွေး ကြပ်မတ်သင်ကြားပျိုးထောင်ပေးခဲ့ရပါသည်။

ဝင်းဦးနှင့်ကျွန်တော်

အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၁-၆၄ ခုနှစ်အထိ အထက်တန်းပြဆရာ (မြန်မာစာ) တာဝန်ထမ်းဆောင်ခဲ့သော ကျွန်တော်သည် တပ်မတော်သားများ၏ သွေးသားကျောင်းသားများကို မြန်မာစာသင်ကြားပေးရင်း တိုင်းချစ်ပြည်ချစ်စိတ်၊ မျိုးချစ်စိတ်ဓာတ် အခြေခံရင့်သန်စေရန် လှုံ့ဆော်ပညာပေးသင်ကြားပေးခဲ့သည်။

အောင်ဆန်းသူရိယလှသောင်း ရွှေရတုအထိမ်းအမှတ်စာစောင် "အောင်ဆန်းသူရိယလှသောင်းကျောင်း(မင်္ဂလာဒုံ)၏ သမိုင်းမှတ်တိုင် က/၇၂၅၅ ဗိုလ်ကြီး(ငြိမ်း) သန်းထွဋ်ရေးသားချက်မှတ်တမ်းအရ ထူးခြားဖြစ်စဉ်အရ ဇာတ်လိုက် မင်းသားဝင်းဦးက ကျောင်းအထွေထွေသုံးအတွက် ကိုယ်တိုင်လာရောက်ပြီး ငွေ ၅၀၀၀(ငါးထောင်ကျပ်) လှူဒါန်းပေးခြင်းကို ဖတ်ရှုမိရာမှ ကျွန်တော်ကိုယ်တိုင် ၁၉၆၃ ခုနှစ်ခန့် ရက်စွဲမမှတ်မိတော့ပါ။ အခမ်းအနားမှူးတာဝန်ယူပြီး အလှူငွေလက်ခံကာ ကျေးဇူးတင်စကားပြောကြားပေးခဲ့ရသည်ကို ပြန်လည်မြင်ယောင်မိပါတော့သည်။

ထိုနေ့ညနေပိုင်းတွင် အမှတ်မထင်အစီအစဉ်တစ်ရပ် ကျင်းပခဲ့ရသည်။ နိုင်ငံကျော်ရုပ်ရှင်မင်းသားဝင်းဦးက အောင်ဆန်းသူရိယလှသောင်းကျောင်းကို ငွေ ၅၀၀၀ (ငါးထောင်ကျပ်) တိတိလှူဒါန်းမည်ဖြစ်၍ အခမ်းအနားမှူး တာဝန်ယူပေးရန် အကြောင်းကြားလာသဖြင့် ကျောင်းဆရာဝတ်စုံဖြင့် တက်ရောက်ခဲ့ပါသည်။

ရုပ်ရှင်မင်းသား ဝင်းဦးသည် ပြိုင်ကားအနီရောင်ဖြင့် စပို့ရှပ်အနီဘောင်းဘီ အပုံစားဖြင့် ရောက်ရှိလာပြီး ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများအားလုံးကို ရွှင်ပြုံးဖော်ရွေစွာ ဂါရဝပြုပါသည်။

ကျွန်တော်သည် ထိုစဉ်က အသက်အရွယ်ငယ်သူပီပီ ကိုဝင်းဦးနှင့် ဖော်ရွေပြုံးရွှင်စွာ နှုတ်ဆက်ကာ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများကိုဂါရဝပြုကာ သူ၏ ငွေလှူဒါန်းရခြင်းအကြောင်းအရင်းကို ရှင်းပြပါသည်။ သူ၏ ကျောင်းသားများကို ပြောကြားသောစကားကို ကျွန်တော်ယနေ့တိုင်မမေ့နိုင်သေးပါ။

သူ့ကို ရုပ်ရှင်မင်းသားအဖြစ် အားမကျအတုမယူရန်ပြောကြားခဲ့သည်။ သူကိုယ်တိုင်တက္ကသိုလ်တက်ခဲ့ရသော်လည်း ဘွဲ့မရခဲ့ကြောင်း၊ သူ၏ ဖခင်မှာ ပါမောက္ခဦးဘညွန့်ဖြစ်ကြောင်း၊ စစ်တပ်တွင်ဝင်ပြီး ဗိုလ်ကြီးဘဝနှင့် အငြိမ်းစားရယူခဲ့ကြောင်း၊ ယနေ့နိုင်ငံကျော် မင်းသား၊ စာရေးဆရာ ဒါရိုက်တာဖြစ်နေသည်ကို အားကျအတုမယူစေချင်ကြောင်း၊ အောင်ဆန်းသူရိယလှသောင်းကျောင်းကို ဂုဏ်ပြုလိုကြောင်း၊ ကျောင်းသားအားလုံး စာကိုသာ ကြိုးစားသင်ယူကြစေလိုကြောင်း ရိုးရိုးစင်းစင်း ရှင်းရှင်းလင်းလင်းပြောဆိုသွားခဲ့သည်ကို ကျွန်တော်အသည်းတွင် စွဲထင်ကျန်ရစ်နေခဲ့ပါသည်။

အောင်ဆန်းသူရိယလှသောင်းကျောင်း ရွှေရတုမတိုင်မီကပင် သူ၏ SUN BEAM ပြိုင်ကားနီနီ စပို့ရှပ်အနီရောင် ဝတ်ဆင်ခဲ့သော ရုပ်ရှင်မင်းသားဝင်းဦး၏ ထူးခြားသော ပြောစကားနှင့်သူ့သဘောထားအမြင်ကို ဘယ်သောအခါမှ မေ့ပျောက်မည်မဟုတ်ပါ။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာ ၁၄ရက်နေ့တွင် ရုပ်ရှင်မင်းသားဝင်းဦးသည် သူချစ်သောပြည်သူနှင့် သူဂုဏ်ပြုငွေလှူဒါန်းခဲ့သော အောင်ဆန်းသူရိယလှသောင်းကျောင်းတို့အား ထာဝရခွဲခွာသွားခဲ့ပါပြီ။ ဝင်းဦးနှင့် ကျွန်တော်သည် ၁၉၆၃ ခုနှစ်ခန့်က တွေ့ဆုံကြုံခဲ့ရသော ဘဝတစ်စွန်းတစ်စကို ညွှန်းပြလိုရင်းသာဖြစ်ပါသည်။ အစဉ်အလာကောင်းသော အောင်ဆန်းသူရိယလှသောင်းကျောင်းမှသည် ၁၉၆၄ ခုနှစ်တွင် ကျွန်တော်တပ်မတော်သို့ဝင်ခဲ့သည်။ အမှတ် (၉၇) ခြေလျင်တပ်ရင်း ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီး၊ မြဝတီ၊ ကော့ကရိတ်နယ်မြေဒေသ စစ်ဆင်ရေးကြီးငယ်များ ဝင်ရောက်ဆင်နွှဲပြီး ပြင်ဦးလွင်စစ်တက္ကသိုလ်သို့ နည်းပြအဖြစ် ၁၉၆၉ ခုနှစ် ဇွန်လမှာ ပြောင်းရွှေ့ရောက်ရှိခဲ့ရသည်။

ဝင်းဦးအလွမ်းပြေ

၁၉၆၉ ခုနှစ် ဇွန်လတွင် ကျွန်တော်သည် မြဝတီရှေ့တန်းမှသည် ကျွန်တော်၏ ဇနီး ဒေါ်မြင့်မြင့်၊ သမီးဦး ယမင်းခတို့နှင့် ဒေါနတောင်ကြီးစစ်ယာဉ်တန်းခရီးဖြင့် ပြန်ခဲ့ရာတွင် အလယ်ဗိုလ်တဲစခန်းတွင် ကျွန်တော်၏ ချစ်ရဲဘော် သူငယ်ချင်း ဗိုလ်မောင်ဘိုစခန်းမှာ ခေတ္တရပ်နားပြီး နှုတ်ဆက်ခဲ့ပါသည်။

သူသည် ဗိုလ်သင်တန်းအမှတ်စဉ်- ၃၁မှ ဗိုလ်မောင်ဘိုဖြစ်ပါသည်။ ကျောင်းဆင်းဖော်သူငယ်ချင်းရောင်းရင်းဖြစ်ပါသည်။ ဆိုးတူကောင်းဘက် နေလာခဲ့ရာ ခွဲခွာရတော့မည့်အချိန်တွင် သူကဝမ်းနည်းစကားဆိုရင်း သူ့ကိုယ်သူ "ကိုဝင်းဦးပေါ့ကွာ-သည် အလယ်ဗိုလ်တဲမှ ဗိုလ်ကြီး ကိုဦးနေသွားခဲ့တယ်လေ (သူ့ကိုယ်သူ ဝါးဆစ်ဆေးတံကိုက်ရင်း နှုတ်ခမ်းမွှေးရေးရေးနှင့် ဝင်းဦးစတိုင်အမူအရာ လုပ်ပြရင်း) မင်းတို့တော့ ပြင်ဦးလွင်စစ်တက္ကသိုလ်မှာ ပျော်ပျော်နေကြပေါ့ကွာ. . . ငိုသံပါကြီးနှင့်ပြောရာ) ကျွန်တော့်ဇနီးမှာ ချော့မော့နှစ်သိမ့်ပေးခဲ့ရသည်။"

အော်. . . ဝင်းဦးအလွမ်းပြေပါလား. . . (ယခုအခါ ကျွန်တော့် သူငယ်ချင်း ဒုတိယဗိုလ်ချုပ်ကြီး(ငြိမ်း) မောင်ဘိုမှာ ကွယ်လွန်သွားခဲ့ရှာပြီ ဖြစ်ပါသည်။)

စာရေးဆရာဝင်းဦးနှင့် ကျွန်တော်

ဝင်းဦးသည် ရုပ်ရှင်နယ်သို့ ခြေမကျမီကပင် စာပေသမားတစ်ဦးဖြစ်နေပေပြီ။ "ညိုမင်းလွင်" ဟူသော ကလောင်အမည်ဖြင့် သွေးသောက်မဂ္ဂဇင်းတွင် "ဂျိန်း"ဝတ္ထုတိုကလေးမှ အစပြုကာကဗျာ၊ ဝတ္ထုများ ရေးသားခဲ့သည်။ ရှုမဝမဂ္ဂဇင်းတွင် "တက္ကသိုလ်ကျောင်းသားတစ်ဦး" ဝတ္ထုရှည်မှ စတင်ကာ ဝင်းဦးနာမည်ခံယူကာ နောက်ဆုံးချိန်အထိ စာပေများကို ရေးသားခဲ့သည်။

ကျွန်တော်ကြားသိခဲ့ရသမျှ သတိရမှတ်မိနေသည်ကို ရေးလိုပါသည်။ ရှုမဝဦးကျော်သည် "ဝင်းဦး" ရေးသော "တက္ကသိုလ်ကျောင်းသားတစ်ဦး" စာမူကို သဘောကျလွန်း၍ စားပွဲအံဆွဲမှ ဆွဲထုတ်ကာ ရှိသမျှငွေအားလုံးကို စာမူခပေးခဲ့ဖူးကြောင်း ပြန်ပြောင်းအမှတ်ရမိပါသည်။

ကြားကာလများတွင် ကိုဦး၊ ခင်မောင်ဝင်း၊ မိုးကျော်ခေါင် ကလောင်ခွဲများဖြင့်လည်း ရေးခဲ့ပေသည်။ တက္ကသိုလ် ကျောင်းသားတစ်ဦး နှစ်ယောက်တည်းနေချင်တယ်။ ယောကျ်ားမပီသသူ၊ သတ္တိမရှိသော ယောကျ်ား၊ ပန်းကြဲတဲ့ဖဲစက်ရာမှာ၊ အသည်းစားမဟာရာဇာတစ်ဦး၏ ရှင်းတမ်း၊ မုန်းလည်း မေ့ပါနိုင် စသည့် ဝတ္ထုရှည်များသည် လူကြိုက်များခဲ့၊ ကျော်ကြားခဲ့သည့် သူ၏ လက်ရာဟောင်းများဖြစ်သည်။

စာရေးရုံနှင့် အားမရသောဝင်းဦးက "စန္ဒာ" မဂ္ဂဇင်းတည်ထောင်ပြီး ထုတ်ဝေဖြန့်ချိခဲ့ပါသည်။ သူ၏ "စန္ဒာကလည်း စတင်ထွက်စဉ်ကတည်းက ပေမီထောက်မီမဂ္ဂဇင်းတစ်စောင်ဖြစ်ခဲ့ရပါတယ်. . . "ဟု လူထုဒေါ်အမာက ချီးမွမ်းစကား ပြောကြားခဲ့ဖူးပါသည်။

စန္ဒာမဂ္ဂဇင်းနှင့် ကျွန်တော်

ဝင်းဦးသည် စာရေးသူတစ်ဦးဘဝကို လွန်စွာခုံမင်သူဖြစ်ကြောင်း သူ့စာများက သက်သေခံနိုင်ကြပေသည်။ "ကျွန်တော်တန်ဖိုးထားသော စာရေးဆရာဘဝပါ" ဟုလည်း ပြောဆိုတတ်သူဖြစ်သည်။ "စန္ဒာမဂ္ဂဇင်း" ဟာ ကျွန်တော့်ရဲ့သမီး ကျွန်တော့်ရဲ့အသက်" ၏ဟူ၍လည်း ဝင့်ကြွားစွာ ပြောတတ်ခဲ့သူ တစ်ဦးဖြစ်ပါသည်။

ကျွန်တော်သည် အောင်ဆန်းသူရိယလှသောင်းကျောင်းတွင် ၁၉၆၃ ခုနှစ်က သူ၏ ငွေ ၅၀၀၀ (ငါးထောင်ကျပ်) အလှူပွဲတွင် အခမ်းအနားမှူး ဆရာတစ်ဦးဘဝနှင့် မျက်နှာချင်းဆိုင်တွေ့ဆုံခဲ့ရသလို ဝင်းဦး၏ အသက်၊ ဝင်းဦး၏ ချစ်သမီးစန္ဒာမဂ္ဂဇင်းတွင် ကဗျာမျက်နှာပြည့်တစ်ပုဒ်ထည့်သွင်း ဖော်ပြခြင်းခံခဲ့ရပါသည်။ ကျွန်တော်တက္ကသိုလ်တင်ခ ကလောင်မယူခင်ကတည်းပင် စတင်ကာ စန္ဒာမဂ္ဂဇင်းသို့ "သည်သောင်ယံကမခွာရက်တယ်" ကဗျာတစ်ပုဒ် ရေးပို့ခဲ့ဖူးပါသည်။ ကလောင်အမည်မှာ "မောင်တင်ခ" ဖြစ်ပါသည်။ နှစ်ပေါက်ကြာသည်အထိ ပို့ထားခဲ့သည်မှာ ကြာခဲ့ပါပြီ။ ၁၉၈၄ ခုနှစ် စန္ဒာမဂ္ဂဇင်းမှာ မျက်နှာပြည့် ထည့်သွင်းဖော်ပြခြင်းခံခဲ့ရပါသည်။ စာမူခ ၂၀ ကျပ်သာရပါသည်။ ကျွန်တော်၏ ကဗျာကို မင်းသားကြီးဝင်းဦးက လွန်စွာနှစ်သက်ကြောင်းကို အဆိုတော်သန်းမြတ်စိုး၊ ကေတုဝင်းထွဋ်၊ ကျွန်တော်၏ ဇနီးမောင် အဆိုတော် ဇေယျာတို့ကို အားပါးတရပြောပြခဲ့သည်ကို ကျွန်တော်ဂုဏ်ယူမဆုံးဖြစ်နေပါသည်။

၁၉၈၄ ခုနှစ် မတ်လ စန္ဒာမဂ္ဂဇင်းမျက်နှာပြည့်ဖော်ပြခဲ့ပါသည်။ ၁၉၈၈ ခုနှစ် ဒီဇင်ဘာလ ၁၄ရက်နေ့မှာ စာရေးဆရာဝင်းဦးကွယ်လွန်ခဲ့ရရှာပါပြီ။

## ဝါးခယ်မတွင် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုပေး

**ဝါးခယ်မ ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် ကျောင်းကျန်းမာရေးဌာနက



မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းအသီးသီး၌ ကျောင်းသား ကျောင်းသူ ကလေးသူငယ်များအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများစဉ်ဆက်မပြတ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ နံနက် ၁၀ နာရီက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ပြုလုပ်ခဲ့သည်။

ယင်းဆောင်ရွက်ရာသို့ မြို့နယ်ကျောင်းကျန်းမာရေးဌာန တာဝန်ခံဆရာဝန် ဒေါက်တာချမ်းမြေ့လှိုင်၊ သွားဘက်ဆိုင်ရာ ဆရာဝန် ဒေါက်တာခင်သူဇာတင်နှင့် ကျောင်းကျန်းမာရေးအဖွဲ့တို့သွားရောက်ပြီး ကျောင်းသား ကျောင်းသူများ၏ အထွေထွေရောဂါများ၊ သွားနှင့်ခံတွင်းရောဂါများ၊ တစ်ကိုယ်ရေသန့်ရှင်းမှုစသည်တို့ကို စစ်ဆေးပေးပြီး လိုအပ်သော ကလေးသူငယ်များအား ဆေးကုသမှုများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။(ဝဲပုံ)

ဆက်လက်ပြီး ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းရေး စစ်ဆေးခြင်း၊ ကျောင်းမုန့်ဈေးတန်းတွင် ရောင်းချသော စားသောက်ကုန်များ သန့်ရှင်းမှုရှိ မရှိ ကျန်းမာရေးနှင့်ညီညွတ်မှုရှိမရှိ စစ်ဆေးပေးပြီး ဆိုင်ရှင်များအား ကျန်းမာရေးအသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လွှမ်းသီဟ (ဝါးခယ်မ)**



LFP

## လာလီဂါရင်ခုန်သံ-၁၅

# အဝေးကွင်းဖြစ်ပေမယ့်နိုင်ပွဲပြန်ရှာမယ့်ဘာစီလိုနာ

စပိန်လီဂါပွဲစဉ် ၁၄ မှာတော့ ဘာစီလိုနာဟာ အိမ်ကွင်းမှာရီးယဲလ်ကိုအနိုင်ယူနိုင်ခြင်းမရှိခဲ့ဘဲ သရေသာကစားနိုင်ခဲ့တာကြောင့်အမှတ် ကွာဟမှုကိုလျှော့ချနိုင်ခြင်းမရှိခဲ့ပါဘူး။ ဒါကြောင့်လည်း ဒီဇင်ဘာလ ၁၀၊ ၁၁၊ ၁၂၊ ၁၃ ရက်တွေမှာကစားရမယ့်ပွဲစဉ် ၁၅ မှာလည်း ဘာစီလိုနာ နိုင်ပွဲပြန်ရမလားစောင့်ကြည့်ရမယ်။

### ထိပ်တန်းဂိုးသွင်းရှင်များ

ရှိုင်း
မင်း
မင်း

| | | |
|---|---|---|
| စီရိုနယ်လ်ဒို(ရီးယဲလ်) | - | ၁၀ ဂိုး |
| အက်စပက်(ဆယ်တာဗီဂို) | - | ၉ ဂိုး |
| မက်ဆီ(ဘာစီလိုနာ) | - | ၉ ဂိုး |
| ဆွာရက်ဇ်(ဘာစီလိုနာ) | - | ၉ ဂိုး |
| ဂျီစီ(ဆိုစီဒက်) | - | ၇ ဂိုး |
| ကက်စထရို(ဘတ်တစ်) | - | ၆ ဂိုး |

### စပိန် လာလီဂါအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | ရီးယဲလ်မက်ဒရစ် | ၁၄ | ၁၀ | ၄ | ၀ | ၃၇ | ၁၂ | ၂၅ | ၃၄ |
| ၂ | ဘာစီလိုနာ | ၁၄ | ၈ | ၄ | ၂ | ၃၄ | ၁၅ | ၁၉ | ၂၈ |
| ၃ | ဆီဗီလာ | ၁၄ | ၈ | ၃ | ၃ | ၂၅ | ၂၀ | ၅ | ၂၇ |
| ၄ | အက်သလက်တီကို | ၁၄ | ၇ | ၄ | ၃ | ၂၈ | ၁၁ | ၁၇ | ၂၅ |
| ၅ | ဗီလာရီးယဲလ် | ၁၄ | ၆ | ၅ | ၃ | ၁၉ | ၁၀ | ၉ | ၂၃ |
| ၆ | ရီးယဲလ်ဆိုစီဒက် | ၁၄ | ၇ | ၂ | ၅ | ၂၃ | ၁၉ | ၄ | ၂၃ |
| ၇ | ဘီဘာအို | ၁၄ | ၇ | ၂ | ၅ | ၂၀ | ၁၇ | ၃ | ၂၃ |
| ၈ | အီဘား | ၁၄ | ၆ | ၃ | ၅ | ၂၁ | ၁၉ | ၂ | ၂၁ |
| ၉ | ဆယ်တာဗီဂို | ၁၄ | ၆ | ၃ | ၅ | ၂၄ | ၂၆ | -၂ | ၂၁ |
| ၁၀ | လက်စ်ပါးမက်စ် | ၁၄ | ၅ | ၅ | ၄ | ၂၅ | ၂၂ | ၃ | ၂၀ |
| ၁၁ | မာလာဂါ | ၁၄ | ၅ | ၅ | ၄ | ၂၃ | ၂၁ | ၂ | ၂၀ |
| ၁၂ | အက်စ်ပန်ညို | ၁၄ | ၄ | ၇ | ၃ | ၁၇ | ၁၇ | ၀ | ၁၉ |
| ၁၃ | အလာဗက်စ် | ၁၄ | ၄ | ၅ | ၅ | ၁၄ | ၁၇ | -၃ | ၁၇ |
| ၁၄ | ဘက်တစ် | ၁၄ | ၄ | ၃ | ၇ | ၁၇ | ၂၈ | -၁၁ | ၁၅ |
| ၁၅ | လီဂါနက်စ် | ၁၄ | ၄ | ၂ | ၈ | ၁၁ | ၂၅ | -၁၄ | ၁၄ |
| ၁၆ | ဒီပိုတီဗို | ၁၄ | ၃ | ၄ | ၇ | ၁၈ | ၂၄ | -၆ | ၁၃ |
| ၁၇ | ဗလင်စီယာ | ၁၄ | ၃ | ၃ | ၈ | ၁၉ | ၂၆ | -၇ | ၁၂ |
| ၁၈ | စပို့တင်းဂီဂျွန် | ၁၄ | ၃ | ၃ | ၈ | ၁၅ | ၂၈ | -၁၃ | ၁၂ |
| ၁၉ | ဂရန်နာဒါ | ၁၄ | ၁ | ၅ | ၈ | ၁၃ | ၃၀ | -၁၇ | ၈ |
| ၂၀ | အိုဆာစူနာ | ၁၄ | ၁ | ၄ | ၉ | ၁၃ | ၂၉ | -၁၆ | ၇ |



### မာလာဂါ - ဂရန်နာဒါ
**နံနက် ၂း၁၅ (၁၀-၁၂-၁၆)**

မာလာဂါခြေစွမ်းပိုင်းကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် မာလာဂါက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းကောင်းမွန်မှုပိုမိုရှိတတ်ပါတယ်။ လက်ရှိအချိန်အထိ အိမ်ကွင်း ခုနစ်ပွဲမှာ တစ်ပွဲသာရှုံးနိမ့်ထားပြီး ငါးပွဲတိတိအနိုင်ကစားနိုင်ခဲ့ပါတယ်။ ဂရန်နာဒါကတော့ နောက်ဆုံးပွဲမှာ ဆီဗီလာကို အနိုင်ရခဲ့ပေမယ့် အဝေးကွင်းမာခြေက အားနည်းတတ်သလို အဝေးကွင်းနိုင်ပွဲလည်းရယူနိုင်ခြင်းမရှိသေးပါဘူး။ မာလာဂါပဲအိမ်ကွင်းနိုင်ပွဲရမယ်။

### ဆိုစီဒက်စ် - ဗလင်စီယာ
**ည ၉း၄၅ (၁၀-၁၂-၁၆)**

နည်းပြအပြောင်းအလဲပြုလုပ်ခဲ့ပေမယ့်လည်း ဗလင်စီယာခြေ ကတည်ငြိမ်မှုမရှိသေးပါဘူး။ နောက်ဆုံးအဝေးကွင်း သုံးပွဲဆက်တိုက်လည်းအနိုင်မရခဲ့တာကိုတွေ့ရပါတယ်။ ဒီပွဲစဉ်မှာလည်း ဗလင်စီယာတို့ နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာဖြစ်ပေမယ့်လည်း ဆိုစီဒက်ကိုအသာရဖို့ခက်ပါတယ်။ ဆိုစီဒက်စ်က အိမ်ကွင်းခြေကောင်းမွန်မှုရှိသလို လက်ရှိအချိန်အထိလည်း အိမ်ကွင်းမှာတစ်ပွဲသာရှုံးသေးတယ်။ အိမ်ရှင်ဆိုစီဒက်စ်ပဲအနိုင်ရမယ်။

### ရီးယဲလ် - ဒီပို့တီဗို
**နံနက် ၂း၁၅ (၁၁-၁၂-၁၆)**

ရီးယဲလ်က ဒီရာသီမှာခြေစွမ်းပိုင်းတည်ငြိမ်နေပါတယ်။ ဘေးလ်မပါ ဝင်နိုင်တဲ့ပွဲတွေမှာ တိုက်စစ်ကစားပုံ အားနည်းတတ်ပေမယ့် အသင်းလိုက်ခြေစွမ်းပိုင်းနဲ့ ကွင်းလယ်ကစားပုံ ကတော့ပွဲတိုင်းကောင်းခဲ့ပါတယ်။ ဒီပွဲမှာလည်းအိမ်ကွင်းဖြစ်တာကြောင့် ရီးယဲလ်တို့ အားစိုက်လာခဲ့ ရင်ဒီပို့တီဗိုကိုအသာရဖို့အခက်အခဲမရှိနိုင်ပါဘူး။ အိမ်ကွင်းမှာရီးယဲလ်ကသာ နိုင်ပွဲရသွားဖို့သေချာနေပါတယ်။

### ဆဲလ်တာဗီဂို - ဆီဗီလာ
**ည ၉း၄၅ (၁၁-၁၂-၁၆)**

ဆီဗီလာကအဝေးကွင်းပွဲတွေမှာ ခြေစွမ်းပိုင်း တည်ငြိမ်မှုအားနည်း လွန်းပါတယ်။ နောက်ဆုံးပွဲစဉ်မှာ ဂရန်နာဒါကိုတောင် အဝေးကွင်းမှာ ရှုံးနိမ့်ခဲ့ရပါတယ်။ ဒီပွဲမတိုင်ခင်မှာလည်း ချန်ပီယံလိဂ်ကစားခဲ့ရလို့ ပွဲပန်းမှုတွေရှိလာနိုင်ပါတယ်။ ဆဲလ်တာဗီဂိုကတော့ အိမ်ကွင်းပွဲစဉ်တွေမှာ ကစားပုံကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်အထိအိမ်ကွင်းမှာ ငါးပွဲတိတိအနိုင်ကစားနိုင်ကာနှစ်ပွဲသာရှုံးနိမ့်ခဲ့ရပါတယ်။ ဆဲလ်တာဗီဂိုပဲအနိုင်ရဖို့ရှိတယ်။

### ဘက်တစ် - ဘီဘာအို
**နံနက် ၂း၁၅ (၁၂-၁၂-၁၆)**

ဘီဘာအိုခြေစွမ်းကကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါပေမယ့်လည်း အဝေးကွင်းပွဲတွေမှာတော့ခြေစွမ်းပိုင်းက အနည်းငယ်ကျဆင်းတတ်ပြီး လက်ရှိအချိန်အထိ အဝေးကွင်း ခုနစ်ပွဲမှာ နှစ်ပွဲသာ အနိုင်ရထားထားကာတိုက်စစ်ကလည်း ခုနစ် ဂိုးသာသွင်းယူနိုင်တဲ့အထိ အားနည်းနေပါတယ်။ ဘက်တစ်ကတော့ခြေစွမ်း သာမန်သာရှိပေမယ့် အိမ်ကွင်းအားနဲ့ ဖိအားပေးကစားလာမှာဖြစ်ပါတယ်။ ဘီဘာအိုတို့အခက်တွေ့နိုင်ကာ သရေလောက်ပဲကစားနိုင်မယ်။

### အိုဆာစူနာ - ဘာစီလိုနာ
**ည ၆း၃၀ (၁၀-၁၂-၁၆)**

အိုဆာစူနာခြေစွမ်းပိုင်းကအားနည်းမှုတွေရှိနေပါတယ်။ တိုက် စစ်ပိုင်းအားနည်းမှုတွေကြောင့်လည်း အိမ်ကွင်းမှာတောင်နိုင်ပွဲရယူနိုင်ဖို့ရုန်းကန်နေရပါတယ်။ လက်ရှိအချိန်အထိ အိမ်ကွင်းမှာနိုင်ပွဲမရသေးသလို တိုက်စစ်ကလည်း လေးဂိုးသာသွင်းယူနိုင်ခဲ့ပါတယ်။ ဒါကြောင့်လည်း အိမ်ကွင်းဖြစ်ပေမယ့် အိုဆာစူနာတို့ ဘာစီလိုနာကိုထိန်းချုပ်နိုင်ဖို့ မဖြစ်နိုင်ပါဘူး။ နိုင်ပွဲပြန်ရဖို့ အားစိုက်လာမယ့် ဘာစီလိုနာပဲ ဂိုးပြတ်အနိုင်ရသွားနိုင်ပါတယ်။

### လက်စ်ပါးမက်စ် - လီဂါနက်စ်
**နံနက် ၀၀း၀၀ (၁၁-၁၂-၁၆)**

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဗီလာရီးယဲလ်ကို သရေကစားနိုင်ခဲ့တဲ့ လီဂါနက်စ်ရဲ့ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိတယ်လို့ဆိုနိုင်ပါတယ်။ ဒါအပြင် အဝေးကွင်းပွဲစဉ်တွေမှာလည်းနိုင်ပွဲပိုမိုရယူထားနိုင်တာကိုတွေ့ရပါတယ်။ ဒါပေမယ့် လက်စ်ပါးမက်စ်ကလည်း အိမ်ကွင်းခြေပိုမိုပြီး ကောင်းမွန်တတ်ပါတယ်။ လက်ရှိအချိန်အထိ လက်စ်ပါးမက်စ်တို့ အိမ်ကွင်းရှုံးပွဲမရှိသေးပါဘူး။ ဒါ့အပြင် လီဂါနက်စ်ရဲ့တိုက်စစ်ပိုင်းက ဂိုးသွင်းခြေလည်းအားနည်းလို့ လက်စ်ပါးမက်စ်ပဲအနိုင်ရမယ်။

### အီဘား - အလာဗက်စ်
**ညနေ ၅း၃၀ (၁၁-၁၂-၁၆)**

အီဘားခြေစွမ်းပိုင်းကမဆိုးဘူးလို့ဆိုနိုင်ပါတယ်။ အထူးသဖြင့် အီဘားဟာအိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုကောင်းမွန်တတ်ပြီး အိမ်ကွင်းမှာလက်ရှိအချိန်အထိ တစ်ပွဲသာ ရှုံးပွဲကြုံထားပါကာ ငါးပွဲတိတိ အနိုင်ရယူနိုင်ခဲ့ပါတယ်။ အလာဗက်စ်ကတော့ အသင်းလိုက်ခြေစွမ်းပိုင်းကောင်းမွန်မှုရှိသလို အဝေးကွင်းခြေလည်းတည်ငြိမ်ပေမယ့် တိုက်စစ်ပိုင်းကတော့အားနည်းမှုတွေရှိတတ်ပါတယ်။ အိမ်ကွင်းမှာ အီဘားပဲအနိုင်ရသွားနိုင်ပါတယ်။

### အက်စ်ပန်ညို - ဂီဂျွန်
**နံနက် ၀၀း၀၀ (၁၂-၁၂-၁၆)**

အက်သလက်တီကိုနဲ့ပွဲမှာ သရေကစားနိုင်ခဲ့တဲ့ အက်စ်ပန်ညိုရဲ့ခြေက ကောင်းမွန်မှုရှိပါတယ်။ ဒီပွဲကလည်းအိမ်ကွင်းဖြစ်လို့နိုင်ပွဲရရေး အားစိုက်လာဖို့ရှိနေပါတယ်။ ဒါပေမယ့် အက်စ်ပန်ညိုဟာ အိမ်ကွင်းပွဲတွေမှာနိုင်ပွဲရဖို့ ရုန်းကန်ရတတ်ပြီး သရေပွဲတွေသာများ နေပါတယ်။ ဂီဂျွန်ကတော့အဝေးကွင်းနိုင်ပွဲမရှိပေမယ့် တန်းမဆင်းဖို့ အားစိုက်လာမှာသေချာနေပါတယ်။ အက်စ်ပန်ညိုတို့အခက်တွေ့နိုင်ကာ ကပ်ပြီးသာနိုင်ခြေရှိတယ်။

### ဗီလာရီးရဲ - အက်သလက်တီကို
**နံနက် ၂း၁၅ (၁၃-၁၂-၁၆)**

နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ အက်စ်ပန်ညိုကိုအနိုင်မရခဲ့တာကြောင့် အက်သလက်တီကိုတို့နိုင်ပွဲပြန်လည်ရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ အက်သလက်တီကို အနေနဲ့ ချန်ပီယံလိဂ်ကစားခဲ့ရမှာ ဖြစ်ပေမယ့်လည်း အဆိုပါချန်ပီယံလိဂ်ကအရေးမပါတာကြောင့် ဒီပွဲအတွက်ခြေချန်လာနိုင်ပါတယ်။ ဒါပေမယ့်လည်းဗီလာ ရီးရဲကလည်း အိမ်ကွင်းခြေစွမ်းပိုင်းကောင်းမွန်နေတာကြောင့် အက်သလက်တီကိုတို့ အခက်တွေ့နိုင်ကာကပ်ပြီး သာနိုင်ခြေရှိပါတယ်။

# ၂၀၁၆ခုနှစ်၏ ဘလွန်းဒီအောဆု စီရိုနယ်လ်ဒို ရရှိမည်ဟု သတင်းများထွက်ပေါ်

စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်း၏ အားထားရသည့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုသည် ၂၀၁၆ ခုနှစ်အတွက် ကမ္ဘာ့အကောင်းဆုံးကစားသမားကိုသာ ပေးအပ်ချီးမြှင့်သည့် ဘလွန်းဒီအောဆုကို ရယူဆွတ်ခူးနိုင်လိမ့်မည်ဟု သတင်းများထွက်ပေါ်လျက်ရှိကြောင်း သိရသည်။

လက်ရှိတွင်ပေါ်တူဂီစူပါစတား စီရိုနယ်လ်ဒိုသည် ၂၀၁၆ ခုနှစ် ကမ္ဘာ့အကောင်းဆုံးကစားသမားဆုအတွက် မဲရလဒ်ထွက်ပေါ်လာမည့်ရက်ကို စောင့်မျှော်လျက်ရှိပြီး အဆိုပါဆုကို လာမည့်သတင်းပတ်ထဲတွင် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်းသိရသည်။

ထွက်ပေါ်လာသည့် သတင်းများအရ ဘာစီလိုနာအသင်းမှ အာဂျင်တီးနားတိုက်စစ်မှူး လီယွန်နယ်မက်ဆီ မှာ ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည့်အပြင် အက်သလက်တီကိုမက်ဒရစ်အသင်းမှ ပြင်သစ်တိုက်စစ်မှူး ဂရစ်ဇ်မန်းသည်လည်း တတိယနေရာဖြင့်သ ကျေနပ်ခဲ့ရသည်ဟု သတင်းများထွက်ပေါ်ခဲ့ခြင်းဖြစ်သည်။

မက်ဆီသည် လာလီဂါနှင့် ကိုပါဒယ်ရေးဖလားတွင်သာ အောင်မြင်မှုရရှိခဲ့ပြီး ချန်ပီယံလိဂ်နှင့် ကိုပါအမေရိ ကဖလားပြိုင်ပွဲများတွင် အောင်မြင်မှုမရရှိခဲ့ပေ။ သို့ရာတွင် စီရိုနယ်လ်ဒိုမှာမူ ရီးယဲလ်မက်ဒရစ်အသင်းနှင့်အတူ ချန်ပီယံလိဂ်ဖလားကို ဆွတ်ခူးနိုင်ခဲ့သည့်အပြင် ပေါ်တူဂီအသင်းနှင့်အတူ ယူရို ၂၀၁၆ဆုဖလားကိုလည်း ဆွတ်ခူး ထားနိုင်ခဲ့သူဖြစ်သည်။ ထို့ကြောင့် စီရိုနယ်လ်ဒိုမှာ ဒီဇင်ဘာ ၁၂ ရက်တွင် ပေးအပ်ချီးမြှင့်မည့် ၂၀၁၆ ခုနှစ် ဘလွန်းဒီအောဆု အတွက် ရေပန်းစားနေသူဖြစ်သည်။

(ငွေကြယ်)

# မြန်မာ့ရိုးရာဖက်ထိုးပညာကို အမွေဆက်ခံသည့် မျိုးဆက်သစ်ပညာရှင်နည်းပါးလျက်ရှိနေ

**မန္တလေး ဒီဇင်ဘာ ၇**
မြန်မာရိုးရာ အလှူပွဲများဖြစ်သည့် ရှင်လောင်းလှည့်ပွဲများ၊ ဘုရားထီးတော်ပင့်ပွဲနှင့် ဘုရားပင့်သည့် ပွဲများတွင်မပါမဖြစ်ပါရသောအရာမှာ ဘုရားအုပ်၊ ပရိတ်အိုး၊ ကွမ်းတောင်၊ ပန်းတောင်၊ ကံသာအိုးတို့ကို ငှက်ပျောဖက်ဖြင့် အလှဆင်ထိုးထားသော ဖက်ပန်းထိုးပစ္စည်းများပင်ဖြစ်သည်။ ဘုရား အုပ်သည် ဘုရားပင့်သည်ဖြစ်စေ အလှူပွဲတွင်ဖြစ်စေ အမြတ်တနိုးပြုလုပ်လေ့ရှိသည်။

ဘုရားအုပ် ဖက်ပန်းထိုးရန်အတွက် အဆင့်ဆင့်စုပေါင်းပြုလုပ်ကြရသည်။ ပထမဦးစွာ ဝါးလုံးတစ်လုံးကို အဆစ်ချန်ကာ ရှစ်စိပ်စိပ်ရသည်။ စိပ်ပြီးသားဝါးအား အဆစ်ကိုအပေါ်မှထားကာ ဘုရားအုပ်ပေါ်ရှိ ငှက်ပျောသုံးဖီး အုန်းသီးတစ်လုံးပေါ်တွင်သိုင်းကာခြုံလိုက်ရသည်။ ထိုသို့ပြုလုပ်ခြင်းဖြင့် အပေါ်စုအောက်ကားပုံစံရရှိလာသည်။ ထို့နောက်ငှက်ပျောလက် ၃၅ လက်ကိုယူကာ လိုသလို အရွက်တို့ကို စနစ်တကျဆုတ်ဖြဲကာ ဝါးသွားကြားထိုးတံ ပမာဝါးငယ်ကလေးများဖြင့် ကတော့ပုံလှည့်၍ထိုးရသည်။ ရလာသော ငှက်ပျောဖက်ဖြင့် ထိုးထားသော ပန်းခက်တို့ကို ဘုရားအုပ်ပေါ်ရှိ အောက်ကားအပေါ်ချွန်နေသည့် သိုင်းခြုံထားသော ဝါးပေါ်သို့ ကြိုးဖြင့်ချည်ကာ အလှဆင်ကြရသည်။

ဖက်ပန်းထိုးမှုရိုးရာအယူအဆတွင် ငှက်ပျောဖက်အညွန့်များကို မဖြတ်ရ၊ မချိုးရဆိုကြသည်။ ငှက်ပျောဖက်ပန်းများ နေသားတကျထိုးပြီးပါက ပန်းစို၊ ပန်းခြောက်များဖြင့်အလှဆင်ကြရသည်။ ထိုသို့ ပြုလုပ်ပြီးပါက လှပသော ဖက်ပန်းထိုးဘုရားအုပ်ကို ရရှိသည်။ ဖက်ပန်းထိုးရန်အတွက် အမျိုးသမီး အနည်းဆုံး သုံးယောက်စုပေါင်းပြုလုပ်ကြရသည်။ ဘုရားအုပ်အတွက် ငှက်ပျောလက် ၃၅ လက် ပရိတ်အိုး၊ ကံသာအိုး၊ ကွမ်းတောင်၊ ပန်းတောင်အတွက် ငှက်ပျောလက် ၂၀ ခန်း အသုံးပြုကြရသည်။ ကျေးလက်ရိုးရာအလှူပွဲများတွင် ကွမ်းတောင်ကို အလှဆုံးအပျိုချော မိဘနှစ်ပါးစုံသူမှသာကိုင်ကြရသည်။

ယခုအခါ မြန်မာ့ရိုးရာ ဖက်ပန်းထိုးပညာကိုရှေးမူမပျက် အလှဆင်ထိုးမှုကို အမွေဆက်ခံသင်ယူကြသော်လည်း ဖက်ပန်းထိုးပညာရှင်နည်းပါးလာကြောင်း သိရသည်။

မည်သို့ပင်ဖြစ်စေ ကျေးလက်ရိုးရာ အလှူပွဲ၊ ဘုရားပင့် ထီးပင့်ပွဲများတွင် ထိပ်ဆုံးမှနေရာယူထားပြီး ဘုရားပန်းအုပ်ကိုအလှဆုံးဖက်ပန်းထိုးပညာဖြင့် အစဉ်အလာမပျက် ပြုလုပ်ကြသည်။ ဘုရားပင့်ရာတွင် အများအားဖြင့် ဂျစ်ကားကိုအသုံးပြုကာ တင့်တယ်စွာတင်ဆောင်မောင်းနှင်ကြသည်။ အလှူပွဲများတွင် ရှေ့ဆုံးမှ ရွှေလှည်းယဉ်ဖြင့်ကျော့ကျော့မော့မော့တင်ကာ ဘုရားပန်းအုပ်ဘေးတွင် မြန်မာဆန်ဆန်အလှဆုံး ဝတ်ဆင်ထားသော အမျိုးသမီးနှစ်ယောက်ပါလိုက်ပါကြရသည်။ ယခုအခါတွင် ကျေးလက်သာမက မြို့ပြအလှူပွဲ ဘုရားပင့်၊ ထီးပင့်သည့်ပွဲများတွင်အစဉ်အလာမပျက်ဖက် ပန်းထိုးပညာဖြင့်ပြုလုပ်ထားသော ဘုရားအုပ်သည်တင့်တယ်စွာနေရာယူလျက်ရှိနေကြောင်း သိရသည်။

**တိမ်တမန်**



# အခြေခံစက်ပြင်၊ လျှပ်စစ်နှင့် ဂဟေသင်တန်း အမှတ်စဉ် (၅/ ၂၀၁၆) ဖွင့်ပွဲကျင်းပ

**ထားဝယ် ဒီဇင်ဘာ ၇**
နယ်စပ်ဒေသအတွင်း နေထိုင်သည့် တိုင်းရင်းသားလူငယ်များအား အခြေခံ အဆင့်မြင့်ပညာရပ်များ သင်ကြားလေ့ကျင့်ပေးပြီး နယ်စပ်ဒေသ၏ လူ့စွမ်းအားအရင်းမြစ်များ ဖွံ့ဖြိုးတိုးတက်ရန်နှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ တနင်္သာရီတိုင်းဒေသကြီး နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း (ထားဝယ်) တွင် အခြေခံစက်ပြင်၊ လျှပ်စစ်နှင့် ဂဟေသင်တန်း အမှတ်စဉ် (၅/ ၂၀၁၆) ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၅ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အခမ်းအနားတွင် တနင်္သာရီတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဒေါက်တာလဲ့လဲ့မော်က နယ်စပ်ဒေသတွင်နေထိုင်ကြသည့် တိုင်းရင်းသားများမှာ မြို့ပြတွင်နေထိုင်ကြသူများထက် ဖွံ့ဖြိုးတိုးတက်မှုနည်းပါးရခြင်းအကြောင်းမှာ မြို့ပြနှင့် ကျေးလက်ဒေသ နှိုင်းယှဉ်လျှင် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးမှုဖြစ်ခြင်း၊ နိုင်ငံတော်အနေဖြင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးပညာသင်တန်းများ တစ်နိုင်ငံလုံးလွှမ်းခြုံအောင် ဆောင်ရွက်လျက်ရှိပြီး ဒေသနှင့်ကိုက်ညီသည့် သင်တန်းများဖွင့်လှစ်ပေးခြင်းဖြင့် ဒေသခံများ အလုပ်အကိုင်များ ပိုမိုရရှိနိုင်မှာဖြစ်ပါကြောင်း၊ ယခုသင်တန်း အမှတ်စဉ် (၅/ ၂၀၁၆) ကို တက်ရောက်မည့် သင်တန်းသားများအနေဖြင့် နိုင်ငံတော်၏ စေတနာနှင့်ရည်ရွယ်ချက်တွေကို နားလည်သဘောပေါက်ပြီး သင်တန်းအစမှ အဆုံးတိုင်အောင် သင်တန်းကာလပြီးဆုံးသည်အထိ ကြိုးစားလေ့လာသင်ယူသွားကြရန်၊ နိုင်ငံ့သားကောင်းတစ်ယောက်ပီသစွာ သင်တန်းကျောင်းမှချမှတ်ထားသည့် စည်းကမ်းများအတိုင်း လိုက်နာနေထိုင်သွားကြရန်၊ သင်တန်းကပို့ချပေးမည့် ပညာရပ်များကို မိမိဘဝရပ်တည်ရေး လက်တွေ့နယ်ပယ်တွင် အကျိုးရှိစွာ အသုံးချနိုင်ရန်၊ မိမိဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတို့တွင် အုတ်တစ်ချပ်၊ သဲတစ်ပွင့်အနေဖြင့် ပါဝင်နိုင်ဖို့ ရည်မှန်းချက်ထားပြီး ကြိုးစားသင်ယူကြရန် ပြောကြားခဲ့သည်။

သင်တန်းဖွင့်ပွဲအခမ်းအနားကို တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ တိုင်းအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ သင်တန်းကျောင်းမှ ဆရာ၊ ဆရာမများ၊ သင်တန်းသားများ တက်ရောက်ခဲ့သည်။

အဆိုပါ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ စက်မှုလက်မှုပညာသင်တန်းကျောင်း(ထားဝယ်) တွင် လက်သမား၊ ပန်းရန်၊ သံချည်သံကွေးအတတ်၊ လျှပ်စစ်ဂဟေဆက်သင်တန်းနှင့် စက်ပြင် (ဒီဇယ်၊ ဓာတ်ဆီအင်ဂျင်၊ မော်တော်ဆိုင်ကယ်ပြုပြင်ခြင်း) အမှတ်စဉ် (၅/ ၂၀၁၆) သင်တန်းကို ဒီဇင်ဘာ ၅ ရက်မှစ၍ ရက်သတ္တ ၁၂ ပတ်ဖြင့် စာတွေ့၊ လက်တွေ့ သင်ကြားပေးမှာဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်မှ သင်တန်းသား ၅၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။

**တနင်္သာရီတိုင်းဒေသကြီး(ပြန်/ဆက်)**

# ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်းဆောင်ရွက်လျက်ရှိသော လုပ်ငန်းများအား ကွင်းဆင်းစစ်ဆေး

**ကနီ ဒီဇင်ဘာ ၇**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း လမ်းတံတား၊ ဌာနဆိုင်ရာအဆောက်အအုံများနှင့် မြို့နယ်အတွင်း ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ပြည်ထောင်စုဘတ်ဂျက်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ် (၄၅ ဒသမ ၄၀၂) သန်းဖြင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးအဆောက်အအုံ၊ တိုင်းဒေသကြီးခွင့်ပြုရန်ပုံငွေကျပ် ၉၃ ဒသမ ၂၃၈ သန်းဖြင့် မြို့နယ်သန္ဓေမီးသတ်စခန်း နှစ်ထပ်အဆောက်အအုံနှင့် ခွင့်ပြုရန်ပုံငွေကျပ် ၄၁ ဒသမ ၆၉၅ သန်းတို့ဖြင့် ဆောက်လုပ်လျက်ရှိသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံဆောက်လုပ်နေမှုများကို ဒီဇင်ဘာ ၅ ရက်က မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဖြိုးအောင်ထွန်းနှင့် မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့ဝင်များက လုပ်ငန်းဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါစစ်ဆေးရေးအဖွဲ့သည် အနောက်မြောက်မြို့တော်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော မြို့နယ်သန္ဓေမီးသတ်စခန်း နှစ်ထပ်အဆောက်အအုံဆောက်လုပ်နေမှုအခြေအနေများ၊ လေးမြတ်သစ္စာအင်ဂျင်နီယာကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသည့် ဝန်ထမ်းအိမ်ရာအဆောက်အအုံ အခြေအနေများ၊ ဂုဏ်ရောင်ထွန်းကုမ္ပဏီမှ တာဝန်ယူဆောက်လုပ်နေသော ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး အဆောက်အအုံဆောက်လုပ်မှုအခြေအနေများကို ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့သည်။

သက်ဆိုင်ရာတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြခဲ့ကြပြီး ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်ချက်ရှိသည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး မြို့နယ်အရည်အသွေးစစ်ဆေးရေးအဖွဲ့မှ ပြည်လည်ရှင်းလင်းမှာကြားခဲ့သည်။

**သန်းဌွေးအောင်(ကနီ)**

# ဖိုးအင်တောင်ကျချောင်းရေဖြင့် ငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးလာကြ



**မြစ်သား ဒီဇင်ဘာ ၇**
မန္တလေးတိုင်းဒေသကြီး မြစ်သားမြို့နယ်ထဲမှ တောင်ပေါ်ရွာဖြစ်သည့် ဖိုးအင်ရွာတွင် ဖိုးအင်ရေထွက်မှရေကို အသုံးပြုကာ ဖီးကြမ်းငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးလျက်ရှိသည်။ ငှက်ပျောသည် အကြမ်းအတမ်းခံသည်ဟုဆိုနိုင်ပြီး စီးပွားရေးအရ တွက်ခြေကိုက်လှသည်။ ငှက်ပျောစိုက်ရန်အတွက် ထယ်ရေးပြင်ပြီးသည် နှင့်ငှက်ပျောစိုက်ကွမ်းကျင်သူတို့နှင့် ငှက်ပျောပန္နက်ကို ရိုက်ကြရသည်။ ငှက်ပျောပန္နက်ရိုက်ပြီးသည်နှင့် ငှက်ပျောကျင်းတို့ကို တူးကြရသည်။ ငှက်ပျောကျင်းတူးရာတွင် ငှက်ပျောစို့စိုက်နိုင်ရန် တစ်ထွာကျော်နှစ်ထွာခန့် တူးရပြီးငှက်ပျောကျင်းအတွင်း မြေဆီခံပေးကြရသည်။

အများစုမှာ ဒေသအခေါ်ခြောက်တောင်ခန့် ထွန်ဝင်ဖြစ်အောင် အတန်းပြုလုပ်ပြီး ခုနှစ်တောင်စွယ်စုံ စိုက်ကြရသည်။ ငှက်ပျောစိုက်ပြီးသည်နှင့် ရေတင်ခြင်း၊ မြေပြုလုပ်ပေးခြင်း၊ မြေဆီကျွေးခြင်းတို့ကို စနစ်တကျပြုလုပ်ပေးကြပေသည်။ ငှက်ပျော၏ သဘာဝအရ အပင်ပွားနှုန်းကောင်းပြီး သားတက်ထွက်လေ့ရှိသည်။ ထိုအတက်များကို သားခွဲပေးရလေ့ရှိသည်ဟုဆိုသည်။ ငှက်ပျောခင်းတွင် မြေဆီ၊ ပုလဲတို့ကို ကျွေးပေးရလေ့ရှိသည်။ ငှက်ပျောမှာ အပြုအစုအယုအယကောင်းပါက ရှစ်လခန့်တွင် ငှက်ပျောခိုင်ထွက်လေ့ရှိသည်။ အခိုင်ထွက်ပြီး လေးအကြာတွင် အောင်မြင်ရင့်မှည့်သော ငှက်ပျောခိုင်ကို ခုတ်ယူရောင်းချနိုင်သည်။

ယခုနှစ်တွင် ငှက်ပျောဈေးကောင်းသောနှစ်ဟုလည်းဆိုကြပြီး ငှက်ပျောစိုက်တောင်သူများပြားလျက်ရှိသည်။ အထူးသဖြင့် မြစ်သားမြို့နယ် ဖိုးအင်ရွာတွင် ဖိုးအင်ရေထွက်တောင်ကျချောင်းရေကို အသုံးပြုကာ စိုက်ပျိုးကြသည်။ အခြားနေရာအနှံ့အပြားတွင် ငှက်ပျောကို စီးပွားဖြစ်စိုက်ပျိုးလာကြသည်။ ငှက်ပျောစိုက်ပျိုးရန် ငှက်ပျောစို့တစ်စို့ကို ငွေကျပ် ၄၅ ကျပ်၊ ၅၀ ပေးကြရသည်။ ငှက်ပျောစိုက်ရာတွင် စွယ်စုံစိုက်လေ့ရှိကြသည်။

မြေတစ်ဧကလျှင် ငှက်ပျော ၇၀၀ ခန့်စိုက်နိုင်သည်။ တစ်ဧကဆိုပါက ငှက်ပျော ၁၅ စီး၊ ၁၆ စီးထွက်ပြီး ငွေကြေးတန်ဖိုး ၂၅ သိန်းကျော်ရသည်ဟုဆိုသည်။ ငှက်ပျောတစ်ခိုင်လျှင် ပုံမှန်ခြောက်ဖီးတန်းသတ်မှတ်ပြီး အဖီးပိုပါက ဖီးပိုစားရလေ့ရှိသည်။ ငှက်ပျောတစ်သီးပြီးပါက ထိုအကွက်ထဲ ပင်ကြားတန်းနေရာပြောင်းကာ စွယ်စုံပြန်စိုက်လေ့ရှိသည်။ ငှက်ပျောသည် အကြမ်းခံသည့်အပြင် ဈေးကွက်ဝင်သီးနှံဖြစ်သည့်အတွက် ဝင်ငွေတိုးသော သီးနှံတစ်ခုပင်ဖြစ်သည်။ ယခုအခါ မြစ်သားမြို့နယ် တောင်ပေါ်ကျေးရွာဖြစ်သည့် ဖိုးအင်ရွာတွင် ဖိုးအင်ရေထွက်မှ တောင်ကျချောင်းရေကို အသုံးပြုကာ ငှက်ပျောများကို စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**တိမ်တမန်**

# ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**
ရန်ကုန်တိုင်းဒေသကြီး ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အမှတ် (၁၆၈) ရပ်ကွက် ကနောင်မင်းသားကြီးလမ်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ဒီဇင်ဘာ ၄ ရက် နံနက် ၁၀ နာရီက ကျင်းပခဲ့သည်။

လမ်းသစ်ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးမြင့်သောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးဇင်မင်းထွေး၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဒုဌာနမှူး ဦးစိုးသိန်းအောင်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တအုပ်ချုပ်ရေးမှူး ဦးမင်းအောင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။ ယင်းအခမ်းအနားသို့ ရန်ကုန်အရှေ့ပိုင်းခရိုင် အင်ဂျင်နီယာ (လမ်း၊ တံတား) ဌာန ခရိုင်မှူးဦးကြင်အုန်း၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်းနှင့် မြို့နယ်စက်မှုစီမံခန့်ခွဲရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာကျော်ညွှန့်လွင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့သည်။ အမှတ်(၁၆၈) ကနောင်မင်းသားကြီးလမ်းကို မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူး ဦးမောင်မောင်ထွန်း၏ ကြီးကြပ်မှုဖြင့် တာဝန်ခံအင်ဂျင်နီယာ ဦးဇော်နိုင်ဦးက ကွန်ကရစ်လမ်းအကျယ် ၂၂ ပေ၊ ထု ၁ ပေ၊ လမ်းအရှည်ပေ ၂၀၀၀ အား ခင်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကြီးစိုး (ဆိပ်ကမ်း)**

# လက်တွေ့အသုံးချဆေးနည်းတိုများ(၁၅)

ကြည်လွင်မြင့်(မုဒြာ)

**ဆရာ ကျွန်မအသက် ၃၀ ပါ။ ရုံးဝန်ထမ်းပါရှင့်။ ကျွန်မတို့ရုံးမှာ သောကြာနေ့တိုင်း အစည်းအဝေး ရှိပါတယ်ရှင့်။ အချိန်နေ့ တစ်ဝက်ကျော်ကြာပါတယ်ရှင့်။ အစည်းအဝေးခန်းမကြီးမှာ အဲကွန်းဖွင့်တာများပြီး အလွန်အေးစိမ့်နေပါတယ်။ တစ်ရက်က အပြင်မှာ ပူတာနဲ့ အကျီလက်တိုဝတ်ထားမိတာ အစည်းအဝေးခန်းမထဲရောက်တော့ အေးစိမ့်ပြီး တုန်လာပါတယ်ရှင့်။ အဲဒီကစပြီး နောက်ရက်တွေမှာ နေမကောင်းတော့ပါ။ ခေါင်းမကြည်၊ အဆစ်အမျက်တွေကိုက်ပြီး ချောင်းလည်းဆိုးပါတယ်။ အခုနောက်ပိုင်း အစည်းအဝေးခန်းမှာ ချောင်းဆိုးမှာစိုးလို့ ချောင်းဆိုး ပျောက်ဆေးအရည်တွေဝယ်သောက်တော့ အိပ်ငိုက်ပြီး သွေးလေးလာလို့ ဆက်မသောက်တော့ပါဘူးရှင့်။ ဖြစ်နိုင်ရင် ချောင်းဆိုးပျောက်မယ့် ဆေးနည်းလေးတွေ ညွှန်ပြပေးစေလိုပါတယ်။ အထူးသဖြင့် ညအိပ်ရာဝင်ချိန်ချောင်းဆိုးတော့ ဘေးက အဖော်လုပ်သူတွေပါ အိပ်ရေးပျက်လို့ပါရှင့်။**

အအေးပပ်ပြီး အပူငုပ်နေရင် ကွမ်းရွက်တစ်ရွက်၊ ချင်းပါးပါးလှီး ခုနစ်လွှာကို ထန်းလျက် သုံးခဲ၊ ရေနွေးမတ်ခွက်တစ်ဝက်နဲ့ ရောကျိုပြီး ပူပူလေးသောက်ပေးပါ။ ညအိပ်ရာဝင် ချောင်းဆိုးလို့ အိပ်မရဖြစ်ရင် အိမ်သုံးဆားတစ်ဇွန်းကို ဒယ်အိုးနဲ့ နီအောင်လှော်ပါ။ သံပရာသီးတစ်လုံး အရည်ညှစ်ချပြီး ဖျော်လိုက်ပါ။ လျက်ပေးပါ။ ချောင်းဆိုး သက်သာပါတယ်။ အဲကွန်းခန်းထဲဝင်ပြီး အချိန်ကြာကြာနေရမယ်ဆိုရင် ချင်းတက်ကို ပါးပါးလှီး ရေစိမ်ပြီး ဘူးငယ်လေးနဲ့ ထည့်ယူသွားပါ။ ဒါမှမဟုတ် လက်ကိုင်ပဝါ ရေဆွတ်ပြီး ထုပ်ယူသွားပါ။ ချင်းဖတ်ကိုငုံထားပြီး အရည်ကို နည်းနည်းချင်း မျိုချပါ။ အအေးပပ်တာ၊ လည်ချောင်းအပူငုပ်ပြီး ချောင်းဆိုးတာတွေကနေ ကာကွယ်နိုင်ပါတယ်။

**ဆရာရှင့် ကျွန်မမှာ အဆစ်တွေကိုက်ခဲနေပါတယ်။ အကိုက်အခဲပျောက်ဆေးသောက်ရင် သက်သာပါတယ်။ ဆရာဝန်ပြပြီး သွေးစစ်ကြည့်တဲ့အခါ လေးဘက်နာရောဂါရှိတယ်လို့ ပြောပါတယ်။ (ASO ၃၀၀) ရှိတယ်လို့ပြောပါတယ်။ အကိုက်အခဲပျောက်ဆေးတွေ သောက်နေရတာကြာတော့ အစာအိမ်ထိခိုက်မှာစိုးပါတယ်။ အနှိပ်ခံရင် ရပါသလားရှင့်။ လေးဘက်နာရောဂါရှိသူ အနှိပ်မခံရဘူးပြောတာ မှန်ပါသလား။**

မှန်ပါတယ်။ လေးဘက်နာရှိသူဟာ အဆစ်တွေရောင်တတ်လို့ အနှိပ်မခံသင့်ပါ။ ကြမ်းကြမ်းတမ်းတမ်း နှိပ်တာ၊ နင်းတာ မပြုသင့်ပါ။ မုန်ညင်းဆီကို မီးနဲ့ချက်ပြီး ခပ်နွေးနွေးလိမ်းပါ။ တစ်နေ့ နှစ်ကြိမ်၊ သုံးကြိမ်လိမ်းပါ။ မိဿလင်အမှုန့်ကို အဝတ်နဲ့ထုပ် ရေနွေးငွေ့ပေးပြီး ကြပ်ထုပ်ထိုးပေးပါ။ ခြေထောက်နဲ့လက်ဆစ်တွေကို ဆားရည်နွေးနွေးစိမ်ပေးရင် အကိုက်သက်သာပါတယ်။ သက်ရင်းကြီးရွက်၊ တမာရွက်တွေကိုပြုတ်ပြီး ရေချိုးပေးပါ။ ခြေလေးချောင်းသား၊ နီတဲ့အသား၊ ဝမ်းတွင်းသားတွေ ရှောင်ကြဉ်ပါ။ ပဲပင်ပေါက်နဲ့ စတော်ဘယ်ရီသီးတွေလည်းမတည့်ပါ။ ပင်ပန်းတဲ့လေ့ကျင့်ခန်းတွေ မလုပ်ရပါ။ ခရီးကြမ်းသွားတာ၊ အတက်အဆင်းများတဲ့နေရာသွားတာတွေလည်း မလုပ်ရပါ။ ပဲရာဇာကို ဟင်းချိုချက်သောက်ပေးရင် လေးဘက်နာနဲ့ သင့်ပါတယ်။ သဘော်ရွက်ကို ပျော့အောင် ရေနွေးစိမ်ပြီး ရောင်တဲ့၊ ကိုက်တဲ့ အဆစ်တွေမှာ ကပ်ပေး၊ စည်းပေးရင် သက်သာစေနိုင်ပါတယ်။ လေးဘက်နာတာ နာတာရှည် ရောဂါမျိုးဖြစ်လို့ အစားအသောက်ရော၊ အနေအထိုင်ပါ ဆင်ခြင်ရပါမယ်။ အဆစ်တွေရောင်ခဲ့ရင် တောရှောက်မြစ်နဲ့ ဝံအူမြစ်ကိုသွေးပြီး ရောစပ်လိမ်းပေးရင် အရောင်ကျစေနိုင်ပါတယ်။

**ဆရာ ခင်ဗျား၊ ကျွန်တော်က မြန်မာနိုင်ငံနဲ့ အဝေးမှာနေရသူပါ။ အဆုတ်လေပြွန်ရောင်ရောဂါကို နှစ်ခါတိတိ ပြင်းပြင်းထန်ထန် ဖြစ်ဖူးပါတယ်။ အခုနောက်ပိုင်းမှာ ပန်းနာရင်ကျပ်လို ဖြစ်လာပါတယ်။ ဆရာက ပန်းနာရင်ကျပ်အတွက် ကောင်းတယ်ဆိုပြီး 'ဇော်ဂျီတောင်ဝှေးပင် အကြောင်း သတင်းစာမှာ ရေးတာဖတ်ရလို့ မြန်မာနိုင်ငံကို မှာယူတာ ရောက်ရှိလာပါပြီ။ စိုက်ထားတာ အပင်ကလည်း ရှင်ပါတယ်။ အရွက်ခြောက်တွေလည်းပါပါတယ်။ ဘယ်လို သောက်ရမယ်ဆိုတာ ညွှန်ကြားပေးပါ။ အထူးသဖြင့် ညဘက်ဆိုရင် အသက်ရှူမဝဖြစ်ပြီး အိပ်မရဖြစ်လေ့ရှိပါတယ်။**

(ဘုရားပန်းအိုးထိုးတဲ့) ဇော်ဂျီတောင်ဝှေးပင်ခေါ် ပန်းပင်တစ်မျိုးကို အရွက်ရော၊ အရိုးပါ နုပ်နုပ်စဉ်းပြီး ဒိုဖာလာသကြားခေါ် မှုန်ရောင်သကြားခဲနဲ့ပြုတ်သောက်တာ နှစ်ပေါင်း လေးဆယ်ကြာဖြစ်နေတဲ့ ရင်ကျပ်ပန်းနာရောဂါပျောက်တာ စာရေးဆရာကြီး (မူဝံ) လက်တွေ့ဖြစ်ကြောင်း ရေးခဲ့လို့ သိရတာပါ။ လက်တွေ့မှာတော့ ဒီအတိုင်း အရွက်အစိုကိုပြုတ်သောက်တာ၊ အခြောက်လှန်းပြီး လက်ဖက်ခြောက်ပြုလုပ်သောက်ကြသူတွေလည်းရှိပါတယ်။ အဆုတ်လေပြွန်ရောင်လို့ဖြစ်တဲ့ ပန်းနာရင်ကျပ်ရောဂါအတွက် သင့်ပါတယ်။ ဒိုဖာလာသကြား (မှုန်ရောင် သကြားခဲ) ကတော့ မြန်မာနိုင်ငံမှာ ပရဆေးဆိုင်တွေမှာ ဝယ်လို့ရပါတယ်။ တခြားနိုင်ငံမှာ မရရင်လည်း အရွက်၊ အရိုးတွေ ပြုတ်သောက် (ဒါမှမဟုတ်) လက်ဖက်ခြောက်ပြုလုပ်ပြီး သောက်ရင်လည်း ဇော်ဂျီတောင်ဝှေးပင်ရဲ့ ဆေးဖက်ဝင်အာနိသင်ကို တွေ့ရမှာပါ။ ရေရှည်စွဲသောက်ဖို့တော့ လိုပါတယ်။



ဘေးထွက်ဆိုးကျိုးရှိတယ်လို့တော့ မကြားဘူးသေးပါ။ တစ်နေ့ကို ပြုတ်ရည် မတ်ခွက်တစ်လုံးလောက် သောက်သုံးပေးနိုင်ပါတယ်။

**ပူဒီနာရွက်ကို ရေစိမ်ပြီးသောက်ရင် အဆီကျတယ်ဆိုတာ မှန်ပါသလား ဆရာ။**

လက်တွေ့တော့ သက်သေပြနိုင်လောက်အောင် မတွေ့ဘူးပေမယ့် ဆေးကျမ်းတွေအရတော့ ပူဒီနာရွက်က အာကာသပင်ဖြစ်လို့ အကြောပွင့်စေနိုင်ပါတယ်။ ပူဒီနာရွက်၊ သံပရာသီး အကွင်းလိုက် ပါးပါလှီး၊ မုန်လာဥနီကို ရေတကောင်းဖန်ချိုင့်နဲ့ စိမ်ထားပြီး သောက်ပေးရင် အဆီကျလှပတယ်ဆိုပြီး သောက်နေကြတာတွေ့ရပါတယ်။ ဘေးထွက်ဆိုးကျိုးတော့မရှိပါ။

**ဆရာရှင့် ကျွန်မအသက် ၅၀ နည်းနည်းကျော်ခဲ့ပါပြီ။ အသက် ၄၉ နှစ်က သွေးဆုံးခဲ့ပါတယ်။ အခု မျက်နှာမှာ တင်းတိပ်တွေထွက်လာပါတယ်။ မိတ်ဆွေတချို့က အလှကုန်ဆိုင်တွေမှာ ရောင်းချတဲ့ နိုင်ငံခြားကနေလာတဲ့ တင်းတိပ်လိမ်းဆေး ဝယ်လိမ်းလို့ ပြောပါတယ်။ တခြား မိတ်ဆွေ အမျိုးသမီးကြီးတစ်ဦးကတော့ တန်ဖိုးငွေ တစ်သိန်းကျော်တန် နိုင်ငံခြားဖြစ် တင်းတိပ်လိမ်းဆေး ဝယ်လိမ်းတာ ပျောက်သွားသလိုဖြစ်ပြီးနောက် သုံး၊ လေးလကြာတော့ ပြန်ထွက်လာတာ နဂိုထက် ပိုမည်းလာပါတယ်။ နောက်တစ်ခါထပ်လိမ်းတော့ ဆေးက မတိုးတော့ဘူး ပြောပါတယ်။ မြန်မာဆေးမှာ တင်းတိပ်ဆေးရှိပါသလားရှင့်။ ဖြေကြားပေးစေလိုပါတယ်။**

တင်းတိပ်ကို အပေါ်ယံ အရေပြားဆေးလိမ်းရုံနဲ့ မပျောက်နိုင်ပါ။ အနည်းငယ်မှိန်သွားတာတော့ ဖြစ်နိုင်ပါတယ်။ အနောက်တိုင်းဆေးပညာမှာ အရေပြားက နှစ်လွှာနဲ့အောက်မှာ အဆီလွှာရှိတယ် (ပေါင်းသုံးလွှာ) မှ တင်းတိပ်က အပေါ်ယံလွှာမှာပဲဖြစ်တယ် ယူဆပေမယ့် ရိုးရာဆေးပညာအခြေခံဖြစ်ဖြစ်တဲ့ အာယုဗေဒဆေးပညာမှာတော့ အရေပြားခုနစ်လွှာ ရှိပါတယ်။ တင်းတိပ်က အောက်ဆုံးအလွှာမှာဖြစ်တဲ့ သွေးကြွင်းသွေးကျန်ရဲ့ အရိပ်က အပေါ်ဆုံး 'တစ' ဆိုတဲ့ အရေပြားလွှာမှာ ထင်ဟပ်တာဖြစ်ပါတယ်။ ဒါကြောင့် အပေါ်လွှာမှာ ဘယ်လောက်ပဲ ဆေးလိမ်းလိမ်း အောက်ခြေက တင်းတိပ်ဖြစ်စေတဲ့ သွေးညစ်က မပျောက်ပါဘူး။ ခေတ္တခဏ မှေးမှိန်သွားအောင်တော့ အပေါ်ယံလိမ်းဆေးက တတ်နိုင်ပါတယ်။

မြန်မာဆေး သုံးစွဲချင်ရင်တော့ ရှားစောင်းလက်ပပ်အနှစ်ကို ရိုးရိုးသကြား ဒါမှမဟုတ် ပျားရည်နဲ့ ခေါက်ပြီး နေ့စဉ်စားရင်လည်း ရပါတယ်။



**တင်းတိပ်ပျောက်စေ (သက်သာစေနိုင်)တဲ့နည်းလမ်းတွေကတော့ –**

(၁) ငှက်ပျောသီးဖီးကြမ်းအခွံမှာကပ်နေတဲ့ အမြှေးတွေကို တင်းတိပ်မှာလိမ်းပေးပါ။ ငှက်ပျောခွံကို ညှပ်ပြီး အသားဖတ်နဲ့ တင်းတိပ်ကို ကပ်ပေးရင်လည်း သက်သာစေနိုင်ပါတယ်။

(၂) ရှားစောင်းလက်ပပ်အနှစ်ကို မျက်နှာမှာကပ်ပေးရင်လည်း ရက်ရှည်ကပ်ရင် တင်းတိပ်အမည်းစက်တွေ သက်သာစေနိုင်ပါတယ်။ ရှားစောင်းလက်ပပ်အနှစ်ကပ်ပြီး လက်တွေ့ သက်သာပျောက်ကင်းသူတွေလည်း ရှိပါတယ်။

(၃) စန္ဒကူးနီ (ပရဆေးဆိုင်တွေမှာ ရရှိနိုင်ပါတယ်။) ဆားအနည်းငယ်နဲ့သွေးပြီး ညအိပ်ရာဝင်တိုင်း လိမ်းပေးရင်လည်း တင်းတိပ်နဲ့ မျက်နှာအမည်းစက်တွေ ပျောက်ကင်းစေနိုင်ပါတယ်။ စန္ဒကူးနီလိမ်းရင် အမာရွတ်ပင်မှိန်ပြီး ပျောက်ကင်းနိုင်ပါတယ်။

(၄) တင်းတိပ်ရှိရင် မိတ်ကပ်တွေ မလိမ်းပါနဲ့၊ မတည့်ရင် ပိုပြီးဆိုးတတ်ပါတယ်။ သဘာဝ သနပ်ခါးကိုပဲ လိမ်းပါ။

(၅) ဝမ်းချုပ်ရင် တင်းတိပ်ပိုမည်းပါတယ်။ ဝမ်းမှန်စေဖို့ ဂရုစိုက်ပါ။ ညအိပ်ရာဝင်တိုင်း ဆားခါးနဲ့ ရှောက်ရည် (ဒါမှမဟုတ်) မန်ကျည်းမှည့်ဖျော်ရည် ပုံမှန်သောက်ပေးပါက ဝမ်းမှန်ပြီး တင်းတိပ်သက်သာစေနိုင်ပါတယ်။

**ဆရာရှင့် ကျွန်မရဲ့သား အသက် ၁၂ အရွယ် တုပ်ကွေးဖျားပျောက်ပြီးနောက် ချောင်းဆိုးကျန်ခဲ့ပါတယ်။ ညအိပ်ရာဝင်ချိန်မှာ ပိုပြီးဆိုးပါတယ်။ နံဘေးကလူတွေပါ အိပ်မရအောင် ဆိုးပါတယ်။ ဆေးနည်းတွေ ပြောပြပေးပါ။**

အဖျားပျောက်ပြီး အပူငုပ်ကျန်ခဲ့လို့ပါ။ မနက်စောစောရေချိုးပါ။ ရေမချိုးခင် အုန်းစိမ်းရည် တစ်လုံး တိုက်ပေးရင် ပိုပြီးကောင်းပါတယ်။ ဆားကိုလှော်ပြီး သံပရာရည်နဲ့ဖျော် ညအိပ်ရာဝင်ခါနီး လျက်ခိုင်းပေးပါ။ လည်ပင်းနဲ့ရင်ဘတ်မှာ ပရုပ်ဆီ သို့မဟုတ် မုန်ညင်းဆီကို မီးနဲ့နွေးပြီး လိမ်းပေးပါ။

**ဆရာခင်ဗျာ ကျွန်တော်က ဖုန်းကို အသုံးပြုပြီး အင်တာနက်နဲ့ ဖေ့စ်ဘွတ်ကို အသုံးများတယ်။ အခုနောက်ပိုင်း ၁ နာရီကြာအသုံးပြုပြီးရင် မျက်စိတွေဝါးလာတယ်။ အနားယူပြီး ပြန်သုံးရင်တော့ရတယ်။ မျက်စိမှုန်ရောဂါမဖြစ်စေဖို့ ဘယ်လိုကာကွယ်သင့်ပါသလဲ။ ဆေးစားဖို့ လိုပါသလားခင်ဗျာ။**

ဖုန်းရဲ့မျက်နှာပြင်က အလင်းပြန်လို့ မျက်စိကို ထိခိုက်တတ်ပါတယ်။ အလင်းရောင်ကို လျှော့ချပြီး အသုံးပြုပါ။ မျက်စိအားနည်းလာရင် နာရီဝက်ထက်ပိုပြီး အသုံးမပြုသင့်ပါ။ ညအိပ်ရာဝင်ခါနီးမှာ ဒူးအထက်ကနေအောက် ရေလောင်းခြေဆေးပါ။ ကွမ်းရွက်ကို ပြားစေ့အရွယ်လောက် အဝိုင်းသေးသေးဖဲ့ယူပြီး မျက်စိအတွင်းထောင့် မျက်ရည်အိတ်အစေ့လေးရှိတဲ့နေရာမှာ ကပ်ပေးပါ။ ရေကြည်ရေသန့်မှာ ဆားပွင့်အနည်းငယ်ထည့် မျက်စဉ်းပြုလုပ်ပြီး ခတ်ပေးပါ။ တိုင်းရင်းဆေးခန်းသုံးဆေး အမှတ် (၁၁၂) စက္ခုပါလဆေးကို ညအိပ်ရာဝင် တစ်မတ်သား (ဆေးပြားလေးပြားလောက်) ပုံမှန်စားပေးရင် မျက်စိရောဂါတွေကနေ ကာကွယ်ပါတယ်။ မျက်စိအဆုံး၊ နားအရှုံးလို့ဆိုတာကြောင့် မဖြစ်ခင်က ကြိုတင်ကာကွယ်တာဟာ အကောင်းဆုံးဖြစ်တယ်။

**ကျွန်မအသက် ၄၅ နှစ်ပါ။ သွေးဆုံးချိန်နီးလို့လား မသိဘူး။ မနက်အိပ်ရာထချိန်တိုင်း ဖနောင့် နာပါတယ်။ နည်းနည်းနေမြင့်ရင် ပြန်ပျောက်သွားပါတယ်ရှင်။ ဘယ်လိုဆေးဝါး သုံးစွဲသင့်သလဲ ဆိုတာကို ညွှန်ကြားပေးပါ။**

အသက် ၄၅ နှစ်ကနေ ၄၈ နှစ်အတွင်းမှာ သွေးဆုံးရင် သွေးဆုံးကောင်းတယ်လို့ ဆိုပါတယ်။ အသက် ၅၀ ကျော်မှ သွေးဆုံးရင် သွေးဆုံးနောက်ကျတယ်လို့ ဆိုပါတယ်။ သွေးဆုံးချိန် နီးလာရင် အရိုးတွေပွလာပြီး အဆစ်အမျက်တွေ ကိုက်ခဲတာ၊ ဖနောင့်နာတာ၊ ဒူးနာတာ၊ ဇက်နဲ့ ခါးရိုးဆစ်တွေ ကျီးပေါင်းတက်တာတွေ ဖြစ်လာတတ်ပါတယ်။ ရှားစောင်းလက်ပပ်အနှစ်ကို ဟင်းချိုချက်သောက်တာ၊ ထန်းလျက်နဲ့ရောကျိုစားတာတွေက သွေးဆုံးရောဂါကို ကာကွယ်နိုင်ပါတယ်။ ဗာဒံရွက်ကို မီးကင်ပြီး ဖနောင့်မှာ ပတ်တီးနဲ့ စည်းအိပ်ပါက မနက်အိပ်ရာထ ဖနောင့်နာတာကို သက်သာစေနိုင်တယ်။ ညအိပ်ရာဝင်ချိန် ဆားနင်းပြီး ဒူးအထက်ကနေအောက် ရေလောင်း ခြေဆေးတာနဲ့လည်း ဖနောင့်ရိုးကျီးပေါင်းတက်တာကို ကာကွယ်နိုင်ပါတယ်။

## ကြော်ငြာ

### “ဒဂုံတက္ကသိုလ်ဥပဒေကျောင်းသား၊ ကျောင်းသူဟောင်းများ (၁၉၉၂ ခုနှစ်မှ ၁၉၉၉ခုနှစ်အထိ)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲဖိတ်ကြားခြင်း”

ဒဂုံတက္ကသိုလ်ဥပဒေကျောင်းသား၊ သူဟောင်းများ (၁၉၉၂-၉၉)၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲ ကျင်းပနိုင်ရေးအတွက် ကျောင်းသား၊ ကျောင်းသူဟောင်းများဖြင့် ဖွဲ့စည်းလိုက်ပြီဖြစ်ပါသောကြောင့် (၁၉၉၂ခုနှစ်မှ ၁၉၉၉ခုနှစ်)အထိ ဥပဒေကျောင်းသား/သူဟောင်းများအနေဖြင့် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအတွက် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များထံတွင် အလှူငွေနှင့် အလှူပစ္စည်းများ လှူဒါန်းနိုင်ကြောင်းနှင့် ကိုယ်တိုင်ငွေလှူဒါန်းရန် အခက်အခဲရှိပါက မြဝတီဘဏ်၊ စာရင်းရှင် စာရင်းအမှတ်-S122W 0241000068 W နှင့် ကမ္ဘောဇဘဏ်စာရင်းရှင်စာရင်းအမှတ်-၀၆၁-၃၀၂-၀၆၁၀၀၉၀၁၆၀၁များသို့ ငွေများလှူဒါန်းနိုင်ကြောင်း သတင်းကောင်းပါးလိုက်ပါသည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၁။ ဦးအောင်သော်စိုး | (၉၂) | နာယက | ၀၉-၄၂၀၀၂၃၂၉၆ | ၁၂။ဒေါ်ခင်စန်းရီ | (၉၅) | တွဲဖက်စာရင်းစစ် (၁) | ၀၉-၂၅၄၂၆၅၅၂ |
| ၂။ ဦးသိန်းထူး | (၉၂) | ဥက္ကဋ္ဌ | ၀၉-၇၃၀၁၄၄၁၄ | ၁၃။ ဦးအောင်ကြိုင် | (၉၅) | တွဲဖက်စာရင်းစစ် (၂) | ၀၉-၅၄၁၆၈၈၃ |
| ၃။ ဦးတင်စိုး | (၉၄) | ဒု-ဥက္ကဋ္ဌ | ၀၉-၇၃၁၃၀၉၁၆ | ၁၄။ဦးကျော်သူမြင့် | (၉၂) | ပြန်ကြားရေးတာဝန်ခံ(၁) | ၀၉-၄၂၀၀၁၀၅၆၉ |
| ၄။ ဦးရဲဝင်းလှိုင် | (၉၃) | ဒု-ဥက္ကဋ္ဌ | ၀၉-၄၉၇၂၂၆၀၉ | ၁၅။ ဦးစိုးစိုးကျော် | (၉၄) | ပြန်ကြားရေးတာဝန်ခံ(၂) | ၀၉-၇၃၀၆၇၀၂၃ |
| ၅။ ဒေါ်မြင့်မြင့်မော် | (၉၃) | အတွင်းရေးမှူး | ၀၉-၇၃၁၃၄၉၂၁ | ၁၆။ဒေါ်ဖွန်မာမြင့် | (၉၅) | ပြန်ကြားရေးတာဝန်ခံ(၃) | ၀၉-၄၄၈၀၁၈၇၅၄ |
| ၆။ ဦးတင်ထွန်း | (၉၂) | တွဲဖက်အတွင်းရေးမှူး(၁) | ၀၉-၄၉၂၅၅၆၀၇ | ၁၇။ဒေါ်စောဥမ္မာ | (၉၃) | ပြန်ကြားရေးတာဝန်ခံ(၄) | ၀၉-၄၂၅၃၀၁၆၉၈ |
| ၇။ ဦးကျော်ကျော် | (၉၄) | တွဲဖက်အတွင်းရေးမှူး(၃) | ၀၉-၂၅၉၃၉၅၅၆၂ | ၁၈။ဒေါ်မြမြသန်း | (၉၅) | ပြန်ကြားရေးတာဝန်ခံ(၅) | ၀၉-၇၃၀၃၄၈၃၄ |
| ၈။ ဦးသန်းထိုက်စိုး | (၉၃) | တွဲဖက်အတွင်းရေးမှူး(၄) | ၀၉-၄၂၀၀၅၆၈၆၅ | ၁၉။ဦးစိုးသက်နိုင် | (၉၄) | ပြန်ကြားရေးတာဝန်ခံ(၆) | ၀၉-၅၀၆၈၉၂၆ |
| ၉။ ဦးဝင်းထွဋ် | (၉၄) | ဘဏ္ဍာရေးမှူး | ၀၉-၅၀၉၀၇၄၁ | ၂၀။ဦးနိုင်လင်းထွန်း | (၉၈) | ပြန်ကြားရေးတာဝန်ခံ(၇) | ၀၉-၇၃၀၇၂၉၂၇ |
| ၁၀။ဦးနေလင်းဟန် | (၉၃) | တွဲဖက်အတွင်းရေးမှူး(၂) | ၀၉-၄၂၀၀၇၇၆၃၄ | ၂၁။ဦးဝင်းထွန်းဟန် | (၉၃) | ပြန်ကြားရေးတာဝန်ခံ(၈) | ၀၉-၄၂၁၁၂၀၄၂၆ |
| ၁၁။ဒေါ်ရင်ရင်သွယ် | (၉၂) | စာရင်းစစ် | ၀၉-၂၅၄၂၅၆၅၅၂ | | | | |

**အာစရိယပူဇော်ပွဲ ကျင်းပမည့်အစီအစဉ်**

နေ့ရက်။ ။၁-၅-၂၀၁၇(တနင်္လာနေ့) (မေဒေးနေ့)

အချိန်။ ။နံနက် ၈ နာရီမှ ၁၁နာရီအထိ

နေရာ။ ။Royal Garden Restaurant ကန်တော်ကြီး ဗိုလ်ချုပ်ပန်းခြံဝင်း။

အာစရိယမြတ်ဆရာများအား အထက်ပါအစီအစဉ်အတိုင်း ပူဇော်ကန်တော့မည်ဖြစ်ပါသောကြောင့် သူငယ်ချင်းဟောင်းများ မပျက်မကွက်တက်ရောက်ကြပါရန် အနူးအညွတ်ဖိတ်ကြားအပ်ပါသည်။ (သီးခြားဖိတ်စာမပေးပို့ပါ။)

**ဒဂုံတက္ကသိုလ်ဥပဒေကျောင်းသား/သူဟောင်းများ**
**အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးကော်မတီ**
**(၁၉၉၂-ခုနှစ် မှ ၁၉၉၉-ခုနှစ်အထိ)**

---

**ရွှေအိုးကြီး**
မြဝတီ၊ မဲဆောက်၊ ဗဆေါ၊ ဘားအံဘုရားစုံနှင့်ချစ်သူ့မြို့
Hotel S/P (Visa) ဆိုင်ထမင်းကျွေး (75000) Dec.2,9,16,23
09421073634, 777636630

---

**ကိုညာဏ် KO NYAN**
Car Rental & Travel Service
09-5078440,01-551649,01-209183

---

**FORWARD (YGN)**
Travel & Tour Co., Ltd.
Partner - (Chaung Tha Beach)
**ချောင်းသာ နေ့စဉ်**
Ph : 09 259259180
09 259259181
09 259259182

---

### (၁၈) ကြိမ်မြောက် အ-ထ-က(၄) ဗိုလ်တထောင်၊ အ-လ-က(၁) ဗိုလ်တထောင်၊ ဘုရန့်ချက်ကွန်ဗင့်ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ ဖိတ်ကြားခြင်း

အသက် (၆၀) ပြည့် အငြိမ်းစားဆရာမကြီးများအား မျိုးဆက်သုံးဆက်မှ ပေါင်းစည်း၍ ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲကို ကျင်းပမည်ဖြစ်ပါ၍ ကန်တော့ခံဆရာမကြီးများမှ ပူဇော်ခံကြွရောက်ကြပါရန်နှင့် မျိုးဆက်သုံးဆက်မှ ကျောင်းသူဟောင်းများမှလည်း မပျက်မကွက်တက်ရောက်ပူဇော်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

နေ့ရက် - ၈-၁-၂၀၁၇ ( တနင်္ဂနွေနေ့)
အချိန် - နံနက် ၉း၀၀ နာရီမှ ၁၂း၀၀ နာရီထိ
နေရာ - သီရိမင်္ဂလာခန်းမ (အ. ထ. က-၄၊ ဗိုလ်တထောင်)

ပါဝင်လှူဒါန်းလိုသူများသည် မြန်မာ့စီးပွားရေးဘဏ် (၄)၊ ငွေစာရင်းအမှတ် (SL 054729) သို့လည်းကောင်း၊ ဒေါ်ခင်မေသောင်း (၀၉ ၇၉၉၅၇၂၉၈၉၁)၊ ဒေါ်နိုင်နိုင်ညွန့် (၀၉ ၂၅၀၀၇၄၃၁၀)၊ ဒေါ်အေးလှ (၀၉ ၄၅၃၀၄၃၁၅၆)၊ ဒေါ်ထူးတူးမာ (၀၉) ၄၂၀၁၄၈၉၉၄)၊ ဒေါက်တာယဉ်ပိုပိုမြင့် (၀၉ ၅၁၇၆၀၀၉)၊ ဒေါ်ခင် မျိုးဟန် (၀၉ ၄၂၁၁၀၂၅၅၇)၊ ဒေါ်နီနီစိုး (၀၉ ၄၂၁၁၂၀၈၁၀)၊ ဒေါ်မြနန္ဒီအောင် (၀၉ ၇၃၁၀၈၂၁၂)၊ ဒေါ်နွယ်နွယ်ဦး (၀၉ ၅၀၄၀၂၃၀)၊ ဒေါ်ခင်ပပလွင် (၀၉ ၅၁၈၄၈၃၂)၊ ဒေါ်ခင်ခင်အောင် (၀၉ ၄၂၀၀၁၆၃၀၈)၊ ဒေါ်မေဘယ်ညွန့် [ကျန်းမာရေးစောင့်ရှောက်မှုဥက္ကဋ္ဌ] (၀၉ ၇၉၅၈၈၈၃၉၅) များသို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။ *[ဆရာကန်တော့ပွဲဖြစ်မြောက်ရေးကော်မတီ]*

---

**MIHARA**
မြဝတီ-မဲဆောက်
ခရီးစဉ် (အပတ်စဉ်)
Car Rental Services
09-785002540, 09 5025400

---

**ကြည်စိုး I.C**
အိမ်ခြံမြေတအုပ်များ
တစ်အုပ်ဝယ်ဖတ်OK သည်
မှတ်စုတိုပေါင်းချုပ်အကြံပြုသည်
၂၀၃၊ ၃၅-လမ်း 09 510 4041, 09 796111456

---

**ချောင်းသာကမ်းခြေ** ရောက်ပြီဆို ချောင်းသာယာကို စီးဖို့လို . . .

## ချောင်းသာယာ အပျော်စီးသင်္ဘော

**အထူးအစီအစဉ် – (ကြို/ပို့) ပါပြီး၊ တစ်ဦးလျှင် (5,000) ကျပ်**

* စနေ (2:00PM)နာရီ ကြို(3:30PM)နာရီကမ်းခြေပြန်ရောက်၊ တနင်္ဂနွေ (9:30AM)နာရီ ကြို(11:00AM)နာရီကမ်းခြေပြန်ရောက်

*** လက်မှတ်များကို ဥတ္တိတံတား (ဂုံး) နှင့် ချောင်းသာလမ်းမတစ်လျှောက်ရှိ အရောင်းဆိုင်များတွင်ဝယ်ယူရရှိနိုင်ပါသည်။**

* စုံတွဲများ၊ မိသားစုများနှင့် Group များအတွက် “Promotion Rate” ဖြင့် “မော်တော်အရွယ်စားစုံ” ငှားရမ်းနိုင်ပါသည်။

*Tours Company များလည်းဆက်သွယ်နိုင်ပါသည်။ ရန်ကုန်ဖုန်း - 09 49709415

ချောင်းသာယာဆိပ်ကမ်း (ဥတ္တိတံတားထိပ်) ချောင်းသာကမ်းခြေ။
ဆက်သွယ်ရန် - 09 452 955 661 မှ (5) အထိ။

---

**ခေတ်မြန်မာဆေးသုတ်အဖွဲ့**

| | |
|---|---|
| Unitex | 1'x1' = 230 |
| Orient | 1'x1' = 280 |
| Premier | 1'x1' = 330 |
| Nippon, Dulux, Jotun | 1'x1' = 430 |

ဖတ်တီး(၂)ထပ်၊ Sealer (၂)ထပ် ဆေး(၃)ထပ်
Ph: 09 796211925, 09 786590818

---

**ခေတ်မီမြေအုတ်ရိုက်စက် ရပြီ**
09 4200 35882
09 4200 35884

---

**သင့်မိသားစုထမင်းဝိုင်းအတွက်**
**ကမ္ဘော**
2005
TRUE
**ဆန်နှင့် သံလွင်ဆီရောင်းဝယ်ရေး**
Ph: 01-680828, 0973080656, 0973040665.

---

Yaung Chi Thit Lin Moving Service Co.,Ltd
**YCT ရောင်ခြည်သစ်**
အိမ်ပြောင်း၊အိမ်ရွှေ့ဝန်ဆောင်မှု ကုမ္ပဏီ
(မြို့တွင်း / နယ်ဝေး)
No.194, Myayamon Water Fromt Villa, Lay Doung Kan Road,26 Qtr, South Dagon.
yaungchithitmovingservice@gmail.com
09 450454771, 09 450454772, 09 450454773



# ကြော်ငြာ


**သန်းဌွေးနှင့်ရောင်းရင်းများ မှ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**

* တောင်ကြီး၊ ပင်းတယ၊ ကုံလုံ၊ ထမ့်စမ်းလိုဏ်ဂူ၊ မွေတော်ကက္ကူ(၄)ရက် လွိုင်ကော်ပါ(၅)ရက်။ * မန္တလေး၊ စစ်ကိုင်း၊ မုံရွာ၊ ပြင်ဦးလွင်(၄)ရက်။
* ပုဂံ၊ ပုပ္ပါး၊ စွယ်တော်လေးဆူ၊ အလိုတော်ပြည့်ဆုတောင်းပွဲ(၄)ရက်။ ...Dec12
* ထားဝယ်ရှင်ကိုးရှင်၊ မောင်းမကန်ကမ်းခြေ၊ ကျိုက္ကမီ၊ စက်စဲ (၅)ရက်။
* မန္တလေး၊ ပြင်ဦးလွင်၊ ဒီးဒုတ်ချောင်၊ ဝေရောစနကျောက်စိမ်းစေတီ(၃)ရက်။
* မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ၊ (ကျိုက်ထီးရိုး) (၂/၃)ရက်။ Dec2,9,16,23,28,30
* ငပလီ * နေပြည်တော် * ပြည်၊ အကောက်တောင် ...(နေ့ချင်းပြန်) ...(စနေ/တနင်္ဂနွေ)

ထားဝယ် မြိတ် ကော့သောင်း (ရနောင်း) (၇)ရက် အထူးခရီးစဉ် Dec23 ထွက်မည်

အမှတ်(၄၂၄)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-73251422

**မိုးမြင့်ကြယ်**

ကျိုက်ထီးရိုး (နေ့စဉ်/ငြိမ်) 33000
ချောင်းသာ (Guest - ငြိမ်) 33000
(နေ့စဉ်) (Hotel - ငြိမ်) 45000
ငွေဆောင် (Hotel - ငြိမ်) 55000
(နေ့စဉ်) (Hotel+ကား) 45000
ပုဂံ/ပုပ္ပါး (Hotel - ငြိမ်) 110000
ကားမျိုးစုံ ငှားရမ်းသွားဆောင်ရွက်ပေးသည်။
01-549380, 09-5093704
09-450012971

**GOLDEN STAR**
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480

**COHABO**
ချောင်းသာ/ငွေဆောင်
ဝရိတ်ငြိမ်း-100000
No-၁၁/၁၃၊ ဒုတိယ(၁၂)လမ်း၊ ...
Ph-09 731 61773
09 516 1773

**ဆရာဒွေး** နှင့် သမီး-ဆရာမ ဒွေးစန္ဒာလွင်
B.A (Hons), M.A (English)
**အင်္ဂလိပ်စာ သဒ္ဒါ နှင့် အရေးသီးသန့်**
တစ်နိုင်ငံလုံးမှာ မူလတီထွင်သင်ကြားသော သုံးဆင့်သင်နည်းသစ် စာအုပ် (ပ/၁တွဲ) အမြို့မြို့ ဆိုင်တိုင်းတွင်ရပြီ။ တစ်ပတ်(၂)ရက် (၅)လတက်ရုံနှင့် လုံးဝရေးတတ်မည်။ ဘွဲ့ကြို ဘွဲ့ရ ၁၀-တန်းဖြေ/အောင်၊ အလုပ်ဝင်နေသူ အရွယ်မရွေးတက်ပါ။ အခြေခံညံ့သည်ဟု ယူဆလျှင် မဖြစ်မနေတက်ပါ။
ဒီဇင်ဘာ (၃/၇/၈)ရက်နေ့ (ပ/၃)တန်းခွဲသစ်ဖွင့်မည်။ လစဉ်တန်းခွဲသစ် ဖွင့်သည်။
၄ တန်း မှ ၈ တန်း နှစ်ပေါက်တန်းခွဲများ Guide များအိမ်လိုက်သင်သည်။
၂၂၄၊ ပန်းဆိုးတန်း(ထက်)ဂုံးတံတားအဆင်း မီးပွိုင့်အနီး၊ ရန်ကုန်မြို့။
Ph: 01-375970, 0951 72096, 09254541441

ပုဒ္ဓိ ဓမ္မ သံဃ
**ROYAL STAR** (လုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်အရောင်းပြခန်း)မှ
ခေတ်မီလုံခြုံရေးဘလိတ်ဓါးဆူးကြိုးလိပ်များကို
(အရောက်ပို့ စရိတ်ငြိမ်း) ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့်
အိမ်တိုင်ရာရောက် ဝါရင့်ဝန်ထမ်းများနှင့်
တိုက်ရိုက် တာဝန်ယူ တပ်ဆင်ပေးနေပါသည်။
မှတ်ချက် - သံဈေးတက်ဆူးကြိုးလိပ်များ (လုံး၀)ရောင်းပါ။
Ph: 09-50 54 189, 09-50 63 596
ရုံးခွဲ(၁)၊ အ.ထ.က (၃)ကျောင်းရှေ့၊ ကန်သာယာမှတ်တိုင်အနီး၊ သုဓမ္မာလမ်းမ၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။




**FORWARD (YGN)**
Travel & Tour Co.,Ltd
ချောင်းသာ နေ့စဉ်
09 259259180
09 259259181
09 259259182

**ရွှေကမ္ဘာ**
အိမ်ပြောင်း/
အိမ်ရွှေ့လုပ်ငန်း
14' ကားများဖြင့် လုပ်သားအပါတာဝန်ယူ ဆောင်ရွက်ပေးသည်။ (မြို့တွင်း/နယ်ဝေး)
Ph : 09-5097001
09-49259491
09-421177464

**NAY LIN AUNG**
FINANCE & ACCOUNTANCY ACADEMY
APPROVED LEARNING PARTNER ACCA Gold
**ACCA (UK)**
**PART I,II,III, DIP IFR**
JANUARY 2017 INTAKE
REGISTRATION FEES SCHOLARSHIP များလည်း လျှော့ပေးထားနိုင်ပါသည်။
အမှတ်(၁၈၀၃အေ~ ၆ဘီ)၊ သခြေပြည့်(၂)တိုက်၊ ဦးထွန်းလင်းဖြိုလမ်း၊ (Giordano) ဆိုင်အနီး၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ...
ENROL NOW
Nay Lin Aung Finance & Accountancy Academy




➤ အမှတ် (E-11A) လေးထောင့်ကန်လမ်းမကြီး၊ ဘီအိုစီ မှတ်တိုင်၊ သင်္ဃန်းကျွန်း၊ ရန်ကုန်မြို့။ ဖုန်း-09-79 700 70 73, 09-79 700 70 83
➤ အမှတ်(၄/၄၆)၊ (၂)ရပ်ကွက်၊ အပိုင်(၄)၊ တပင်ရွှေထီးလမ်း၊ မဟာမြိုင် မှတ်တိုင်အနီး၊ ပဲခူးမြို့။ ဖုန်း- 09 79 700 70 75, 09 79 700 70 85

**မင်္ဂလာပါ**
အိမ်ပြောင်း၊ အိမ်ရွှေ့လုပ်ငန်း
မြို့တွင်း/နယ်ဝေးများအတွက်
ဈေးနှုန်းချိုသာစွာဖြင့်
Box ကားမျိုးစုံဖြင့်
အလုပ်သမားစီစဉ်ပေးသည်။
09-450042704
09-250095116
09-420096296

**DUAL TECH** Institute of Vocational Education
အထူး လက်တွေ့ကျွမ်းကျင်မှု သက်မွေးသင်တန်းများ
ရေခဲသေတ္တာ၊ လေအေးပေးစက် ပြုပြင်တပ်ဆင်ခြင်းနှင့် လျှပ်စစ်ဝါယာရိန်း(Home, Industrial)သင်တန်း
✓Refri; & Air-Con- Mon, Tue, Wed (8:00-12:00)am
✓Electrical Wiring- Mon, Tue, Wed (1:00-5:00)pm
စာတွေ့ ၃၀%၊ လက်တွေ့ ၇၀% 27.12.2016 ဖွင့်မည်။
✓ဝါရင့်ကျွမ်းကျင်ဆရာကြီးများမှ သင်ကြားပေးမည်။
✓သင်တန်းပြီးသွားသော် လုပ်ငန်းခွင် လက်တွေ့ကျွမ်းကျင်မှုရှိစေရန် On Job Training သို့သွားရောက်နိုင်ရန်စီစဉ်ပေးသည်။
(၂၀၆/၂)၊ ရန်ကင်းလမ်းမကြီး၊ ၁၂လုံးတန်းမှတ်တိုင်၊ ရန်ကင်းမြို့။
Ph:01-8550 596, (09) 420 313 719, 730 20 803

**MOMO - My Ooredoo, My Offer**
အရီဒူးသုံးစွဲသူတစ်ယောက်ချင်းစီအတွက် MOMO ရဲ့ ၅၀% ငွေဖြည့် အပိုလက်ဆောင်၊ အခမဲ့ အင်တာနက်၊ ၃ ဆ အပိုလက်ဆောင်၊ Unlimited Facebook အပြင် အခြားစိတ်လှုပ်ရှားစရာ အစီအစဉ်များစွာကို ရယူလိုက်ပါ
ooredoo
*234# ကို အပတ်တိုင်း ခေါ်ဆိုပါ



စည်းမျဉ်းစည်းကမ်း အသေးစိတ်ကို ooredoo.com.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်


YANGON FIRST SOHO BUSINESS CENTER
SPRING LINE
Hlaing River Landmark
THANKS
TO 136 VIP MEMBERS FOR CHOOSING US
*FREEHOLE LAND
*READY TO STAY VERY SOON
VIP Customersများအတွက်
နေ့စဉ်မြန်မာငွေ ၁၀၀၀၀၀ကျပ်ကို
၂၀၁၇ ခုနှစ် ၁လပိုင်း ၈ ရက် နေ့ထိရယူလိုက်ပါ၊
The Earlier You Book ,The More You Get
Room Unit Can Variable
Living And Office Together As Desired
Complete & Convenient For Living And Business
Center Of Commercial Location Become The Maximum Value Added
Permanently Property Rights Of Land
Wealth For Next Generation
Cluster Of Active Business Center
Boutique Hotel Shopping Center Lead To Regional Landmark
Tel: 09 7930 66666
Add: အမှတ် ( ၄၆၁ ) လှိုင်မြစ်လမ်း ၊ ကမ်းနားအလယ်ရပ်ကွက်၊ အင်းစိန်မြို့နယ်။
( ပေါက်တောဝ မီးပွိုင့်မှ အောင်ဇေယျ တံတား မတက်ခင် ညာဘက်ခြမ်း )
Facebook: Springline Rbd
Shwe Oak Khai Construction Co.,Ltd.
Exclusive Sponsor
SPRING LINE
Hlaing River Landmark
MAY YWAT WAR 53&35
Spring Line Music Concert
မေရွက်ဝါ ဂီတအနုပညာခရီး (၃၅)နှစ်ပြည့် အမှတ်တရ ဂီတဖျော်ဖြေပွဲ
မေရွက်ဝါ ၊ စိုးပိုင်၊ စည်သူလွင်၊ ဇော်ပိုင်၊ ဖြိုးပြည့်စုံ၊
အငြိမ့် ၊ စိန်လင်း (Aroma) ၊ ထွန်းကိုကို၊ နေညီလ ၊
သန်းသန်းနွယ်၊ ပိုင်းစုခိုင်သိန်း၊ ရတနာမိုင်၊ ချမ်းချမ်း၊ အိမ့်ချစ်၊
ဝါဆိုမိုးဦး၊ ဆန်းသစ်လ၊ ခင်ပိုးပန်းချီ၊ ငယ်ငယ်ထွေး၊ ဂါးခယ်မရဲမောင်၊
အကယ်ဒမီ နေအောင်၊ အကယ်ဒမီဇင်ပိုင်း နှင့် မေညီအမများ
၁၈-၁၂-၂၀၁၆ (စနေနေ့)၊ ည(၇း၀၀)နာရီ၊ အမျိုးသားကဇာတ်ရုံ



# မြန်မာ-အင်ဒိုနီးရှား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Retno LP. Marsudi သည် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ မြန်မာနိုင်ငံသို့ အလုပ်သဘောခရီး လာရောက်ခဲ့သည်။ ခရီးစဉ်အတွင်း နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်က အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးအား ယမန်နေ့ည ၈ နာရီ ၁၅ မိနစ်တွင် နေပြည်တော်ရှိ ၎င်း၏နေအိမ်၌ လက်ခံတွေ့ဆုံပြီး **(ဝဲပုံ)** ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့သည်။

အဆိုပါ ညစာစားပွဲသို့ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်နှင့် မြန်မာနိုင်ငံဆိုင်ရာ အင်ဒိုနီးရှား သံအမတ်ကြီး Dr. Ito Sumardi တို့လည်း တက်ရောက်ကြသည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီးတို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ်အတွင်း နောက်ဆုံးဖြစ်ပေါ်တိုးတက်မှုအခြေအနေတို့နှင့် ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြပြီး အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ရခိုင်ပြည်နယ်မှ အသိုက်အဝန်းနှစ်ခုတို့အတွက် လူသားချင်းစာနာထောက်ထားမှုအကူအညီနှင့် ကျန်းမာရေးဆိုင်ရာ ကူညီစောင့်ရှောက်မှုအကူအညီများပေးအပ်ရေးကိစ္စ၊ နှစ်နိုင်ငံအကြား ဆက်သွယ်ညှိနှိုင်းမှုများ တိုးမြှင့်ပြုလုပ်ရေးကိစ္စတို့ကို ဆွေးနွေးခဲ့ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။ **(သတင်းစဉ်)**

## အခြေအမြစ်မရှိသည့် သတင်းများအပေါ်အခြေခံလျက် အစိုးရတစ်ရပ်အပေါ် ပြင်းထန်စွာစွပ်စွဲပြောကြားမှုများအတွက် မလေးရှားနိုင်ငံ သံအမတ်ကြီးအား ဆင့်ခေါ်

### ပဋိပက္ခအငြင်းပွားမှုများဖြစ်ပေါ်လာပါက ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို အလေးထား၍ ငြိမ်းချမ်းစွာ ညှိနှိုင်းဖြေရှင်းသည့်မူကို စောင့်ထိန်းရန် အရေးကြီးကြောင်း ပြောကြား

**နေပြည်တော် ဒီဇင်ဘာ ၇**

မလေးရှားနိုင်ငံဝန်ကြီးချုပ် နာဂျစ်ရာဇတ်အနေဖြင့် ဒီဇင်ဘာ ၄ ရက်က ကွာလာလမ်ပူမြို့၌ လူထုဆန္ဒပြပွဲတစ်ရပ်ကို ဦးဆောင်ကျင်းပခဲ့ပြီး အခြေအမြစ်မရှိသည့် သတင်းများအပေါ် အခြေခံလျက် အာဆီယံမိသားစုဝင် နိုင်ငံတစ်နိုင်ငံ၏ အစိုးရတစ်ရပ်အပေါ် ပြင်းထန်စွာစွပ်စွဲပြောကြားမှုများ ပြုလုပ်ခဲ့ခြင်းအတွက် များစွာအံ့ဩစိတ်ပျက်မိကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်တင်က မြန်မာနိုင်ငံဆိုင်ရာ မလေးရှားနိုင်ငံ သံအမတ်ကြီး H.E. Mohd. Haniff Bin Abd Rahman အား ယမန်နေ့မွန်းလွဲပိုင်းတွင် ဆင့်ခေါ်၍ပြောကြားခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**စာမျက်နှာ ၈ ကော်လံ ၅ သို့ ✱**

# အာဆီယံဆုဇူကီးဖလား ဆီမီးဖိုင်နယ် ဒုတိယအကျော့ ထိုင်းနှင့်မြန်မာ ဗန်ကောက်မြို့၌ ယှဉ်ပြိုင်ကစားမည်

**ရန်ကုန် ဒီဇင်ဘာ ၇**

၂၀၁၆ အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ ဗိုလ်လုပွဲရောက် အသင်းများ ယနေ့အဖြေထွက်ပေါ်မည်ဖြစ်ပြီး ဆီမီးဖိုင်နယ် ဒုတိယအကျော့ပွဲစဉ်အဖြစ် ထိုင်းအသင်းနှင့် မြန်မာအသင်းဆက်လက်ယှဉ်ပြိုင်မည်ဖြစ်သည်။ ယင်းပွဲကို ဒီဇင်ဘာ ၈ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီခွဲတွင် ဗန်ကောက်မြို့ရှိ ရာဇမင်္ဂလာကွင်း၌ ကျင်းပမည်ဖြစ်သည်။

မြန်မာအသင်းသည် အိမ်ကွင်း၌ နှစ်ဂိုး-ဂိုးမရှိ ရှုံးနိမ့်ခဲ့သောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေး နည်းပါးသွားပြီဖြစ်သော်လည်း လက်ကျန်မျှော်လင့်ချက်အတွက် ဆက်လက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။ မြန်မာအသင်းသည် ပထမအကျော့တွင် အမှားတချို့ရှိခဲ့ပြီး လိုအပ်ချက်များကို ပြန်လည်ပြင်ဆင်နိုင်မှသာ အဝေးကွင်း၌ ရလဒ်ကောင်းမည်ဖြစ်သည်။ မြန်မာအသင်းနှင့် ထိုင်းအသင်းသည် ဆုဇူကီးပြိုင်ပွဲတွင် ရှစ်ပွဲမြောက်တွေ့ဆုံခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ၌ လေးကြိမ်မြောက် ကစားရခြင်းဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲအတွက် ပွဲကြိုသတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲပိုင်းက ဗန်ကောက်မြို့ရှိ Emerald Bangkok ဟိုတယ်၌ ကျင်းပသည်။

**စာမျက်နှာ ၉ ကော်လံ ၆ သို့ ◯**



**ဒီဇင်ဘာ ၄ ရက်က မြန်မာနှင့်ထိုင်းအသင်း ပထမအကျော့ တွေ့ဆုံခဲ့စဉ်။** (ဓာတ်ပုံ - စိုးညွန့်)